# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၃ ရက်၊ သောကြာနေ့။ Friday, 19 January 2018 ၉၁၇၄


**ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

# တိုင်းရင်းသားအရေး၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးရေးတို့ကို ဦးစားပေးဆောင်ရွက်မှသာ အမျိုးသားပြန်လည်သင့်မြတ်ပြီး ပြည်ထောင်စုညီညွတ်ရေးကို တည်ဆောက်နိုင်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က
တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့ ပေးပို့သည့် သဝဏ်လွှာ
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်

**ချစ်ခင်လေးစားအပ်ပါသော ဧည့်သည်တော်များရှင့်။**

ဒီကနေ့အခမ်းအနားကို တက်ရောက်လာကြသည့် နိုင်ငံတော်အစိုးရ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့များမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ရေးရာကော်မတီဝင်များ၊ စာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ဧည့်သည်တော်များ ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် မိမိတို့၏ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ရှေးပဝေသဏီကတည်းကပင် ဤနိုင်ငံအတွင်း နေထိုင်ခဲ့ကြပါသည်။

ကိုလိုနီအုပ်ချုပ်မှုအောက်ကျရောက်ပြီး လွတ်လပ်ရေး ပြန်လည်ရရှိရေးအတွက် တိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုမှာ များစွာ အရေးပါ ထိရောက်ခဲ့ပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်မူ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား သံသယနှင့် ပဋိပက္ခများ နှစ်ရှည်ကြာစွာ ဖြစ်ပေါ်ခဲ့မှုကြောင့် မိမိတို့နိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် အဘက်ဘက်မှာ အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

# အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် ပြည်တွင်းငြိမ်းချမ်းရေးနှင့်အတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လူမှုစီးပွားဘဝများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်

နေပြည်တော် ဇန်နဝါရီ ၁၈

**တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။** (အောက်ပုံ)




အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးအောင်လှထွန်း၊ ဒေါက်တာထွန်းနိုင်၊ ဦးအောင်ထူးနှင့် ဦးဝင်းမော်ထွန်း၊ ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများမှ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ် ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☐

KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by FinanceAsia 2017

ကြေးမုံ

# အကြမ်းဖက်သမား ကြိုတင်ဟန့်တား သတိထား

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းရှိ နယ်စပ်လုံခြုံရေးစခန်းများအား ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့နှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တို့တွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များသည် ARSA အကြမ်းဖက်တိုက်ခိုက်ရေးအဖွဲ့၏ လက်ချက်များဖြစ်သည်ကို အားလုံးသိရှိကြပြီးဖြစ်သည်။

၎င်းအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း စိမ့်ဝင်ထိုးဖောက်ဝင်ရောက်ပြီးနောက် ဒေသနေမူဆလင်ဘာသာဝင်များအား စည်းရုံးသိမ်းသွင်းကာ အကြမ်းဖက်တိုက်ခိုက်ရေး သင်တန်းများပေးခြင်း၊ အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်ခြင်းနှင့် နယ်စပ်လုံခြုံရေးစခန်းများအား တိုက်ခိုက်ခြင်းတို့ကို ပြုလုပ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဒေသနေပြည်သူများ သေဆုံးဒဏ်ရာရရှိခဲ့သည့်အပြင် ဒေသခံတိုင်းရင်းသားပြည်သူများမှာ ၎င်းတို့ နေရင်းအရပ်ကိုစွန့်ခွာ၍ ဘေးလွတ်ရာအရပ်သို့ ရှောင်ပြေးခဲ့ကြသည်။ အလားတူ ဒေသနေမူဆလင်ဘာသာဝင်များမှာလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးသွားခဲ့သည်။

အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများအတွက် များစွာထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်ခဲ့ရသည့်အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များအရေးကို အကြောင်းပြု၍ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ ဖိအားများ ပိုများလာခဲ့သည်။ နေရပ်ကိုစွန့်ခွာထွက်ပြေးကြသော ဒုက္ခသည်အရေးမှာ ဒုက္ခသည်အရေးသက်သက်သာမဟုတ်ဘဲ ရွှေ့ပြောင်းသွားလာသူများနှင့် အကြမ်းဖက်သမားအဖွဲ့ဝင်များ ရောနှောပါဝင်နေသည်ကို မြင်တွေ့ကြားသိရမည် ဖြစ်သည်။

အကြမ်းဖက်သမားများအန္တရာယ်မှာ မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာတွင်ပါ စိုးရိမ်ပူပန်နေရသော ပြဿနာဖြစ်ပါသည်။ ရခိုင်ပြည်နယ် နယ်မြေဒေသတည်ငြိမ်အေးချမ်းအောင် ပြန်လည်ဆောင်ရွက်ပြီးနောက် မကြာသေးမီရက်ပိုင်းက ARSA အကြမ်းဖက်သမားများ စိမ့်ဝင်ထိုးဖောက်ဝင်ရောက်ကာ လုံခြုံရေးတပ်ဖွဲ့များအား တိုက်ခိုက်ခဲ့သည့်သတင်းများ ကြားသိရပေသည်။ အကြမ်းဖက်သမားများသည် ဒုက္ခသည်စခန်းများတွင် ဒုက္ခသည်အသွင်ခိုအောင်းပြီး အကြမ်းဖက်လုပ်ငန်းများလုပ်ကိုင်ရန် ကြိုးပမ်းကြံစည်နေသည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် အကြမ်းဖက်သမားများအား ပြန်လည်လွှဲပြောင်းပေးအပ်ရေးအတွက် တစ်ဖက်နိုင်ငံအား တောင်းဆိုထားသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလ ၁၄ ရက်နေ့က နေပြည်တော်၌ပြုလုပ်သည့် စတုတ္ထအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့များ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဗဟိုအဆင့် အစည်းအဝေးတွင် ARSA အကြမ်းဖက်အဖွဲ့ဝင် ၁၃၀၀ ကျော်၏ အမည်စာရင်းကို ဓာတ်ပုံများနှင့်တကွ မြန်မာဘက်မှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ပေးအပ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။ ARSA အကြမ်းဖက်သမားများအား ၁၉၈၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် နယ်နိမိတ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်နှင့်အညီ ဥပဒေကြောင်းအရ အရေးယူသွားနိုင်ရန်အတွက် ပြန်လည်လွှဲပြောင်းပေးရန် အကြောင်းကြားထားပြီးဖြစ်သည်။

ဇန်နဝါရီလ ၁၅ ရက်နေ့က နေပြည်တော်တွင်ပြုလုပ်သည့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင်လည်း ARSA အကြမ်းဖက်အဖွဲ့၏ လတ်တလော လှုပ်ရှားဆောင်ရွက်မှုများကို အသိပေးပြောကြားခဲ့ပြီး မြန်မာဘက်မှ တရားဝင်ပေးပို့ထားပြီးဖြစ်သော ARSA အကြမ်းဖက်သမားများစာရင်းကို ထပ်မံပေးအပ်၍ နှစ်နိုင်ငံသဘော တူညီချက်နှင့်အညီ လွှဲပြောင်းပေးအပ်ရန် အသိပေးထားသည်။

သို့ဖြစ်ရာ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား ရခိုင်ပြည်နယ်တွင် ပြန်လည်စိစစ် လက်ခံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေချိန်တွင် ARSA အကြမ်းဖက်သမားများက စိမ့်ဝင်ထိုးဖောက်တိုက်ခိုက်ခြင်း၊ မလိုလားအပ်သော နှောင့်ယှက်ဟန့်တားမှုများ၊ ဖျက်ဆီးခြင်းများ ပြုလုပ်လာနိုင်သည်ကို ကြိုတင်ဟန့်တား သတိထား၍ လုံခြုံရေးအသိဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသော စီမံကိန်းများရေးဆွဲရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၈**



နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်နိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ပုဂ္ဂလိကကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စိစစ်မှတ်တမ်းပြုရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ယနေ့အစည်းအဝေးကို ယခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ပြောင်းလဲကျင့်သုံးမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် လက်တွေ့ကျသည့် စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ပြီး အဆိုပါ စီမံကိန်းများရေးဆွဲရာတွင် ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာသည့် GDP စာရင်းများကို ပြောင်းလဲနေသည့် စီးပွားရေးဆိုင်ရာ အချက်အလက်များနှင့်အညီ ပကတိအခြေအနေကို ထင်ဟပ်သည့် အနီးစပ်ဆုံး ကိန်းဂဏန်းများဖြင့် တွက်ချက်တိုင်းတာနိုင်ရန်နှင့် နိုင်ငံ၏ လက်ရှိလူဦးရေနှင့် အခြေခံစားသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှု၊ ပြည်ပသို့ ကုန်ပစ္စည်း တင်ပို့နိုင်မှုတို့ကို အခြေခံ၍ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် လူဦးရေ၊ လိုအပ်မည့် အခြေခံစားသုံးကုန်နှင့် ပြည်ပသို့တင်ပို့နိုင်မည့် ကုန်ပစ္စည်းများကို ခန့်မှန်းကာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လက်တွေ့ကျသည့် စီမံကိန်းများကို ရေးဆွဲလုပ်ကိုင် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဗဟိုစာရင်းအင်း အဖွဲ့အနေဖြင့် နိုင်ငံတကာနှင့်ပူးပေါင်း၍ စာရင်းအင်းအချက်အလက်များ ရရှိအောင် လုပ်ငန်းစည်းမျဉ်းများအတိုင်း ဆောင်ရွက်နေသည်များ ရှိသော်လည်း ပထမဦးစားပေးအနေဖြင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်မည့် စာရင်းအင်းကိန်းဂဏန်းများ ရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး စာရင်းအင်းများ စုစည်းရရှိရေးအတွက် ဆောင်ရွက်မည့် Work Plan များ ထားရှိပြီး ဆောင်ရွက်ရမည်ဖြစ်ကာ ၎င်းစာရင်းအင်းများကို စိစစ်သုံးသပ်၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့ပြင် အစည်းအဝေးတွင် စီမံကိန်း ရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်က တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ပုဂ္ဂလိကလုပ်ငန်း ဦးရေစာရင်း ကောက်ယူစုစည်းနိုင်မှုကိုလည်းကောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ဝါဝါမောင်က တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ယခင်ကောက်ယူခဲ့သည့် စစ်တမ်းများနှင့် နောင်လာမည့် ကာလများတွင် ဆောင်ရွက်မည့် စစ်တမ်းများကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကုမ္ပဏီ မှတ်ပုံတင်စာရင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ် တစ်ခုချင်းစီတွင် မှတ်ပုံတင်ထားရှိသော လုပ်ငန်းအမျိုးအစားအလိုက် အရေအတွက်နှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**သတင်းစဉ်**



ငါန်းဇွန်မြို့နယ် နဘူးကျင်းအုပ်စု သက္ကယ်ကျင်းကျေးရွာ၌ UNICEF ထောက်ပံ့ငွေကျပ်၁၂၃သိန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၅၂ ဒသမ ၅ သိန်းဖြင့် အနက်ပေ ၄၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံ၊ အမြင့်တင်ရေစင်နှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၁၇ ရက်က သွားရောက်စစ်ဆေးစဉ်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

# အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်

**မိုးမောက် ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ် မိုးမောက်မြို့ ကြေးနန်းရပ်ကွက် ယာယီတိမ်းရှောင်စခန်း၌ ဇန်နဝါရီ ၁၅ ရက်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲကျင်းပခဲ့သည်။

အဆိုပါ သင်တန်းကို မိုးမောက်မြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာမှ သင်တန်းသူ ၂၅ ဦးအား စားသောက်ကုန် ၁၁မျိုး၊ လူသုံးကုန် ငါးမျိုး စုစုပေါင်း ၁၆ မျိုး ထုတ်လုပ်နည်းကို သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကို ၁၅ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းနည်းပြများအဖြစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

**လွန်းနန်းထွေး**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်(ရွှေဈေး) ၉၄၄၅၀၀ - ၉၄၄၅၀၀ မန္တလေး(ရွှေဈေး) ၉၄၄၅၀၀ - ၉၄၄၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၀/၈၂၅ ကျပ်၊ | ၈၈၀/၈၈၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၅၅ ကျပ်၊ | ၉၂၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၁၀ ကျပ်၊ | ၈၈၀/၈၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၈၄၀ ကျပ်၊ | ၈၉၅/၉၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၀၄/၈၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၀၉/၈၂၂ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၀/၇၇၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၃၄၆.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၆၄၀.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၀၉.၁၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၄၂.၀၇၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၃၉.၆၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၂၁.၀၆၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၂၀၉.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၂၅.၈၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၁၀၆၉.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၁၀၁၄.၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

○ ရှေ့ဖုံးမှ

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ယနေ့ နိုင်ငံတော်အစိုးရက ဦးဆောင်၍ ကျင်းပလျက်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအစည်းအဝေးများတွင် တိုင်းရင်းသားပြည်သူများအတွက် အရေးကြီးလှသော အခွင့်အာဏာခွဲဝေရေး၊ မြေယာနှင့် သယံဇာတစီမံခန့်ခွဲမှုများ ခွဲဝေဆောင်ရွက်ရေး၊ အခွန်ကောက်ခံမှုများ ခွဲဝေဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေး စသည်တို့ကို ညှိနှိုင်းဆွေးနွေးပြီး အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံမူများ ထွက်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သဘောတူညီချက်အချို့ရရှိပြီး ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းများအဖြစ် လက်မှတ်ရေးထိုးခဲ့နိုင်သကဲ့သို့ ဆက်လက်၍လည်း ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဤသို့ ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နှစ်ပေါင်း(၇၀)ကျော် သက်တမ်းရှည်ကြာခဲ့ပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် အခြေခံအုတ်မြစ်များ ချမှတ်နိုင်ရန် ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် လက်ရှိနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ဖွဲ့စည်းခန့်အပ်တာဝန်ပေးထားပြီးဖြစ်ပါသည်။ တိုင်းရင်းသားအရေး၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမှသာ လက်တွေ့တိုးတက်မှု သာဓကများနှင့် အမျိုးသားပြန်လည်သင့်မြတ်ပြီး ပြည်ထောင်စု ညီညွတ်ရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ယနေ့ကျင်းပပြုလုပ်သော ဖိုရမ်မှ တိုင်းရင်းသားဒေသများအတွက် အတွေးသစ်၊ အမြင်သစ်များ ရရှိစေရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီနိုင်ရေးနှင့် ညီညွတ်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာ ပေးပို့အပ်ပါသည်။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် တက်ရောက်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ရှေ့ဖုံးမှ ❐

စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ NGO၊ INGO အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဝိုင်းဝန်းအဖြေရှာ

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ကျင်းပသည့် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သည် တိုင်းရင်းသားများ၏ အသိအမြင်နှင့် ဗဟုသုတများ ရရှိဖော်ထုတ်နိုင်စေရန် ကျင်းပခြင်းဖြစ်၍ အလွန်တန်ဖိုးရှိသည့် ဖိုရမ်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများသည် အများအားဖြင့် နယ်စပ်ဒေသတစ်လျှောက်နှင့် တောင်ပေါ်ဒေသများတွင် အများဆုံးနေထိုင်ကြပါကြောင်း၊ တိုင်းရင်းသားအများစု နေထိုင်သည့် တောင်တန်းဒေသများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး တစ်နေရာနှင့် တစ်နေရာ လွယ်ကူစွာသွားလာရန် အခက်အခဲများရှိနေသေးသဖြင့် စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရန် အခြေအနေဖန်တီးခွင့် နည်းပါးပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူများအနေဖြင့် ဝိုင်းဝန်းအဖြေရှာရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မည်သည့်အခက်အခဲ၊ မည်သည့်စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်း ဖြေရှင်းကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားဒေသများတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းသာယာရေးကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ အတွေးအမြင်မတူသည်များကို ဘေးဖယ်ထားပြီး တူညီသည်များကို စုစည်း၍ ရှေ့ဆက်ဆောင်ရွက်ရခြင်းများ ရှိသကဲ့သို့ မတူညီသော်လည်း ပေါင်းစပ်ဆောင်ရွက်နိုင်ခြင်းများလည်း ရှိပါကြောင်း၊ မတူကွဲပြားမှုများရှိသော်လည်း စုစည်းတည်ဆောက်၍ရပါကြောင်း၊ အဓိကအရေးကြီးသည်မှာ ငြိမ်းချမ်းရန်ပင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှုရှိပြီး ကောင်းမွန်သည့် အုပ်ချုပ်စီမံမှု၊ လမ်းညွှန်မှုများနှင့် မျှမျှတတဆောင်ရွက်လျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး၏ အသီးအပွင့်များ ရရှိခံစားနေကြရသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသတွင်း ငြိမ်းချမ်းနေပါမှ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

### လူမှုအသိုက်အဝန်း တည်ငြိမ်နေရေး

တိုင်းရင်းသားလူမျိုးစု အသီးသီးအလိုက် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ဓလေ့ထုံးစံနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုများ ရှိကြသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများနှင့် အစိုးရအဖွဲ့ ပေါင်းစည်းဆက်သွယ်ပေးရန်နှင့် စာပေနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းထားရှိပါကြောင်း၊ တိုင်းရင်းသားဒေသများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ခိုင်မာရေးအတွက်ဆိုလျှင် စီးပွားရေးတောင့်တင်းပြီး လူမှုအသိုက်အဝန်း တည်ငြိမ်နေရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် မူဝါဒများ ချမှတ်၍ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် (၂၁)ရာစုပင်လုံညီလာခံ အစည်းအဝေးအဆင့်ဆင့်ကို ကျင်းပလျက်ရှိပြီး တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အတူတကွ လက်တွဲ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စိန်ခေါ်မှုများကို ယုံကြည်ချက်ဖြင့် ကျော်ဖြတ်ကြရမည်ဖြစ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်။

### ပြည်တွင်းငြိမ်းချမ်းရေးနှင့်အတူ

လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးသည် ဒွန်တွဲနေပါကြောင်း၊ ငြိမ်းချမ်းရေးရှိမှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများရှိမှလည်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံလိုအပ်ချက်သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးနှင့် စွမ်းအင်လုံလောက်စွာရရှိရေးတို့ဖြစ်ပါကြောင်း၊ အဆိုပါ အခြေခံလိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို ဝင်ရောက်ဆောင်ရွက်ပေးမှသာ အလျင်အမြန် အောင်မြင်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးရရှိရေး၊ တိုင်းရင်းသားဒေသများ၌ လူမှုစီးပွားဘဝများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးနှင့် အနာဂတ် မြန်မာနိုင်ငံတော်နှင့် ကိုက်ညီသင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် ပေါ်ထွက်လာစေရေးတို့ကို ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကဏ္ဍအသီးသီးရှိ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပြည်သူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြမည်ဆိုလျှင် ပြည်တွင်းငြိမ်းချမ်းရေးနှင့်အတူ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ လူမှုစီးပွားဘဝများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။




မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ သဝဏ်လွှာကို သီးခြားဖော်ပြထားပါသည်)**

### တစ်ချိန်တည်း တစ်ပြိုင်တည်း

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများ၏ ရှုထောင့်များ၊ ဆန္ဒများ၊ မျှော်မှန်းချက်များ၊ ယဉ်ကျေးမှုများနှင့် ထုံးတမ်းအစဉ်အလာများကို အလေးထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားဒေသများရှိ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှသာ တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်းနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က တိုင်းရင်းသားလူမျိုးတို့၏ စီးပွားရေးဆိုင်ရာ အချက်အလက်များ စာတမ်းနှင့် တိုင်းရင်းသား သယံဇာတခွဲဝေအသုံးချမှုစာတမ်းကိုလည်းကောင်း၊ Burma News International မှ အမှုဆောင်ဒါရိုက်တာ ဦးသန်းမြင့်က ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားမီဒီယာစာတမ်းကို လည်းကောင်း ဖတ်ကြားကြပြီး အဆိုပါ စာတမ်းများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါဖိုရမ်ကို ဇန်နဝါရီ ၁၉ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အီရန်နျူကလီးယားအရေး နိုင်ငံတကာက အလေးပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်တိုက်တွန်း

**ကုလသမဂ္ဂ ဇန်နဝါရီ ၁၈**
အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတို့ ရရှိခဲ့သော သဘောတူညီချက်မှာ ဇန်နဝါရီ ၁၇ ရက်တွင် သက်တမ်းနှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာနှင့် ပတ်သက်၍ နိုင်ငံတကာက အာရုံစိုက်ကိုင်တွယ်ဆောင်ရွက်ကြရန် အရေးကြီးကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြောကြားလိုက်သည်။



အီရန်၏ နျူကလီးယား အစီအစဉ်သည် ငြိမ်းချမ်းသော ရည်ရွယ်ချက်အရသာလျှင် အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း၊ အီရန်ပြည်သူတို့အနေဖြင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုခြင်းမှတစ်ဆင့် စီးပွားရေးအရ အကျိုးစီးပွားများ ဖြစ်ထွန်းရန်လည်း လိုအပ်ကြောင်း ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဗင်ဒူဂျာရစ်က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ထိုစဉ်အတွင်း အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရန်နျူကလီးယား သဘောတူညီချက်၏ ပကတိအခြေအနေကို နားလည်ရန် လိုအပ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေး လက်ဗရော့ဗ်က ပြောကြားခဲ့သည်။

နျူကလီးယား သဘောတူညီချက်ကို ဖျက်သိမ်းပစ်မည်ဟု အမေရိကန်သမ္မတက ခြိမ်းခြောက်ခဲ့ခြင်းသည် အကောင်းမြင်မှု တိုးမလာသကဲ့သို့ တည်ငြိမ်မှုလည်း တိုးမလာကြောင်း လက်ဗရော့ဗ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အီရန်နျူကလီးယား သဘောတူညီချက်တွင် အပြစ်အနာအဆာများရှိနေကြောင်း၊ ယင်းတို့ကို ပြင်ဆင်ခြင်းမရှိပါက အမေရိကန်အနေဖြင့် သဘောတူညီချက်မှ နုတ်ထွက်ကာ အီရန်အပေါ် အရေးယူပိတ်ဆို့မှုများကို ပြန်လည်ပြုလုပ်သွားမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။ သဘောတူညီချက်သည် နျူကလီးယား လက်နက်ကို အီရန်တို့ ရရှိမသွားစေရန် ဟန့်တားနိုင်စွမ်းမရှိကြောင်း၊ ပွဲထိန်းဒုံးကျည်များကို တီထွင်ထုတ်လုပ်ခွင့် မရှိသင့်ကြောင်း ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။

အမေရိကန်အနေဖြင့် အီရန်နျူကလီးယား သဘောတူညီချက်မှ နုတ်ထွက်ပါက မြောက်ကိုရီးယားကလည်း အမေရိကန်ကို အယုံအကြည်ရှိတော့မည် မဟုတ်ကြောင်း၊ မြောက်ကိုရီးယားနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းရန် ဖြစ်နိုင်မည်မဟုတ်ကြောင်း လက်ဗရော့ဗ်က ပြောကြားသည်။

**ဆင်ဟွာ**

# ဆီးရီးယားနိုင်ငံအတွင်းရှိ အမေရိကန်တပ်ဖွဲ့များအား ဆက်လက်ထားရှိမည်

**ဝါရှင်တန် ဇန်နဝါရီ ၁၈**
အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရက်စ် တေလာဆွန်က ဆီးရီးယားနိုင်ငံအတွင်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား ဆက်လက်တပ်ဖြန့်ထားရှိမည်ဟု ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

ဇန်နဝါရီ ၁၇ ရက်က ကယ်လီဖိုးနီးယားပြည်နယ်တွင် မိန့်ခွန်းပြောကြားရာ၌ အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ် တေလာဆွန်က ထည့်သွင်းပြောကြားခဲ့သည်။

ထိုသို့ အမေရိကန်တပ်ဖွဲ့ဝင်များအား ဆီးရီးယားနိုင်ငံတွင် ဆက်လက်ထားရှိရန် ဆုံးဖြတ်ချက်ချမှတ်မှုသည် ဆီးရီးယားနိုင်ငံအတွင်း အိုင်အက်စ်စစ်သွေးကြွများအား အမြစ်ပြတ်တိုက်ခိုက်ချေမှုန်းပစ်ရန်နှင့် အီရန်တပ်ဖွဲ့၏ အင်အားတိုးမြင့်လာမှုကိုထိန်းချုပ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဆီးရီးယားနိုင်ငံအတွင်း အိုင်အက်စ်စစ်သွေးကြွများ သိမ်းပိုက်ထားသော မြေနေရာများသည် တစ်နေ့တခြားလျော့ပါးလာကြောင်း သိရသည်။

အိုင်အက်စ်စစ်သွေးကြွများအနေဖြင့် ဆီးရီးယားနိုင်ငံအတွင်းရှိ နယ်မြေများကို ထပ်မံသိမ်းပိုက်မှုမရှိစေရေးအတွက် အမေရိကန်တပ်ဖွဲ့ကို တပ်ဖြန့်ထားခြင်းဖြစ်သည်ဟု ဝန်ကြီး တေလာဆွန်က ဆိုသည်။

၂၀၁၁ ခုနှစ်တွင် အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ကို ပြန်လည်ခေါ်ယူခဲ့သည်။ ထို့ကြောင့် အယ်ခိုင်ဒါ စစ်သွေးကြွအဖွဲ့များ အိုင်အက်စ်စစ်သွေးကြွအဖွဲ့သို့ ဝင်ရောက်ကာ ပြန်လည်ရှင်သန်နိုင်ခဲ့သည်။ ထိုကဲ့သို့သော အမှားများကို ထပ်မံမမှားစေဘဲ သင်ခန်းစာယူရန်လိုအပ်သည်ဟု ဝန်ကြီး တေလာဆွန်က ဆိုသည်။

ဆီးရီးယားပြည်တွင်းစစ်တွင် သမ္မတ ဘာရှား အယ်လ် အာဆတ်အစိုးရသည် အီရန်နှင့်ရုရှားနိုင်ငံများ၏ ထောက်ပံ့မှုဖြင့် ထောက်ခံမဲ အများအပြားရလျက်ရှိသည်။ အမေရိကန်က ဆီးရီးယားအစိုးရအား ဆန့်ကျင်သည့်တပ်ဖွဲ့များကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# တူရကီစစ်ဘက် သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် ပျက်ကျ၊ စစ်သည်သုံးဦး သေဆုံး

**အန်ကာရာ ဇန်နဝါရီ ၁၈**
တူရကီစစ်ဘက်မှ စီအေအက်စ်အေအမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းသည် နိုင်ငံတောင်ပိုင်း အနာတိုလီယန်ပြည်နယ် အစ်ပါတာဒေသ၌ ဇန်နဝါရီ ၁၇ ရက်တွင် လေ့ကျင့်ပျံသန်းစဉ် ပျက်ကျခဲ့ရာ လေယာဉ်အဖွဲ့သားသုံးဦး သေဆုံးခဲ့ကြောင်း တူရကီစစ်ဘက်က ထုတ်ပြန်ကြေညာသည့် ကြေညာချက်တွင် အတည်ပြုဖော်ပြသည်။

အဆိုပါလေယာဉ်သည် အဂ်ရီရာဒါ ရေကန်ကြီးအနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်မှူးနှစ်ဦးနှင့် စက်မှုကျွမ်းကျင်သူ တပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးသွားသည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

ဇန်နဝါရီ ၁၇ ရက် ဒေသစံတော်ချိန် ၁၂ နာရီ မိနစ် ၅၀ တွင် အဆိုပါလေယာဉ်နှင့် ရေဒါအဆက်အသွယ် ပြတ်တောက်သွားခဲ့သည်။ လေယာဉ်ပျက်ကျပြီးနောက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ လေယာဉ်ပျက်ကျရာ နေရာသို့ ရောက်ရှိသွားကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ယင်းလေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို မသိရှိရသေးသော်လည်း လေ့ကျင့်ပျံသန်းမှုပြုနေစဉ်အတွင်း ရာသီဥတုအခြေအနေမှာ မြူများဆိုင်းနေသည်ဟု အစ်ပါတာ အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

တာလတ်ပျံသန်းနိုင်သည့် အင်ဂျင်စက်နှစ်လုံးတပ် သယ်ယူပို့ဆောင်ရေးလေယာဉ် စီအေအက်စ်အေစီအန်-၂၃၅ အမျိုးအစား လေယာဉ်သည် စပိန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ ပူးတွဲတည်ဆောက်သော လေယာဉ်ဖြစ်သည်။ ယင်းအမျိုးအစား လေယာဉ်စင်းရေများစွာသည် တူရကီလေတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေပြီး ယခုလေယာဉ်ပျက်ကျမှုမတိုင်မီ အဆိုပါ အမျိုးအစားလေယာဉ်များ သုံးကြိမ်ခန့်ပျက်ကျခဲ့ဖူးကြောင်း တူရကီ သတင်းမီဒီယာများက ဖော်ပြသည်။

စီအေအက်စ်အေစီအန်-၂၃၅ အမျိုးအစားလေယာဉ်တစ်စင်းသည် ၂၀၀၁ ခုနှစ် မေ ၁၆ ရက်တွင် တူရကီနိုင်ငံအရှေ့ပိုင်းဒေသတွင်ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါ လေယာဉ်အဖွဲ့သားများနှင့် တူရကီကြည်းတပ်ကွန်မန်ဒိုတပ်ဖွဲ့ဝင်များ အပါအဝင် ၃၄ ဦးသေဆုံးခဲ့ပြီး လူအသေအပျောက်အများဆုံး မတော်တဆဖြစ်ရပ် ဖြစ်ခဲ့သည်။ **ဆင်ဟွာ**

# နှစ်ပေါင်းများစွာ အရှုံးပေါ်နေခဲ့သည့် ပါကစ္စတန်အမျိုးသားလေကြောင်းလိုင်းကို ပုဂ္ဂလိကပိုင်ပြုလုပ်ရန် စီစဉ်

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၈**
ပါကစ္စတန်နိုင်ငံ အမျိုးသားလေကြောင်းဌာနဖြစ်သော ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်း (ပီအိုင်အေ)ကို ဧပြီလလယ်ထက် နောက်မကျဘဲ ပုဂ္ဂလိကပိုင်အဖြစ်သို့ ပြောင်းလဲမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ပီအိုင်အေ၏ ပင်မစီးပွားရေးလုပ်ငန်းအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကို ယခုနှစ်အတွင်း လက်ရှိအစိုးရအဖွဲ့၏ သက်တမ်းကုန်ဆုံးခြင်းမရှိမီ ပြုလုပ်မည်ဖြစ်ကြောင်း ပါကစ္စတန် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ဝန်ကြီး ဒန်နီယာအဇစ်က ပြောကြားသည်။

ပီအိုင်အေ၏ စီမံခန့်ခွဲမှုနှင့် လေကြောင်းပျံသန်းခြင်းလုပ်ငန်းတို့အပါအဝင် ပင်မလုပ်ငန်းအရပ်ရပ်ကို ပုဂ္ဂလိကပိုင်ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပီအိုင်အေသည် ဆယ်စုနှစ်ပေါင်းများစွာ အရှုံးပေါ်နေခဲ့ကြောင်း၊ သို့ဖြစ်၍ အမျိုးသားလေကြောင်းလိုင်းအတွက် ရင်းနှီးမြှုပ်နှံထားမှုများကို ပြန်လည်ရုပ်သိမ်းရခြင်းဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် မတ်လအထိ ရူပီးငွေ ၃၂၅ ဘီလီယံအထိ အရှုံးပေါ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အရှုံးပေါ်နေသော လေကြောင်းလိုင်းကို ပုဂ္ဂလိကပိုင်ပြုလုပ်နိုင်ရန် ပါလီမန်က ၂၀၁၆ ခုနှစ်တွင် ဥပဒေမူကြမ်းတစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။

ပီအိုင်အေ၏ ပုံသေပိုင်ဆိုင်ပစ္စည်းများအားလုံးကို စီမံခန့်ခွဲနိုင်ရေးအတွက် ကုမ္ပဏီသစ်တစ်ခုကို ထူထောင်သွားရန် အစိုးရအဖွဲ့က စီစဉ်လျက်ရှိသည်။

ပီအိုင်အေ လေကြောင်းဌာန၏ အစုရှယ်ယာများကို ဝယ်ယူရန် ပင်လယ်ကွေ့လေကြောင်းဌာနနှစ်ခုဖြစ်ကြသော အီတီဟာက်နှင့် အီးမရိတ် လေကြောင်းဌာနတို့က စိတ်ဝင်စားလျက်ရှိကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။

**ဆင်ဟွာ**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို**
**စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**
**( ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် )**
**ခုနှစ်၊ လ ရက်**
**( ခုနှစ် လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) **အဂတိလိုက်စားမှု** ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-

(၁) မည်သူမဆိုရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကိုပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီရထိုက်သော အခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန် သက်ဆိုင်သူထံသို့ဖြစ်စေ၊ သက်ဆိုင်သူထံမှဖြစ်စေ တံစိုးလက်ဆောင်ကို မိမိအတွက်သော်လည်းကောင်း၊ အခြားသူ တစ်ဦးဦးအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပေးခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန်အားထုတ်ခြင်း၊ ကမ်းလှမ်းခြင်း၊ ကတိပြုခြင်း သို့မဟုတ် ဆွေးနွေးခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း၊

(၂) သက်ဆိုင်ရာ အစိုးရဌာန၏ ပြည်သူ့ဘဏ္ဍာကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာနက သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်းပြုရာတွင်ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် အစိုးရ၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်း။"

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ) **နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ** ဆိုသည်မှာ ဒုတိယဝန်ကြီး သို့မဟုတ် ယင်းနှင့် အလားတူ အဆင့်ရှိသူနှင့် အထက် နိုင်ငံရေးရာထူးလက်ရှိ ဖြစ်သူကိုဆိုသည်။"

၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ပ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ပ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ကော်မရှင်သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များကို ဆိုသည်။"

၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) အဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန် ကိစ္စနှင့်စပ်လျဉ်း၍၊ တိုင်ကြားချက် သို့မဟုတ် ရရှိသည့် သတင်းအရ လိုအပ်ပါက ကြိုတင်ထောက်လှမ်းစုံစမ်းစေခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ပဏာမစိစစ်ရေးအဖွဲ့တို့အား စုံစမ်းစစ်ဆေးစေပြီး တွေ့ရှိချက်အစီရင်ခံစာကို တင်ပြစေခြင်း၊"

၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများကို အကြံဉာဏ်ပေးခြင်း၊"

၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ(ဠ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဠ) တိုင်ကြားစာများကို စိစစ်၍လက်ခံခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း၊ မမှန်မကန် တိုင်ကြားကြောင်း စိစစ်တွေ့ရှိသည့် တိုင်ကြားစာများကို ပယ်ချခြင်း၊ မမှန်မကန် တိုင်ကြားသူကို ဥပဒေအရ အရေးယူခြင်းနှင့် ပြစ်မှုကျူးလွန်သည့် အတိုင်းအတာအရ တိုင်ကြားခံရသူအပေါ် ဝန်ထမ်းစည်းကမ်းအရသာ အရေးယူသင့်သည်ဟု ယူဆပါက သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့ အရေးယူစေခြင်း၊"

၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ(ဍ)၊ ပုဒ်မ ၁၇ ပုဒ်မခွဲ(ဆ) ပုဒ်မ ၂၈ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)နှင့် ပုဒ်မ ၆၅ တို့တွင်ပါရှိသော "စုံစမ်းစစ်ဆေးရေးမှူး"ဆိုသည့် စကားရပ်ကို "စစ်ဆေးရေးမှူး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတွင်-

(က) ပုဒ်မ ၁၆ ပုဒ်မခွဲ(ဎ)၏နောက်၌ ပုဒ်မခွဲ(ဏ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဏ) လိုအပ်ပါက တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် အစိုးရ၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီး ဆုံးရှုံးစေမှုများအား စစ်ဆေးခြင်း၊"

(ခ) ပုဒ်မ ၁၆ ၏မူလ ပုဒ်မခွဲ(ဏ)ကို ပုဒ်မခွဲ(တ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတွင်-

(က) ပုဒ်မ ၁၇ ပုဒ်မခွဲ(ဇ)၏နောက်၌ ပုဒ်မခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်း တစ်ရပ်ရပ်ကို ကော်မရှင်သည် သတင်းပေးပို့ချက်အဖြစ် သတ်မှတ်နိုင်သည်။"

(ခ ) ပုဒ်မ ၁၇ ၏ မူလ ပုဒ်မခွဲ(ဈ)ကို ပုဒ်မခွဲ (ည)အဖြစ် ပြန်လည်အမှတ်စဉ်ပြောင်းလဲပြီး အောက်ပါအတိုင်း အစားထိုးရမည်-

"(ည) အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေးသည့်အတွက် ဖော်ထုတ်အရေးယူနိုင်သည့်ကိစ္စတွင် သတင်းပေးသူများ၊ သက်သေများ၊ နစ်နာသူ သို့မဟုတ် တိုင်ကြားသူများအား လိုအပ်သော အကာအကွယ်ပေးနိုင်ရန် နည်းလမ်းများကို သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် သတ်မှတ်သော ဆုငွေချီးမြှင့်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း။"

၁၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပုဒ်မ ၂၀ ပုဒ်မခွဲ(ဂ)၏ နောက်၌ ပုဒ်မခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်းဖြစ်ပေါ်နေခြင်း။"

၁၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ ) တိုင်ကြားမှုတွင် အရေးကြီးသည့် သက်သေခံချက်များ မပါရှိခြင်း သို့မဟုတ် လိုအပ်၍ ကြိုတင်ထောက်လှမ်းရာတွင်လည်း သက်သေခံချက် မရရှိခြင်း၊"

၁၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၃၀ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) လုပ်ပိုင်ခွင့်အာဏာရှိသူအပေါ် တရားစွဲဆိုအရေးယူရန် အကြောင်းပေါ်ပေါက်ကြောင်း ဆုံးဖြတ်သည့်ကိစ္စတွင် ယင်းကိစ္စအတွက် မိမိ၏အစီရင်ခံစာကို ပုဒ်မ ၂၁ ပုဒ်မခွဲ(က) အရ တာဝန်ပေးသည့် နိုင်ငံတော်သမ္မတထံသို့လည်းကောင်း၊ ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)အရ တာဝန်ပေးသည့် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံသို့လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့လည်းကောင်း ဆက်လက်အရေးယူနိုင်ပါရန်ပေးပို့ရမည်။ အဆိုပါ ဆုံးဖြတ်ချက်အား တိုင်ကြားသော နစ်နာသူထံသို့လည်း အကြောင်းကြားအသိပေးရမည်။"

၁၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၆ ကို အောက်ပါအတိုင်း အစားထိုးဖြည့်စွက်ရမည်-

"၃၆(က) နိုင်ငံတော်သမ္မတသည် ကော်မရှင်ရုံးကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(ခ) ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရုံးခွဲများကို ဖွဲ့စည်းနိုင်သည်။"

၁၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ အခန်း(၇) ခေါင်းစဉ်ကို "နစ်နာသူက သတင်းပေးခြင်းနှင့် တိုင်ကြားခြင်း"ဆိုသည့် စကားရပ်အစား "နစ်နာသူက သတင်းပေးခြင်း၊ တိုင်ကြားခြင်းနှင့် ကျော်စောသတင်းဖြစ်ပေါ်ခြင်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၄၄ ကို အောက်ပါအတိုင်း အစားထိုး ဖြည့်စွက်ရမည်-

"၄၄(က) အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ လုပ်ပိုင်ခွင့်အာဏာရှိသူ တစ်ဦးဦးက အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုကြောင့် နစ်နာသူက သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

(ခ) အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ လုပ်ပိုင်ခွင့်အာဏာရှိသူ တစ်ဦးဦးက အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ကြွယ်ဝချမ်းသာလာကြောင်း ကျော်စောသတင်းတစ်ရပ်ရပ်ကို သိရှိရပါက ကော်မရှင်သည် သတင်းပေးပို့ချက်အဖြစ် သတ်မှတ်နိုင်သည်။"

၁၇။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၇ နှင့် ၄၈တို့တွင်ပါရှိသော "ကြေညာချက်"ဆိုသည့် စကားရပ်ကို "ကြေညာလွှာ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၃ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) အဂတိလိုက်စားမှုဖြင့်ရရှိသော ငွေကြေးနှင့် ပစ္စည်းများဖြစ်ကြောင်း သက်သေထင်ရှား ပေါ်ပေါက်လျှင် အဆိုပါ ငွေကြေးနှင့် ပစ္စည်းများ၊ ပြစ်မှုကျူးလွန်ရာတွင် သို့မဟုတ် ကျူးလွန်ရန်အတွက် အသုံးပြုသည့် ပစ္စည်း၊ ကိရိယာ၊ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ရမည်။"

၁၉။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၃-က ၏နောက်တွင် ပုဒ်မခွဲ(၁)(၂)(၃)တို့အား အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၅၃(က) (၁) ပုဒ်မ ၅၃ ပုဒ်မခွဲ(က)အရ ချမှတ်သည့်အမိန့်နှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ခြင်းခံရသူက သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ထံ အယူခံခွင့်ရှိသည်။

(၂) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မရှင်က ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း လိုအပ်ပါက ပြန်လည်စုံစမ်းစစ်ဆေးစေပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း ပြုနိုင်သည်။

(၃) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။"

၂၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၉။ မည်သူမဆို ခိုင်လုံသော အကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟုသော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာသည်ဟုသော်လည်းကောင်း၊ မမှန်မကန်သတင်းပို့ခြင်း၊ တိုင်တန်းခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၂၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၆၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် ပြင်ဆင်ခြင်း၊ လှုံ့ဆော်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုလျှင် ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ၊ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။"

# ရာဇဝတ်ပြစ်မှုတစ်ခု ကျူးလွန်သည်ဆိုရာဝယ်

**မောင်စာဂ**

ဥပဒေကိုလေ့လာသည့်အခါ ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်း၏ အခြေခံသဘောတရားကို သိရှိနားလည်ဖို့က အရေးကြီးသည်။ အဓိကကျသည်။ ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်း၏ အခြေခံသဘောတရားကို သိရှိနားလည်ထားမှသာလျှင် ဥပဒေဘောင်အတွင်းမှာ ဘေးကင်းရန်ကွာ၊ ချမ်းမြေ့ပျော်ရွှင်စွာ နေတတ်ထိုင်တတ်ကြပေမည်။

**ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်း**

ရာဇသတ်ကြီး ဥပဒေအရ ပြစ်မှုတစ်ခု ဖြစ်မြောက်ဖို့ဆိုလျှင် ယေဘုယျအားဖြင့် အခြေခံအကြောင်းနှစ်ရပ် ရှိသည်။ ရာဇဝတ်မကင်းသောစိတ်နှင့် ပြုလုပ်မှုတို့ဖြစ်သည်။

(၁) ပြုလုပ်မှုတစ်ခုသည် သာမန်အားဖြင့် ရာဇဝတ်ပြစ်မှုမမြောက်ပါ။ ပြုလုပ်သူသည် ရာဇဝတ်မကင်းသောစိတ်နှင့် ပြုလုပ်မှသာ ရာဇဝတ်ပြစ်မှုမြောက်သည်။

(၂) ပြုလုပ်မှုဟုဆိုရာတွင် စိတ်ပိုင်းဆိုင်ရာပြုလုပ်မှု၊ ရုပ်ပိုင်းဆိုင်ရာ ပြုလုပ်မှု၊ ကြံရွယ်၍ ပြုလုပ်မှု၊ မကြံရွယ်ဘဲပြုလုပ်မှု၊ မပြုလုပ်သင့်သည်ကို ပြုလုပ်မှု၊ ပြုလုပ်သင့်သည်ကို မပြုလုပ်မှု၊ ပြုလုပ်သင့်သည်ကို ချန်လှပ်မှုများ ပါဝင်သည်။

**ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်းမြောက်ရန် အဆင့်များ**

(၁) ကျူးလွန်ရန် အကြံအစည်ရှိရမည်၊

(၂) ကျူးလွန်ရန်အတွက် လိုအပ်ချက်များ ပြင်ဆင်ခြင်းရှိရမည်၊

(၃) ပြစ်မှုမြောက်စေရန် တိုက်ရိုက်ရှေးရှုပြုလုပ်သည့် အားထုတ်ခြင်း ရှိရမည်၊

(၄) ပြစ်မှုအကောင်အထည်ဖော်ခြင်းရှိရမည်။

အထက်ပါ အဆင့်လေးဆင့်မှ မည်သို့သော အခြေအနေတွင် ပြစ်မှုကျူးလွန်ခြင်းမြောက်သည်၊ မမြောက်သည်ဆိုသည့် အခြေခံသဘောကို သိထားအပ်သည်။

**အကြံအစည်သက်သက်သည် ရာဇဝတ်ပြစ်မှုမြောက်ပါသည်လော**

ရာဇဝတ်ပြစ်မှုများတွင် ကျူးလွန်ရန် အကြံအစည်သက်သက်ရှိရုံမျှဖြင့် ပြစ်မှုမမြောက်ပါ။ သို့ရာတွင် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကို ကျူးလွန်ဖို့အတွက် တစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးကို ကျူးလွန်ရာရောက်သည်။ ပူးပေါင်းကြံစည်ထားသည့်အတိုင်း မည်သည့်ပြုလုပ်မှု တစ်စုံတစ်ရာကိုမျှ ပြုလုပ်ကြခြင်းမရှိစေကာမူ ပူးပေါင်းကြံစည်ကြသည်နှင့် ပြစ်မှုမြောက်သည်။ ပြစ်ဒဏ်မှာ သေဒဏ် သို့မဟုတ် နှစ် ၂၀ ထောင်ဒဏ်ဖြစ်သည်။ (ပုဒ်မ ၁၂၁ နှင့် ၁၂၂)

နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရန်ကြံရွယ်ကြောင်း၊ ပြင်ဆင်ကြောင်း၊ ပြုဆဲဖြစ်ကြောင်း သို့မဟုတ် ပြုပြီးဖြစ်ကြောင်းသိလျက် သက်ဆိုင်ရာသို့ ချက်ချင်းဖွင့်ဟ ပြောဆိုခြင်းမပြုလျှင် ထိမ်ချန်မှုဖြင့် ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်းခံရမည်။ (ပုဒ်မ ၁၂၄)

**ပြင်ဆင်ခြင်းသက်သက်သည် ရာဇဝတ်ပြစ်မှုမြောက်ပါသည်လော**

ရာဇဝတ်မှုများတွင် ကျူးလွန်ရန် ပြင်ဆင်မှုသက်သက်ရှိရုံမျှဖြင့် ပြစ်မှုမမြောက်ပါ။ သို့ရာတွင် ဓားပြမှုကို ကျူးလွန်ရန် ပြင်ဆင်ရုံဖြင့် ပြစ်မှုမြောက်သည်။ ပြင်ဆင်သူသည် ၁၀ နှစ်ထိ ထောင်ဒဏ်ချမှတ်ခြင်း ခံရမည်။ (ပုဒ်မ ၃၉၉)

လူလေးဦးက လုယက်မှုကျူးလွန်ရန် ပြင်ဆင်လျှင် ပြစ်မှုမမြောက်ပါ။ လူတစ်ဦး၊ နှစ်ဦး၊ သုံးဦး သို့မဟုတ် လေးဦးတို့က ကျူးလွန်လျှင် လုယက်မှုဖြစ်သည်။ လူလေးဦးထက်ပိုပြီး အနည်းဆုံးလူငါးဦး ပါဝင်၍ လုယက်မှုကို ကျူးလွန်လျှင် ဓားပြမှုဖြစ်သွားသည်။ (ပုဒ်မ ၃၉၀ နှင့် ၃၉၁)

ဓားပြမှုကို ကျူးလွန်ရန် ပြင်ဆင်ခြင်း(ပုဒ်မ ၃၉၉)၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကို ကျူးလွန်ရန်ပြင်ဆင်ခြင်း(ပုဒ်မ ၁၂၁)၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် မဟာမိတ်ဖြစ်သော သို့မဟုတ် ငြိမ်းချမ်းလျက်ရှိသော နိုင်ငံနယ်ပယ်များတွင် တိုက်ခိုက်ဖျက်ဆီးရန် ပြင်ဆင်ခြင်း (ပုဒ်မ ၁၂၆) တို့သည် အလွန်ကြီးလေးသော ပြစ်မှုများဖြစ်ရာ ပြင်ဆင်ရုံနှင့် ပြစ်မှုမြောက်သော ပုဒ်မများဖြစ်သည်။

ထို့ပြင် ဓားပြမှုကို အမြဲတစေ ကျူးလွန်ရန်အလို့ငှာ ဖွဲ့စည်းထားသော ဂိုဏ်းတစ်ခုခု၌ ပါဝင်သူ၊ သူခိုးဂိုဏ်း၌ ပါဝင်သူ သို့မဟုတ် ဓားပြမှုကိုကျူးလွန်ရန် စုဝေးမှု၌ ပါဝင်သူဖြစ်လျှင် ပြစ်မှုကျူးလွန်ခြင်း မရှိစေကာမူ ပါဝင်ရုံမျှဖြင့် ပြစ်မှုကျူးလွန်ခြင်းမြောက်သည်။ ထောင်ဒဏ် အနှစ် ၂၀၊ ၁၀ နှစ်ထိ ထောင်ဒဏ် သို့မဟုတ် ခုနစ်နှစ်ထိထောင်ဒဏ် စသည် ချမှတ်ခြင်းခံရမည်။ (ပုဒ်မ ၄၀၀၊ ၄၀၁ နှင့် ၄၀၂)

**ရာဇဝတ်ပြစ်မှုတစ်ခုကျူးလွန်ခြင်း၏ အခြေခံသဘောတရားများကို သိရှိထားပါက ဆင်ခြင်နိုင်သည်။ ရာဇဝတ်ပြစ်မှုကျူးလွန်ရန် ကြံစည်နေသူများ၊ ပြင်ဆင်နေသူများ၊ အားထုတ်နေသူများ၊ ပြုလုပ်နေသူများနှင့် ရှောင်တိမ်းနေနိုင်သည်။ ရာဇဝတ်မှုကို ကျူးလွန်မည့် ဂိုဏ်း၊ အုပ်စု၊ အဖွဲ့များတွင် မပါဝင်ရေး ဝေးဝေးမှ နေတတ် ထိုင်တတ်လာမည်။ ဥပဒေဘောင်အတွင်းက ကောင်းမွန်စွာ ပရိယေသန ဝမ်းစာရှာမှီး အသက်မွေးဝမ်းကျောင်းပြုနေထိုင်နိုင်မည်။ ပျော်ရွှင်ချမ်းမြေ့သည့် လူနေမှုဘဝတစ်ခုကို တည်ဆောက်နိုင်ကြမည်သာ။**

**ရာဇဝတ်မကင်းသောပူးပေါင်းကြံစည်မှုတွင် ပါဝင်ခဲ့သော်**

ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုဟူသည် လူနှစ်ယောက် သို့မဟုတ် နှစ်ယောက်ထက်ပိုသူများက ဥပဒေနှင့်မညီသော ပြုလုပ်မှုကိုသော်လည်းကောင်း၊ ဥပဒေနှင့်မညီသောနည်းဖြင့် ဥပဒေနှင့် မညီမဟုတ်သော ပြုလုပ်မှုကိုသော်လည်းကောင်း ပြုရန် သို့တည်းမဟုတ် ပြုစေရန် သဘောတူညီလျှင် ထိုသဘောတူညီချက်ကို ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုဟုခေါ်သည်။

ဤတွင် ပြစ်မှုကျူးလွန်ရန် သဘောတူညီချက်ဖြစ်ခဲ့ပါမူ သဘောတူညီသည့်အတိုင်း ပြုလုပ်ရန်မလိုပါ။ သဘောတူညီသည်နှင့် ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှု၊ ပြစ်မှုကို ကျူးလွန်ရာရောက်သည်။ (ပုဒ်မ ၁၂၀-က)

ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှုတွင်ပါဝင်ပြီး သေဒဏ်၊ အနှစ် ၂၀ ထောင်ဒဏ်၊ နှစ်နှစ် သို့မဟုတ် နှစ်နှစ်ထက်ပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်ချမှတ်ထိုက်သည့် ပြစ်မှုမျိုးကို ကျူးလွန်ရန် သဘောတူညီခဲ့သော် ထိုပူးပေါင်းကြံစည်မှုအတွက် ပြစ်ဒဏ်သတ်မှတ်ထားခြင်း မရှိလျှင် သက်ဆိုင်ရာပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီဘိသကဲ့သို့ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

အခြားပြစ်ဒဏ် ထိုက်သင့်သော ပြစ်မှုကိုကျူးလွန်ရန် ပူးပေါင်းကြံစည်မှုတွင် ပါဝင်ခဲ့သော် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

**အကြံတူတစ်ခုကို အထမြောက်စေရန်ပြုလုပ်မှုတွင် ပါဝင်ခဲ့သော်**

တစ်ဦးထက်ပိုသောသူများသည် မိမိတို့၏အကြံတူတစ်ခုကို အထမြောက်စေရန် ရည်ရွယ်၍ ပြစ်မှုမြောက်သော ပြုလုပ်မှုကို ပြုခဲ့လျှင် ထိုပြုလုပ်မှုကို တစ်ဦးတည်းပြုဘိသကဲ့သို့ ပါဝင်သူအသီးသီး၌ တာဝန်ရှိသည်။ (ပုဒ်မ ၃၄)

တစ်ဦးထက်ပိုသောသူများက ပြစ်မှုကျူးလွန်ရာတွင် ပြုလုပ်မှုအမျိုးမျိုးကို ပြုခဲ့စေကာမူ အကြံတူတစ်ခုကို အထမြောက်ရန် ရည်ရွယ်ချက်နှင့်ပြုပါက ယင်းပြုလုပ်မှုအမျိုးမျိုး၏ အကျိုးဆက်အတွက် ပါဝင်သူအားလုံးတွင် တာဝန်ရှိသည်။

**ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင်ပါဝင်ခဲ့သော်**

ဥပဒေနှင့်ဆန့်ကျင်သောအစုအဝေးဆိုရာတွင် ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသူများက ပုဒ်မ ၁၄၁ တွင် ဖော်ပြထားသော ရည်ရွယ်ချက်ငါးရပ်အနက် တစ်ရပ်ရပ်ကို ကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် စုဝေးကြလျှင် ထိုအစုအဝေးကို ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးဟုခေါ်သည်။

ပုဒ်မ ၁၄၁ ပါ ရည်ရွယ်ချက်ငါးရပ်၏ အနှစ်ချုပ်မှာ အာဏာပိုင် သို့မဟုတ် ဝန်ထမ်းတစ်ဦးကို ခြောက်လှန့်ရန် ရည်ရွယ်ချက်၊ ဥပဒေနှင့်အညီ ထုတ်ဆင့်သည့်အမိန့်ကို ခုခံရန် ရည်ရွယ်ချက်၊ အကျိုးဖျက်ဆီးမှု၊ ကျော်နင်းမှုစသည်ကို ကျူးလွန်ရန် ရည်ရွယ်ချက်၊ သူတစ်ဦး၏ လက်ရှိဖြစ်နေသော ပစ္စည်းကို အဓမ္မနည်းဖြင့်ရယူရန် သို့မဟုတ် သုံးစွဲနေသော ဖြတ်သန်းသွားလာမှု၊ ရေသုံးစွဲမှုစသည့် အခွင့်အရေးကို လက်လွှတ်စေရန် ရည်ရွယ်ချက်၊ သူတစ်ဦးအား ပြုလုပ်ရန် တာဝန်မရှိသောအလုပ်ကို အတင်းအကျပ်ပြုစေရန် သို့မဟုတ် တာဝန်ရှိသောအလုပ်ကိုပြုခြင်းမှ အတင်းအကျပ်ပျက်ကွက်စေရန် ရည်ရွယ်ချက်တို့ဖြစ်သည်။

မည်သူမဆို ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်ခဲ့သော် ခြောက်လအထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ (ပုဒ်မ ၁၄၃)

အကယ်၍ သေစေတတ်သော လက်နက်ကိုကိုင်စွဲ၍ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူဖြစ်က သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် အမိန့်ပေးပြီးကြောင်း သိလျက်နှင့် ဆက်လက်ပါဝင်နေက နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ (ပုဒ်မ ၁၄၄ နှင့် ၁၄၅)

ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူတစ်ဦးက ထိုအစုအဝေး၏ တူသောရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ရာ၌ ပြစ်မှုတစ်ခုကို ကျူးလွန်လျှင် ထိုအစုအဝေး၌ ပါဝင်သူတိုင်းသည် ထိုပြစ်မှုအတွက် အပြစ်ရှိသည်။ ( ပုဒ်မ ၁၄၉)

**ပြစ်မှုကျူးလွန်ရန် အားထုတ်ခဲ့သော်**

ပြစ်မှုတစ်ခုကျူးလွန်ရန် အားထုတ်လျှင် ထိုသူများသည် အားထုတ်သူများဖြစ်ကြသည်။ (ပုဒ်မ ၅၁၁)

ပြစ်မှုကျူးလွန်ရန် ပြင်ဆင်မှုမှာ ပြစ်မှုကျူးလွန်သည့်အဆင့်နှင့် အလှမ်းဝေးသည့် ပြုလုပ်မှုဖြစ်ပြီး အားထုတ်မှုမှာ ပြစ်မှုကျူးလွန်ရန် ဆုံးဖြတ်ပြီးသည့် အခြေတွင် ပြုသည့်ပြုလုပ်မှုဖြစ်သည်။

ကျူးလွန်ရန် အားထုတ်သူကို ပြစ်ဒဏ်ချမှတ်ရန်ရှိသည့်အခါ ကျူးလွန်သည့် ပြစ်မှုသည် အားထုတ်မှုအတွက် ပြစ်ဒဏ်သတ်မှတ်ထားပြီးဖြစ်ပါက ထိုပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။ အားထုတ်မှုအတွက် ပြစ်ဒဏ်သတ်မှတ်ထားခြင်းမရှိလျှင် ပုဒ်မ ၅၁၁ ပါ ပြဋ္ဌာန်းထားသည့်အတိုင်း ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

**ပြစ်မှုကျူးလွန်သူကိုအားပေးကူညီမှုပြုခဲ့သော်**

အားပေးကူညီသူဆိုသည်မှာ ပြစ်မှုကျူးလွန်စေရန်အတွက် တစ်ဦးတစ်ယောက်အား လှုံ့ဆော်သူ၊ တစ်ဦးတစ်ယောက်နှင့် ပူးပေါင်းကြံစည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အား တမင်ကူပံ့သူသည် အားပေးကူညီသူဖြစ်သည်။ (ပုဒ်မ ၁၀၇)

အားပေးကူညီသူအား ချမှတ်ရန်ပြစ်ဒဏ်ကို ဥပဒေက အတိအလင်း ပြဋ္ဌာန်းထားလျှင် ထိုပြဋ္ဌာန်းထားချက်အတိုင်းဖြစ်သည်။ ပြဋ္ဌာန်းထားခြင်းမရှိလျှင် ကျူးလွန်ခဲ့သော ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ကို ချမှတ်ရမည်။ (ပုဒ်မ ၁၀၉)

**ဥပဒေကိုမသိ၍ ကျူးလွန်မိခဲ့သော်**

ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်ခဲ့မိပါသည်၊ ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်မိခဲ့ပါသည်ဟူ၍ ထုချေလာလျှင် ယင်းထုချေချက်ကို လက်ခံ၍မရပါ။ ခွင့်လွှတ်၍မရပါ။ ဤသည်မှာ ဥပဒေ၏ပင်ကိုသဘောဖြစ်သည်။ ရာဇဝတ်မှုမကင်းသည့် ကိစ္စများတွင် အနေအထိုင်မတတ်က သို့မဟုတ် အသွားအလာ မှားယွင်းမိက အစွပ်စွဲခံရတတ်သည်။ ယခုခေတ် ပြောဆိုသုံးနှုန်းနေကြသည့် နေ့တွက်ခရ၍ လိုက်ပါခဲ့ခြင်းဖြစ်သည်။ အပြစ်ဖြစ်မည်ကို မသိ၍ လိုက်ပါရပါသည်ဟု ဆင်ခြေပေး၍ မရပါ။

ရာဇဝတ်ပြစ်မှုတစ်ခုကျူးလွန်ခြင်း၏ အခြေခံသဘောတရားများကို သိရှိထားပါက ဆင်ခြင်နိုင်သည်။ ရာဇဝတ်ပြစ်မှုကျူးလွန်ရန် ကြံစည်နေသူများ၊ ပြင်ဆင်နေသူများ၊ အားထုတ်နေသူများ၊ ပြုလုပ်နေသူများနှင့် ရှောင်တိမ်းနေနိုင်သည်။ ရာဇဝတ်မှုကို ကျူးလွန်မည့် ဂိုဏ်း၊ အုပ်စု၊ အဖွဲ့များတွင် မပါဝင်ရေး ဝေးဝေးမှ နေတတ် ထိုင်တတ်လာမည်။ ဥပဒေဘောင်အတွင်းက ကောင်းမွန်စွာ ပရိယေသန ဝမ်းစာရှာမှီး အသက်မွေးဝမ်းကျောင်းပြုနေထိုင်နိုင်မည်။ ပျော်ရွှင်ချမ်းမြေ့သည့် လူနေမှုဘဝတစ်ခုကို တည်ဆောက်နိုင်ကြမည်သာ။

ဥပဒေအသိပညာ ပြန့်ပွားပါစေ။

ဥပဒေဘောင်အတွင်း ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ပါစေ။

ညွှန်းဆိုချက်။ **ဤဆောင်းပါးတွင် ဖော်ပြသော ပုဒ်မများသည် ရာဇသတ်ကြီးဥပဒေကို ညွှန်းဆိုသည်။**

## ပခုက္ကူစာပေဆုများအတွက် စာမူပေးပို့ရက် တိုးမြှင့်သတ်မှတ်

**ရန်ကုန် ဇန်နဝါရီ ၁၈**

၂၀၁၇ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများအတွက် စာမူပေးပို့ရန် နောက်ဆုံးတင်သွင်းရမည့်ရက်ကို မူလက ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ကို သတ်မှတ်ထားသော်လည်း ယခုအခါ ပြိုင်ပွဲရက်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ တိုးမြှင့်လိုက်ကြောင်း သိရသည်။

ပခုက္ကူစာပေဆုတွင် သတ်မှတ်ထားသည့် ဘာသာရပ်ငါးမျိုးအတိုင်း ပြိုင်ပွဲဝင်စာမူများကို ဖော်ပြထားသော စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

ပြိုင်ပွဲစာမူပုံစံများကို စာတည်းမှူးချုပ် အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း စာပေဗိမာန်တွင် ရယူနိုင်ပြီး နယ်မှ ပုံစံမှာယူလိုသူများသည် ငွေကျပ် ၈၀၀ ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများကို မှာယူနိုင်ကြောင်း သိရသည်။

ပခုက္ကူစာပေဆုများကို ယှဉ်ပြိုင်လိုသူများ စိတ်ဝင်တစားဖြင့် မေးမြန်းမှုများရှိနေရာ ပြိုင်ပွဲဝင်လိုသော စာပေဝါသနာရှင်များ၏ ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ယခုကဲ့သို့ ပြိုင်ပွဲဝင်ရက် တိုးမြှင့်သတ်မှတ်ပေးရခြင်းဖြစ်ကြောင်း ပခုက္ကူစာပေဆုရွေးချယ်ရေးအဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ ကျောဖုံးမှ

**အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အမှတ်(၂)ခရိုင်ပတ်လမ်းသည် မြစ်သား-တံတားဦး-ကျောက်ဆည် မြို့နယ်တို့ကိုဖြတ်၍ ဖောက်လုပ်ထားသော လမ်းဖြစ်ပြီး မြစ်သားမြို့နယ်အတွင်း (၈)မိုင်နှင့် တံတားဦးမြို့နယ်အတွင်း (၂)မိုင်(၄)ဖာလုံရှိပါကြောင်း၊ မြစ်သားမြို့နယ်အတွင်း (၈)မိုင်အား ၁၉၉၆-၁၉၉၇ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်းဖောက်လုပ်ခဲ့ပြီး ဂဝံခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပါကြောင်း၊ တံတားဦးမြို့နယ်အပိုင်း (၂) မိုင် (၄) ဖာလုံမှာလည်း မြေသားလမ်းအဆင့်ဖြစ်ပါကြောင်း။

မြစ်သားမြို့နယ်အပိုင်း (၈)မိုင်နှင့် တံတားဦးမြို့နယ်အပိုင်း (၂)မိုင် (၄) ဖာလုံအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်မှသာ တစ်ဆက်တည်းသွားလာနိုင်မည်ဖြစ်ပါကြောင်း၊ ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပါက ခန့်မှန်းကုန်ကျငွေကျပ် ၁၉၁၄ ဒသမ ၈ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းပေါ်တွင် Box Culvert (၆)စင်း၊ တံတား(၂)စင်းနှင့် ရေကျော်တံတား(၂)စင်းတို့ကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါကုန်ကျငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **တန့်ဆည်မြို့နယ် သပြေရင်း-ရွာမ-ရွှေကူလမ်းပေါ်ရှိ ညောင်ဇီးကုန်းတံတားကို ကွန်ကရစ်တံတားတစ်စင်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက တန့်ဆည်မြို့နယ်အတွင်းရှိ သပြေရင်း-ရွာမ-ရွှေကူလမ်းသည် ကလေးဝ-ရေဦးလမ်းမကြီးနှင့် ဆက်သွယ်သောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပေါ်ရှိ ညောင်ဇီးကုန်းတံတားသည် ရွှေကူချောင်းပေါ်တွင် တည်ရှိပြီး ၂၀၀၅ ခုနှစ်တွင် ကျေးရွာမှ ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့သည့် သစ်သားတံတားဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေမျောပါသွားခဲ့သဖြင့် ပြန်လည်အဆင့်မြှင့်တင် တည်ဆောက်ပေးရန်လိုအပ်ပါကြောင်း။

ညောင်ဇီးကုန်းတံတားသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁)တွင် ပါရှိသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **မကွေးမြို့နယ်အတွင်းရှိ သမိုင်းဝင် ကွေ့ချောင်းခံတပ်သို့ အဆင်ပြေချောမွေ့စွာ သွားရောက်လေ့လာနိုင်ရန် ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်း၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ **ပင်လုံမြို့မှ ပန်မုန့်ကျေးရွာအုပ်စု နောင်ဟိုင်းရွာသွားလမ်း ဝမ်အင်ဘုန်းတော်ကြီးကျောင်းအထိ မြေသားလမ်း(၂)မိုင်ခန့်အား ကတ္တရာလမ်း သို့မဟုတ် ကျောက်အမာခံကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **ရေဂလုပ်၊ ကျားကိုက်ချောင်း၊ ချောင်ကြီး၊ ဘုရားကြီးကုန်း၊ ဆင်ကူးကျေးလက်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းတို့ကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော **"၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း"** လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းရန် အသိပေးကြေညာခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

# ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၈**

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ သတ်မှတ်ကာလအတွင်း အတည်ပြုပြဋ္ဌာန်းနိုင်ရန် ညှိနှိုင်းသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ဥပဒေကြမ်းများ၌ ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများကို စိစစ်ရန် စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၇ ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းအသီးသီးက အသုံးစရိတ်များ တင်ပြတောင်းခံထားပါကြောင်း၊ ခြောက်လတာကာလအတွက် ပြီးပြတ်နိုင်သည့် လုပ်ငန်းများဟုတ်၊ မဟုတ် စိစစ်ရမည်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကစပြီး ဘဏ္ဍာရေးနှစ်ကာလကို အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ပြောင်းလဲကျင့်သုံးမည်ဖြစ်ပါကြောင်း၊ လက်ရှိ ဘဏ္ဍာရေးနှစ်နှင့် ပြောင်းလဲကျင့်သုံးမည့် ဘဏ္ဍာရေးနှစ်သစ်တို့အကြား ကြားကာလဖြစ်သည့် ယခု ခြောက်လတာကာလအတွင်း သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများမှ တောင်းခံလာသည့် အသုံးစရိတ်များအား စိစစ်ရေး ပူးပေါင်းအဖွဲ့များအနေဖြင့် အသေးစိတ်လေ့လာစိစစ်ပြီး ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသို့ သတ်မှတ်ရက်အတိုင်း ပေးပို့ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအား စိစစ်ရန်တာဝန်ပေးအပ်ထားသည့် စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများကို စိစစ်ရာတွင် ယခင်နှစ်နှစ် အတွေ့အကြုံများပေါ် အခြေခံ၍ စိစစ်ရန်ဖြစ်ကြောင်း၊ အစီရင်ခံစာကို သတ်မှတ်ချိန်အတွင်း ပြန်လည်ပေးပို့စေလိုပါကြောင်း၊ မိမိတို့ ပူးပေါင်းကော်မတီ၏ ပန်ကြားလွှာပါ အကြံပြုချက်များနှင့်အညီ စိစစ်နိုင်ရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသည့် စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၇ ဖွဲ့က စိစစ်မှုအတွေ့အကြုံများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၇ ဖွဲ့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

✱ ပညာရေးမှ

အမြန်ဆုံး တည်ဆောက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးကျော်ကျော်က ဖတ်ကြားရှင်းလင်းသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးလားလ်မင်းထန်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အလုပ်အမှုဆောင်အဖွဲ့၊ တာဝန်ခံအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ခြင်းတို့ကို ပိုမိုပြည့်စုံမှုရှိစေရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(ဍ)ကို "တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ မြို့နယ်၊ မြို့၊ တက္ကသိုလ်၊ ကောလိပ်အသင်းခွဲ အလုပ်အမှုဆောင်အဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်းအသင်းခွဲငယ် တာဝန်ခံအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ပေးခြင်းတို့ ပြုနိုင်သည်" ဆိုသည့် စကားဖြင့်လည်းကောင်း၊ ပုဒ်မ ၂၆ ကို ပိုမိုပြည့်စုံမှုရှိစေရန်အတွက် "အလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများရှိ အသင်း၊ အသင်းခွဲနှင့် အသင်းခွဲငယ်များအတွက် နာယကများ တင်မြှောက်ခြင်းများကို အတည်ပြုနိုင်သည်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း ပြင်ဆင်ဖြည့်စွက်သင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့ချုပ်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ ယင်းဥပဒေကြမ်း၏ ပြင်ဆင်ချက်၊ ပြင်ဆင်ဖြည့်စွက်ချက်များအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပေးနိုင်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အတည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းသည်။ ယင်းအဆိုနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ စောယှားဖောင်အွာက ထောက်ခံတင်ပြပြီး အဆိုပါဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေအတည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေကြမ်း၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်းနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းများကို လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်ပြီး ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီ၏ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားရှင်းလင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **မြန်မာနိုင်ငံတွင် သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း (အထက်တန်း) အောင်မြင်ပြီးချိန်အထိ အင်္ဂလိပ်ဘာသာရပ်ကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း အထက်တန်းအဆင့် ပညာရေးပြီးဆုံးချိန်တွင် ကျောင်းသူ ကျောင်းသားအများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊ ပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အထက်တန်းပညာရေးပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆို ဆက်သွယ်နိုင်ရန်အတွက် (Grade 9) အဋ္ဌမတန်းမှစတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်များ၊ အကဲဖြတ်စနစ်(စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည် ၄ မျိုး(4 skills- Reading,Writing,Speaking,Listening) ပါဝင်သော စနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်သောင်းက ယနေ့ ပညာရေးစနစ်သည် ၂၀၁၆-၂၀၂၁ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းအရ (KG+12)ကို သွားနေပြီဖြစ်ပါကြောင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းကို ပြုပြင်ပြောင်းလဲသင်ကြားနေသောကြောင့် သင်ကြားသည့် ကလေးများသည် နဂိုမှန်းထားသည်ထက်ပို၍ သွက်လက်စွာပြောဆိုနိုင်သည်ကို တွေ့ရပါကြောင်း၊ ကျောင်းသူ ကျောင်းသားများအနေဖြင့် Thinking Skill, Listening Skill, Reading Skill, Speaking Skill နှင့် Writing Skill တို့ကို ရရှိမည်ဖြစ်သည့်အတွက် Skills လေးမျိုးသာကမ Skills ငါးခု ရရှိသွားမည်ဖြစ်ပါကြောင်း၊ ပညာရေးတွင် ယခုရေတွင်းတူး၊ ယခု ရေကြည်သောက်ချင်၍ မရပါကြောင်း၊ စီမံကိန်းရေးဆွဲပြီး အကောင်းဆုံးဖြစ်အောင် အချိန်ယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ကလေးကို အင်္ဂလိပ်စာ ကောင်းကောင်းတတ်စေရန် မြန်မာနိုင်ငံတွင်ရှိသည့် အင်္ဂလိပ်ကိုယ်ပိုင်ကျောင်းများတွင်ထားကြပြီး အင်္ဂလိပ်စာ တတ်မြောက်ပြီး မြန်မာစကားမပြောတတ်တော့သည်ကို တွေ့ရပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများ ပပျောက်လာသည်ကို တွေ့ရပါကြောင်း၊ ကျောင်းများတွင် အင်္ဂလိပ်ဘာသာကို အင်္ဂလိပ်စာနှင့် အောင်မြင်ပြီး ကျွမ်းကျင်သည့် ဆရာ ဆရာမများကို အတန်းတိုင်းတွင် တာဝန်ချထားပြီး သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ အင်္ဂလိပ်စာ သင်ကြားပေးသည့် ဆရာ ဆရာမများသည် အတန်းထဲဝင်ကတည်းက Classroom Language ကိုသာ ပြောပြီး သင်ကြားပေးရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာဦးကွယ်ကွယ်တို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဇန်နဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပစ္စုပ္ပန်အခွင့်အရေးရှိနေတဲ့အချိန်မှာ နောင်လာနောက်သားတွေအတွက် ကောင်းကျိုးချမ်းသာတွေဖြစ်အောင် အမွေကောင်း ချန်လှပ်ထားနိုင်ဖို့ လုပ်ဆောင်ရမယ်

**ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်**

**တိုင်းရင်းသားလူမျိုးများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဖိုရမ်သို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်-**


ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်


ဒုတိယဝန်ကြီး ဦးအောင်လှထွန်း


ဒေါ်စံဝင့်ခိုင်


ဦးခိုင်မြတ်ကျော်

**နိုင်သက်လွင်**
**ပြည်ထောင်စုဝန်ကြီး**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို ကျွန်တော်တို့တိုင်းရင်းသားအားလုံး သဘောတူညီချက်နဲ့ ကြိုးစားတည်ဆောက်နိုင်မှ ကျွန်တော်တို့နိုင်ငံ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်မယ်၊ အပစ်အခတ်မရပ်စဲဘဲ ငြိမ်းချမ်းရေးဆွေးနွေးတာ ဘယ်လိုမှ မအောင်မြင်နိုင်ဘူး၊ အပစ်အခတ်ရပ်စဲပြီးမှ နိုင်ငံရေးအဆင့် သဘောတူညီချက် မရရအောင် ဆွေးနွေးမယ်ဆိုရင် ရရှိနိုင်ပါတယ်။

နေပြည်တော်က တိုင်းရင်းသားကျေးရွာကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအောက်ကို ပြောင်းရွှေ့ဖို့ လောလောဆယ် အစည်းအဝေးလုပ်ပြီး ဝန်ကြီးဌာနပေါင်းစုံရဲ့ အကြံဉာဏ်ယူပြီး ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ သူတို့ရဲ့ မူလ ရည်ရွယ်ချက်လည်း မပျက်မယွင်းအောင် လုပ်ရမယ်၊ ပိုက်ဆံရဖို့ပဲ လုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံ ပျက်စီးသွားပြီး စီးပွားရေးပဲ ဖြစ်သွားမှာ စိုးရိမ်တယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနက အသစ်ဆိုတော့ လေ့လာစူးစမ်းနေရပါတယ်၊ တိုင်းရင်းသားတွေ ဘက်စုံဖွံ့ဖြိုးဖို့ကတော့ လိုအပ်နေတယ်၊ ငြိမ်းချမ်းရေးရှိတဲ့နေရာမှာ စီးပွားရေးဖွံ့ဖြိုးအောင် လုပ်ရမယ်၊ ပညာရှင်တွေနဲ့ လုပ်ငန်းရှင်တွေကလည်း ကူညီတယ်၊ တိုက်တွန်းတယ်၊ ဒါဆိုရင် ကောင်းပြီဆိုပြီး မဖြစ်ဖြစ်အောင် ကြိုးစားတယ်၊ လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေက ဝိုင်းဝန်းကူညီပံ့ပိုးတဲ့အတွက်လည်း ဒီဖိုရမ်ဖြစ်လာတာပါ။

ကျွန်တော်တို့ ပြီးခဲ့တဲ့အတိတ်သမိုင်းက ကောင်းတဲ့အတိတ်သမိုင်းတွေကို ယူဆောင်လာပြီးတော့ ပစ္စုပ္ပန်အခွင့်အရေးရှိနေတဲ့အချိန်မှာ နောင်လာနောက်သားတွေအတွက် ကောင်းကျိုးချမ်းသာတွေဖြစ်အောင် အမွေကောင်း ချန်လှပ်ထားနိုင်ဖို့ လုပ်ရမယ်လို့ ပြောချင်ပါတယ်။

**ဦးအောင်လှထွန်း**
**ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန**

ကျွန်တော် ဒီဖိုရမ်ကို တက်ရောက်ခွင့်ရတာ ဝမ်းသာဂုဏ်ယူပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လည်း တိုင်းရင်းသားတစ်ယောက်ဖြစ်လို့ပါပဲ၊ ဝန်ကြီး ပြောသွားတာကို နားထောင်ပြီး ကျွန်တော်တို့ နိုင်ငံဘာလို့နောက်ကျကျန်ခဲ့တာလဲ၊ ဒုတိယသမ္မတ မိန့်ခွန်းမှာလည်း ပါပါတယ်၊ ကျွန်တော် ဝမ်းနည်းဝမ်းသာဖြစ်မိတယ်၊ ကျွန်တော်တို့ မညီညွတ်ခဲ့လို့ ကျန်ရစ်ခဲ့ကြတယ်၊ ကျွန်တော်တို့မှာ ရေ၊ မြေသဘာဝ သိပ်ကောင်းတယ်၊ သယံဇာတ ကောင်းတယ်၊ လူငယ်အရင်းအမြစ်တွေ ကောင်းတယ်၊ ကျွန်တော် နားထောင်ပြီးတော့ စိတ်မကောင်းဖြစ်မိတယ်၊ ကျွန်တော်တို့ ဘာလို့ ဒီလိုဖြစ်ခဲ့ရတာလဲ၊ ကျွန်တော်တို့ သင်ခန်းစာယူပြီး ရှေ့ကိုလျှောက်လှမ်းတဲ့အခါ ပိုပြီးကောင်းမွန်အောင် လက်တွဲလုပ်ဆောင်သွားကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

အဓိကကတော့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုပါ၊ သွားရေး လာရေးကလည်း ခက်ခဲတယ်၊ အတိတ်က အုပ်ချုပ်ရေး စနစ်တွေနဲ့လည်း ဆိုင်တယ်၊ ဒုတိယသမ္မတဆိုရင် ချင်းအမျိုးသား၊ ဝန်ကြီးဆိုရင် မွန်အမျိုးသား၊ ကျွန်တော်ဆိုရင် ရခိုင်၊ ကျွန်တော် ချက်ချင်းမြင်လိုက်ရတယ်၊ ကျွန်တော်တို့ ရင်ထဲမှာ အားလုံးတူညီနေကြတယ်၊ ခံစားချက်တွေရှိတယ်၊ အားလုံးညီညွတ်ချင်ကြတယ်၊ အလှမ်းဝေးခဲ့ကြတယ်၊ အတိတ်ကို သင်ခန်းစာယူပြီး ရှေ့ကိုလျှောက်လှမ်းကြပါစို့လို့ မေတ္တာရပ်ခံချင်ပါတယ်။

**ဒေါ်စံဝင့်ခိုင်**
**မွန်ပြည်နယ်**
**ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

တိုင်းရင်းသားရေးရာဝန်ကြီးတွေ ၂၉ ဦးတွေ့ဆုံပြီး တိုင်းရင်းသားတွေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုလုပ်ဆောင်ကြမလဲဆိုတာကို တိုင်းရင်းသားရေးရာဝန်ကြီးတွေ အချင်းချင်း ဆွေးနွေးချင်ပါတယ်၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအတွက် အခြေခံအဆောက်အအုံတွေ ပြည့်စုံကြွယ်ဝမှသာလျှင် ကျွန်မတို့ တိုင်းရင်းသားတွေ ဖွံ့ဖြိုးတိုးတက်နိုင်မှာ ဖြစ်ပါတယ်၊ အမျိုးမျိုးသော အခြေအနေအရ အခုမှပဲ လုပ်ဖြစ်ပါတယ်။

ပအိုဝ်းလူမျိုးဆိုတာ အလွန်ရိုးသားပါတယ်၊ ရိုးသားပြီး ဘာသာတရား ကြည်ညိုတယ်၊ အေးအေးချမ်းချမ်းနဲ့ တောင်ယာတွေလုပ်ကိုင်ကြတယ်၊ ကိုယ့်ရိုးရာဓလေ့နဲ့ပဲ နေကြပါတယ်၊ ပဲခူးတိုင်းဒေသကြီးနဲ့ မွန်၊ ကရင်မှာလည်း ပအိုဝ်းတိုင်းရင်းသားတွေ ရှိပါတယ်။ ကျွန်မတို့ ပအိုဝ်းလူမျိုးတွေဟာ အေးအေးချမ်းချမ်း သီးခြားနေတတ်ပါတယ်။

အခုဆိုရင် ကျွန်မတို့ ပအိုဝ်းလူမျိုး၊ စာပေယဉ်ကျေးမှုအဖွဲ့တွေကို တိုင်ပင်တယ်၊ စုစည်းတယ်၊ ကျွန်မတို့လူမျိုးတွေ ပအိုဝ်းလူမျိုးတွေ ဖွံ့ဖြိုးတိုးတက်အောင် တစ်ဦးချင်းစီရဲ့ အရည်အသွေးတွေ တိုးတက်ဖို့ လိုတယ်၊ ရိုးသားနေရုံနဲ့ မဖြစ်ပါဘူး၊ ကျွန်မတို့ လူမျိုးတွေ ကျန်ရစ်ခဲ့မယ်၊ မကျန်ရစ်ခဲ့ရအောင် ပညာတတ်ရင် တတ်တဲ့အလျောက်၊ မတတ်သူကိုလည်း မတတ်တဲ့အလျောက် အသက်မွေးဝမ်းကျောင်းပညာရပ်တွေပေးမယ်၊ ပညာတတ်သူတွေကိုလည်း ဒီထက်မက ဖွံ့ဖြိုးတိုးတက်အောင် ဗဟုသုတတွေပေးမယ်၊ အခြားသော လူမှုဆက်ဆံရေးတွေပါ ကောင်းမွန်အောင် ပညာပေးဖိုရမ်တွေ၊ အားကစားတွေ၊ ဟောပြောပွဲတွေ စီစဉ်ဆောင်ရွက်ပေးမယ်လို့ ပအိုဝ်းလူမျိုးအဖွဲ့အစည်းတွေနဲ့ ကျွန်မတို့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဆောင်ရွက်ပေးပါတယ်။

အခုဖိုရမ်ကို လာရောက်ရခြင်းကလည်း ပအိုဝ်းလူမျိုးတွေအတွက် ရှေ့ဆက်လက် ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်မလဲဆိုပြီးတော့ အကြံဉာဏ်တွေ ယူဖို့လာတာ ဖြစ်ပါတယ်၊ စကားတစ်ခွန်းရှိပါတယ်၊ လူတွေက ကံကောင်းရင် ချမ်းသာတယ်တဲ့၊ ကံကောင်းတဲ့သူထက် ဝီရိယရှိတဲ့သူက ပိုချမ်းသာပါတယ်၊ ဝီရိယရှိတဲ့သူထက် မိတ်ကောင်းဆွေကောင်းရှိတဲ့သူက ပိုချမ်းသာပါတယ်၊ မိတ်ကောင်းဆွေကောင်းဆိုတဲ့ အထဲမှာ ပေးကမ်းစွန့်ကြဲတတ်တဲ့သူကြောင့် ပိုချမ်းသာတယ်ဆိုတော့ ပေးကမ်းစွန့်ကြဲတဲ့ သူတွေကို လာရှာတာပါ၊ ပေးကမ်းစွန့်ကြဲတယ်ဆိုတာ ငွေကိုပြောတာမဟုတ်ပါဘူး၊ ကျွန်မတို့အတွက် ဗဟုသုတတွေ၊ မိတ်ဆွေတွေကို လာရှာတာပါ၊ ဗဟုသုတတွေ ဖွံ့ဖြိုးဖို့ နည်းလမ်းကောင်းတွေ ကျွန်မတို့ဒေသကို ပြန်လည်ယူဆောင်သွားပြီး ပအိုဝ်းတိုင်းရင်းသားတွေ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ဆောင်သွားမှာပါ။

**ဦးခိုင်မြတ်ကျော်**
**အယ်ဒီတာချုပ်၊ နိရဉ္စရာသတင်းဌာန**

Burma News International ကိုယ်စားလှယ်အနေနဲ့ လာတာဖြစ်ပါတယ်၊ မြန်မာသတင်းသမဂ္ဂက ကိုယ်စားလှယ် အယောက် ၂၀ ကို ဖိတ်ပါတယ်၊ ဆွေးနွေးမယ့်အထဲမှာလည်း ကျွန်တော်ပါပါတယ်၊ အဓိကကတော့ တိုင်းရင်းသားမီဒီယာနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးကဏ္ဍကို ဦးစားပေးဆွေးနွေးသွားမှာပါ၊ တိုင်းရင်းသားမီဒီယာတွေရဲ့ အနာဂတ်အတွက် ရေရှည်ရပ်တည်ရေးကို ဆွေးနွေးသွားမှာဖြစ်ပါတယ်၊ တိုင်းရင်းသားမီဒီယာတွေဆိုတာ ပြည်နယ်အသီးသီးက တိုင်းရင်းသားတွေကို အခြေခံပြီး လုပ်ရတဲ့အခါ ကျွန်တော်တို့မှာ ဈေးကွက်လည်း မရှိပါဘူး၊ အဖွဲ့အစည်းကလည်း သေးပါတယ်၊ ငွေကြေးလည်း အရင်းအနှီးစိုက်ထုတ်နိုင်တာတွေမရှိပါဘူး၊ တိုင်းရင်းသား မီဒီယာတွေရဲ့ အခန်းကဏ္ဍဟာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါတယ်၊ တိုင်းရင်းသားမီဒီယာ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နိုင်ငံတော်အစိုးရအပိုင်းကလည်း ကူညီပံ့ပိုးဖို့လိုပါတယ်၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်တွေကလည်း ကူညီပေးဖို့လိုပါတယ်၊ မြန်မာနိုင်ငံမှာ တိုင်းရင်းသားမီဒီယာတွေရဲ့ အခန်းကဏ္ဍက အလွန်အရေးပါပြီး ဒီမိုကရေစီကိုသွားတဲ့နေရာမှာ တိုင်းရင်းသားမီဒီယာတွေရဲ့ အခန်းကဏ္ဍဟာ မရှိလို့ မဖြစ်ပါဘူး၊ ဒါကြောင့် တိုင်းရင်းသားမီဒီယာတွေရဲ့ အခန်းကဏ္ဍကို မြေတောင်မြှောက်ပေးဖို့ လိုပါတယ်။

**သတင်း-မိမိဖြိုး**
**ဓာတ်ပုံ- ကျော်ရဲဆွေ**

## KBZ Bank U-13 အမျိုးသမီးပြိုင်ပွဲတွင် ရှမ်း(တောင်)အသင်း ဗိုလ်စွဲ



ပထမဆုရ ရှမ်း(တောင်)အသင်းအား ဆုယူအပြီး တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အမျိုးသမီးလိဂ်ကော်မတီနှင့် KBZ Bank တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် KBZ Bank U-13 Girls Tournament 2018 (States & Regions) ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏ မြက်ခင်းတုကွင်း၌ ကျင်းပရာ ရှမ်း(တောင်)အသင်းက မကွေးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဒုတိယဆုရသည့် မကွေးအသင်းအား ဆုတံဆိပ်နှင့် ငွေကျပ် ၁၀ သိန်း၊ ပထမဆုရသည့် ရှမ်း(တောင်)အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေကျပ် ၁၅ သိန်းနှင့် ချန်ပီယံဆုဖလားတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒု-ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမျိုးသမီးလိဂ်ကော်မတီဥက္ကဋ္ဌ ဦးလှဌေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ဌေးဌေးခိုင်၊ KBZ Bank Deputy Managing Director ဒေါ်မြင့်မြင့်ချိုနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

**သတင်း-ဖိုးသော်ဇင်၊ဓာတ်ပုံ-စိုးညွန့်**

## ထီးချိုင့်မြို့နယ်၌ မြတောင်အထက ပညာရေးစုံညီပွဲတော် ကျင်းပ

**ထီးချိုင့် ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တွင် မြတောင်အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၈ ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်နှင့် မြို့နယ်တရားသူကြီး ဦးကျော်ဝေလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နဝမတန်းကျောင်းသားကျောင်းသူများက စုံညီပွဲတော် ဒိုးနွဲ့ပျော်သီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်သည်။ဆက်လက်၍တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်နှင့် မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်တို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးဝင်းဦးက စုံညီပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေများကို ငွေစာရင်းခေါင်းစဉ်အလိုက် သုံးစွဲရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တစ်နှစ်တာအတွင်း ကာယ၊ ဉာဏ၊ စာရိတ္တထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် မှတ်တမ်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ချီးမြှင့်ခဲ့သည်။

**ကျော်ခဲ (ထီးချိုင့်)**



# မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အို မဲဆန္ဒရှင်များ ယခုထက်ပို၍ ရွေးကောက်ပွဲများတွင် ပါဝင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာ့နိုင်ငံရေးအပြောင်းအလဲတွင် လူနည်းစုများ၏ အခွင့်အရေး မြှင့်တင်ခြင်းဆိုင်ရာ ကဏ္ဍပေါင်းစုံမှ ပါဝင်ပတ်သက်သူများ၏ ဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန(IBC)၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် ရွေးကောက်ပွဲသည် အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသဖြင့် ဆန္ဒမဲပေးခွင့်ရှိသည့် နိုင်ငံသားအားလုံး ရွေးကောက်ပွဲများတွင် ပါဝင်နိုင်စေရေး၊ တရားမျှတစွာ ယှဉ်ပြိုင်ခွင့်ရရှိရေးနှင့် လွတ်လပ်စွာ ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးတို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အစဉ်အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားများ၊ အမျိုးသမီးများအပြင် မသန်စွမ်းပုဂ္ဂိုလ်များပါဝင်နိုင်သည့် All inclusive Election များ ဖြစ်ပေါ်စေရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲနည်းဥပဒေများ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် မဟာဗျူဟာ ၂၀၁၄-၂၀၁၈ ရေးဆွဲခဲ့ရာတွင် Mili အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲခဲ့ပါကြောင်း၊ အားလုံးပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်းတွင် မသန်စွမ်းသူများ ရရှိစေမည့် အခွင့်အရေးများအတွက် အသိပညာပေးခြင်းနှင့် ဆန္ဒမဲပေးခွင့် အပြည့်အဝ ရရှိရေးတို့ကို ထည့်သွင်းရေးဆွဲနိုင်ခဲ့ပါကြောင်း၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများနှင့် အကူအညီလိုအပ်သူများအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လက်စမ်းစာဖြင့် မဲပေးနိုင်သောစနစ်အား တီထွင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မသန်စွမ်းမဲဆန္ဒရှင်များအတွက် စံပြမဲရုံ ၁၈ ရုံ၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် မသန်စွမ်း မဲဆန္ဒရှင်များအတွက် စံပြမဲရုံ ကိုးရုံ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အနာဂတ်တွင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကူအညီများဖြင့် မဲဆန္ဒရှင်များ ဆန္ဒမဲပေးခွင့် အပြည့်အဝရရှိစေရေးနှင့် မသန်စွမ်းသူများ အဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အို မဲဆန္ဒရှင်များအနေဖြင့်လည်း ယခုထက်ပို၍ ရွေးကောက်ပွဲများတွင် ပါဝင်လာနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများက ကြိုးပမ်းနေကြသည့် Sustainable Development Goals များကို အကောင်အထည် ဖော်ရာတွင် မသန်စွမ်းသူများ အပါအဝင် Marginalized People များ၏ အခန်းကဏ္ဍကို ထည့်သွင်းဆွေးနွေးကြမည်ဖြစ်သည့်အတွက် ပြည်သူအားလုံး တန်းတူအခွင့်အရေးများ ရရှိရေးကို များစွာအထောက်အကူပြုမည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး၊ နိုင်ငံတကာ ရွေးကောက်ပွဲစနစ်များ ဆိုင်ရာ ဖောင်ဒေးရှင်း(IFES)၏ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံ Mr. Paul Guerin နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်တို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ အမှုဆောင်ဒါရိုက်တာ ဦးနေလင်းစိုးက ဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များနှင့် မသန်စွမ်းသူများ၏ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲကို "ကျွန်တော်တို့ကို ချန်မထားခဲ့ပါနဲ့ (Don't Leave Us Behind)"ဆိုသည့် ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(MILI)က ကြီးမှူး၍ ယနေ့မှ ဇန်နဝါရီ ၁၉ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး "မသန်စွမ်းမှု၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုရေးဝန်ဆောင်မှုများ"၊ "မသန်စွမ်းမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ၊ သက္ကရာဇ် ၂၀၃၀ ကမ္ဘာ့လုပ်ငန်းစဉ်များ"၊ "မြန်မာ့နိုင်ငံရေးအပြောင်းအလဲတွင် လူနည်းစုများ၏ နိုင်ငံရေးအရပါဝင်မှုမြှင့်တင်ခြင်း"၊ "မသန်စွမ်းသူများနှင့် ဖယ်ကြဉ်ခံပြည်သူများ အကျုံးဝင်ပါဝင်မှုကို ဦးတည်သော အတွေ့အကြုံ၊ အလေ့အထကောင်းများ"၊ "စစ်မှန်သော အခွင့်အရေး စွမ်းဆောင်ပေးရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ရယူသုံးစွဲနိုင်မှု"၊ "လူတိုင်းအကျုံးဝင်ရေးအတွက် ဖော်ဆောင်ရမည့် မဟာဗျူဟာများ၊ လုပ်ဆောင်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ" နှင့် "အားလုံးအကျုံးဝင်သော ဥပဒေနှင့် မူဝါဒများ" စသည့် ခေါင်းစဉ်များဖြင့် ကဏ္ဍများခွဲ၍ ဆွေးနွေးကြမည်ဖြစ်သည်။

**သတင်းစဉ်**

## ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၈/၂၀၁၈**
၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

**ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် မြန်အောင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှမိုးအောင် ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ရခိုင်ပြည်နယ်ဝန်ကြီး တာဝန်မှရပ်စဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၉/၂၀၁၈**
၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

**ရခိုင်ပြည်နယ်ဝန်ကြီး တာဝန်မှရပ်စဲခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ်(၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၅ တို့ပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးမင်းအောင် ကို တာဝန်မှ ရပ်စဲလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ရွှေသွေးတို့ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "ရွှေသွေးတို့ကဗျာရွတ်ဆိုပြိုင်ပွဲ"ကို ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်ရုံးခန်းမ(ဒုတိယထပ်)တွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ဖောင်များကို ဇန်နဝါရီ ၁၈ ရက်မှစ၍ စာပေဗိမာန်ရုံး ကလေးစာကြည့်တိုက်(မြေညီထပ်)တွင် အခမဲ့ထုတ်ယူနိုင်ပြီး ဇန်နဝါရီ ၂၃ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့နိုင်သည်။

ပြည်ထောင်စုနေ့နှင့်ပတ်သက်သည့် မည်သည့်ခေါင်းစဉ်နှင့်မဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အသက်(၈)နှစ်မှ (၉)နှစ်အထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပါဝင်ယှဉ်ပြိုင်နိုင်သူ ၂၀ သာ ကန့်သတ်ထားပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၁၄၄၇၊ ၀၉-၃၁၃၄၅၉၁၆ နှင့် ၀၉-၇၉၅၂၇၉၀၂၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**သတင်းစဉ်**

## ဒက္ခိဏသီရိစက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံမှုပြုနိုင်ရန် ညှိနှိုင်းအစည်းအဝေး ပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော် အသေးစားနှင့်အလတ်စား စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ၏ ဒက္ခိဏသီရိစက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံမှုပြုနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် အသေးစားနှင့်အလတ်စား စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော် အသေးစားနှင့်အလတ်စား စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က စက်မှုဇုန်အတွင်း မြေကွက်လျှောက်ထားမှုများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး နေပြည်တော် အသေးစားနှင့်အလတ်စား စက်မှုဇုန်ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟိန်းဇော်က စက်မှုဇုန်နှင့်ပတ်သက်၍ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဆပ်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများ၏ လက်ရှိလည်ပတ်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် လုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရာတွင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးကြရာ နေပြည်တော် အသေးစားနှင့်အလတ်စား စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ကဏ္ဍအလိုက် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်သတင်း

## UEHRD ပြည်ထောင်စုစီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး UNHCR နှင့် UNFPA တို့က လာရောက်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ ကိုယ်စားလှယ် Mr. Giuseppe de Vinecentiis နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ ကုလသမဂ္ဂယာယီညှိနှိုင်းရေးမှူး Ms. Janet E. Jackson တို့သည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။

UNHCR ကိုယ်စားလှယ်နှင့်တွေ့ဆုံစဉ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စ၊ ပြန်လည်လက်ခံရေးဌာနနှစ်ခုနှင့် ယာယီနေထိုင်ရေး အဆောက်အဦများ အသင့်ရှိနေသည့်ကိစ္စ၊ ပြန်လည်နေရာချထားရေးအတွက် လူနေအိမ်များဆောက်လုပ်နေပြီး နေထိုင်မည့်သူများကိုယ်တိုင် ပါဝင်အလုပ်လုပ်နိုင်ပြီး အခကြေးငွေ ရရှိနိုင်မည့်ကိစ္စ၊ သံတမန်များနှင့် သတင်းမီဒီယာများ သွားရောက်လေ့လာ သတင်းရယူနိုင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

UNFPA မှ ကုလသမဂ္ဂယာယီညှိနှိုင်းရေးမှူးနှင့် တွေ့ဆုံစဉ် ဇန်နဝါရီ ၂၃ ရက်မှစ၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများ စတင်မည့်ကိစ္စ၊ မြို့ရွာများအား နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ ဖော်ဆောင်နေသည့်ကိစ္စ၊ နိုင်ငံသားစိစစ်ရေးကတ် (National Verification Card) ထုတ်ပေးရေး အစီအစဉ်အား အရှိန်မြှင့်တင် ဆောင်ရွက်မည့်ကိစ္စ၊ ၂၀၁၂ ခုနှစ်အတွင်း တည်ဆောက်ခဲ့သော ယာယီကယ်ဆယ်ရေးစခန်းများ ပိတ်သိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်ကိစ္စ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ဘက်ပေါင်းစုံမှ အားလုံးပူးပေါင်းပါဝင်နိုင်ရေးနှင့် အကျိုးထိရောက်မှုရှိစေရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## စစ်တွေမြို့၌ ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာလုပ်ငန်း ညှိနှိုင်းဆွေးနွေး

**စစ်တွေ ဇန်နဝါရီ ၁၈**

စစ်တွေမြို့၌ ပြန်လည်စိစစ်လက်ခံရေးဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ဂေဟာ၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ ကော်မတီ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ အထူးလုပ်ငန်းအဖွဲ့(Task Force) ဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။



ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ပြန်လည်လက်ခံရေးစခန်းတွင် ဆောင်ရွက်နေမှုအခြေအနေများအား သက်ဆိုင်ရာဌာနအလိုက် ဆွေးနွေးတင်ပြကြရာ နေရပ်စွန့်ခွာသူများ လက်ခံရေး အစီအစဉ်နှင့် ၎င်းတို့အတွက် လုံခြုံရေးနှင့် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကိစ္စရပ်များ၊ ပြန်လည်နေရာချထားရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရေး၊ ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး စီစဉ်ထားရှိမှုကိစ္စ၊ လွတ်လပ်လုံခြုံစွာ သွားလာလုပ်ကိုင်ခြင်းအတွက် နိုင်ငံသားစိစစ်ရေးကတ်များ စိစစ်ထုတ်ပေးနေမှုကိစ္စများအား ဆွေးနွေးကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ဒေါက်တာအေးမောင်အား ဖမ်းဆီးရမိ ချုပ်ရမန်ရယူပြီး စစ်တွေအကျဉ်းထောင်တွင် ချုပ်နှောင်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ ဇန်နဝါရီ ၁၅ ရက်က ပြုလုပ်သည့် ရခိုင်နိုင်ငံတော်အချုပ်အခြာအာဏာ ကျဆုံးခြင်း ၂၃၃ နှစ်မြောက် ဝမ်းနည်းဖွယ်အထိမ်းအမှတ် စာပေဟောပြောပွဲတွင် ဟောပြောမှုကြောင့် ရသေ့တောင်မြို့နယ်ရဲစခန်းက မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) ဖြင့် အမှုဖွင့်ထားသည့် ဒေါက်တာအေးမောင်အား စစ်တွေမြို့နယ် ရဲစခန်းမှူးနှင့်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့ အိုးတန်းရပ်ကွက် ရွှေဘန်းလမ်းရှိ ၎င်း၏ နေအိမ်မှ ဖမ်းဆီးရမိခဲ့ကြောင်း၊ ထို့နောက် စစ်တွေမြို့နယ် တရားသူကြီး ဦးစိန်ကျော်သူထံတွင် ဇန်နဝါရီ ၁၈ ရက်မှ ၃၁ ရက်အထိ ချုပ်ရမန်ရယူပြီး စစ်တွေအကျဉ်းထောင်၌ ဒေါက်တာအေးမောင်အား ချုပ်နှောင်ထားကြောင်း သိရှိရသည်။

စာပေဟောပြောပွဲတွင် ဒေါက်တာအေးမောင်က ဗမာများအနေဖြင့် ရခိုင်လူမျိုးများကို ဗမာ့ကျွန်အဖြစ်လောက်သာ ထားရှိပြီး တန်းတူအခွင့်အရေး မပေးကြောင်း၊ အချုပ်အခြာအာဏာရရှိရေးအတွက် နည်းလမ်းနှစ်ခုသာရှိကြောင်း၊ လက်နက်ကိုင်တော်လှန်ရေးနည်းနှင့် ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များရှိကြောင်း၊ မိမိမှာ နောက်တစ်နည်းဖြစ်သော လူထုဗဟိုပြု နိုင်ငံရေးနည်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိ နိုင်ငံရေးအားနည်းချက်ကို အခွင့်ကောင်းယူ၍ ပန်းတိုင်ရောက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း စသည်တို့ အပါအဝင် ဟောပြောခဲ့သဖြင့် ယခုကဲ့သို့ မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) ဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြောက်ဦးမြို့၌ သေဆုံးသွားသူ မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်

**မြောက်ဦး ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေ၊ ရကဖ(၄) ရဲမှူးချုပ်မြဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိ ရပ်ဖများ တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါအခမ်းအနားတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက အဖွင့်အမှာစကား ပြောကြားရာတွင် မြောက်ဦးမြို့၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်မကောင်းဖြစ်မိပါကြောင်း၊ နေရပ်စွန့်ခွာသူများနှင့်ပတ်သက်ပြီး ပြန်လည်လက်ခံရန်အတွက် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အတွင်း အရေးကြီးလုပ်ငန်းကိစ္စ လုပ်ကိုင်ဆောင်ရွက်နေချိန်တွင် နိုင်ငံတကာမှ စီးပွားရေးအရ ပိတ်ဆို့မှုများ ပြုလုပ်လာလျှင် စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိသော ပစ္စည်းများ ပြည်ပသို့ တင်ပို့မှု မရရှိနိုင်ခြင်း၊ အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခြင်းတို့ကို ကြုံတွေ့ရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် သေဆုံးသူမိသားစုဝင်များအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေပေးအပ်ခြင်းကို ဆက်လက်ကျင်းပရာ အတွင်းရေးမှူး ဦးတင်မောင်ဆွေက သေဆုံးသူ ခုနစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၅ သိန်းအား တောင်ရပ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး ရတနာ့ပါလနာရေးကူညီမှုရုံးသို့ သွားရောက်၍ ထောက်ပံ့ငွေများအား တောင်ရပ်အုပ်ချုပ်ရေးမှူးက သေဆုံးသူမိသားစုဝင်များ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**



## စတုတ္ထအသုတ် စေတနာ့ဝန်ထမ်းလူငယ်များ စစ်တွေမြို့သို့ ရောက်ရှိ

**စစ်တွေ ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) လုပ်ငန်းစဉ်များအနက် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိထိရောက်ရောက် ပေးအပ်ဆောင်ရွက်နိုင်ရေးအတွက် စေတနာ့ဝန်ထမ်း လူငယ်များသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ကစ္ဆပမော်တော်ယာဉ်များဖြင့် စစ်တွေမြို့သို့ ရောက်ရှိလာသည်။

အဆိုပါလူငယ်များကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး စစ်တွေမြို့၌ ခေတ္တတည်းခိုကြမည့် ဓညဝတီအားကစားရုံရှိ ရိပ်သာများသို့ ပို့ဆောင်ပေးကြသည်။ စေတနာ့ဝန်ထမ်းလူငယ်များအဖွဲ့တွင် အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၄၀ ပါဝင်ပြီး ၎င်းလူငယ်အဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရွှေပြည်တန်အမြန်ရေယာဉ်ဖြင့် မောင်တောဒေသသို့ ဆက်လက်ထွက်ခွာကြမည်ဖြစ်သည်။

စေတနာ့ဝန်ထမ်းလူငယ်များသည် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များသို့ ကွင်းဆင်းကာ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံပြီး လူသားချင်းစာနာမှုထောက်ပံ့ပေးရေး အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# အရည်အသွေးစစ်ဆေးသော နိုင်ငံတကာအဆင့်မီ အစားအသောက် ဓာတုဗေဒဆိုင်ရာ ရည်ညွှန်းဓာတ်ခွဲခန်းနှင့် စာကြည့်တိုက်အဆောက်အအုံများ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်သူအများ အရည်အသွေးပြည့်ဝ၍ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ လူသုံးကုန်နှင့် ဆေးပစ္စည်းကိရိယာများ ရရှိသုံးစွဲနိုင်ရေးကို အဆုံးအဖြတ်ပေးနိုင်မည့် ဓာတ်ခွဲစမ်းသပ်အဖြေထုတ်ပေးခြင်းကို မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် အရည်အသွေးစစ်ဆေးသော နိုင်ငံတကာအဆင့်မီ အစားအသောက် ဓာတုဗေဒဆိုင်ရာ ရည်ညွှန်းဓာတ်ခွဲခန်း အဆောက်အအုံများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါအဆောက်အအုံရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။



အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနၵ အရည်အသွေးစစ်ဆေးသော နိုင်ငံတကာအဆင့်မီ အစားအသောက် ဓာတုဗေဒဆိုင်ရာရည်ညွှန်းဓာတ်ခွဲခန်း ယခုကဲ့သို့ တည်ဆောက်ဖွင့်လှစ်နိုင်ရေးအတွက် ထောက်ပံ့ကူညီခဲ့သော United States Pharmacopeia (USP) နှင့် EU GIZ အဖွဲ့တို့အား ကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းကြီးသည် အစားအသောက်နှင့် အလှကုန်ပစ္စည်းများ၏ အရည်အသွေးပြည့်ဝ၍ ဘေးအန္တရာယ်ကင်းရှင်းစေရန် နိုင်ငံတကာအဆင့်မီ စစ်ဆေးပေးနိုင်မည်ဟု သိရကြောင်း၊ ဘေးအန္တရာယ်ကင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များဖြစ်စေရန် စစ်ဆေးနိုင်ခြင်းသည် မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူအားလုံးအတွက် လွန်စွာအကျိုးရှိကြောင်း၊ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းဖြင့် အရည်အသွေးစစ်ဆေးသောအခါ United States Pharmacopeia ၏ Standard စံနှုန်းအတိုင်း စစ်ဆေးစေလိုကြောင်းနှင့် စမ်းသပ်စစ်ဆေးသော စံနှုန်း (Standard) ကိုလည်း ထိန်းသိမ်းနိုင်ရန်လိုအပ်ကြောင်း၊ ထို့အပြင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတွင် ခေတ်မီစာကြည့်တိုက် ဖွင့်လှစ်နိုင်သည့်အတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် စာကြည့်တိုက်ကို အသုံးပြုသည့် အလေ့အကျင့်၊ စာဖတ်ခြင်း၊ လေ့လာဆွေးနွေး စကားဝိုင်းဖွဲ့ပြောဆိုခြင်း အလေ့အကျင့်များ ပြုလုပ်ကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ပြည်သူ့လွှတ်တော် ကျန်းမာရေး၊ အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ စံရွှေဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Scot Marcial ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ပထမဆုံးညွှန်ကြားရေးမှူး ဒေါက်တာ မင်းဆွေ၊ ပထမဆုံးညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွှန့်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်ခင်ချစ်တို့က ဓာတ်ခွဲခန်းအဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံ ကမ္ပည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အထူးပြု အဆင့်မြင့် စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း မကြာမီ ဖွင့်လှစ်မည်

**မြစ်ကြီးနား ဇန်နဝါရီ ၁၈**

မြစ်ကြီးနားမြို့ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ဦးစီးဖွင့်လှစ်မည့်သင်တန်း၌ ပဲစင်းငုံအထူးပြု တန်ဖိုးမြင့် အဆင့်မြင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာများနှင့် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံဖြင့် ပြုလုပ်သော စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာများကိုလည်း သင်ကြားပေးသွားမည်ဖြစ်ကာ ရပ်ဝေးမှလာရောက်သင်ကြားမည့် သင်တန်းသား သင်တန်းသူများအတွက် နေထိုင်ရေးနှင့် စားသောက်ရေးအတွက် ဌာနက စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းနှင့် ပတ်သက်၍ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ပြည်နယ်ဦးစီးဌာနမှူး ဦးအောင်မောင်းက "ဒီသင်တန်းကို ဖွင့်ရတာကတော့ ဒေသတွင်းမှာရှိတဲ့ ပြည်သူတွေအတွက် ဒေသထွက်ကုန်တွေနဲ့ စားသောက်ကုန် ထုတ်လုပ်တဲ့ နည်းပညာရစေချင်တာကြောင့် ဖွင့်လှစ်ပေးဖို့ စီစဉ်ဖြစ်ခဲ့တာပါ"ဟု ပြောသည်။

ယခုဖွင့်လှစ်မည့် သင်တန်းကို စားသုံးသူ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းသည့် တန်ဖိုးမြင့် ပဲစင်းငုံအခြေခံစားသောက်ကုန်များ ထုတ်လုပ်တတ်စေရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၌ ယင်းဌာနနှင့် မဂ်လာမြစ်ကြီးနား ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးမည့် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံတို့ဖြင့် ပြုလုပ်သော စားသောက်ကုန်များ ထုတ်လုပ်မှုနှင့် ပဲစင်းငုံအထူးပြု တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုသင်တန်းကို ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ရပ်နီး ရပ်ဝေးမှ မည်သူမဆို အခမဲ့လာရောက်သင်ကြားနိုင်ကြောင်း သိရသည်။ **မင်းမင်းဦး**

# ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကျင်းပရာ လမ်းတစ်လျှောက် ခေတ္တလမ်းလွှဲ၊ လမ်းပိတ်ထားမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၂၁ ရက်တွင် ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပမည့်ရက်တွင် နံနက် ၅ နာရီမှစ၍ ပြိုင်ပွဲကျင်းပရာ လမ်းတစ်လျှောက်ဖြစ်သည့် အောက်ဖော်ပြပါလမ်းများကို ခေတ္တလမ်းလွှဲ၊ လမ်းပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

(၁) ဝေဇယန္တာလမ်း (လေးထောင့်ကန်လမ်းနှင့် သံသုမာလမ်းကြား)
(၂) သံသုမာလမ်း (ဝေဇယန္တာလမ်းနှင့် ကြက်ဘဲဈေးကြား)
(၃) အထက်/အောက် ပုဇွန်တောင်လမ်း (ကြက်ဘဲဈေးနှင့် ရာဇဓိရာဇ်လမ်းကြား)
(၄) ရာဇဓိရာဇ်လမ်း (ဗန္ဓုလတံတားအောက်နှင့် ကမ်းနားလမ်း လင်းစဒေါင်းကြား)
(၅) ကမ်းနားလမ်းဟောင်း (လင်းစဒေါင်းနှင့် ကြည့်မြင်တိုင် ဟုမ်းလမ်းကြား)
(၆) ကမ်းနားလမ်းဟောင်း (ဟုမ်းလမ်းထိပ်နှင့် ကျောင်းကြီးလမ်းကြား)
(၇) ကျောင်းကြီးလမ်း (အထက်ကြည့်မြင်တိုင်လမ်းနှင့် ကမ်းနားလမ်းကြား)
(၈) အထက်ကြည့်မြင်တိုင်လမ်း (ကျောင်းကြီးလမ်းနှင့် ဟံသာဝတီ-ဗဟိုလမ်းဆုံကြား)
(၉) ဗဟိုလမ်း (ဟံသာဝတီလမ်းနှင့် ရွှာမကွေ့ကြား)
(၁၀) ဗဟိုလမ်း (ရွှာမကွေ့နှင့် စက်မှုဆေးဝါးလမ်းကြား)
(၁၁) စက်မှုဆေးဝါးလမ်း (ဗဟိုလမ်းနှင့် အင်းစိန်လမ်းကြား)
(၁၂) အင်းစိန်လမ်း (စက်မှုဆေးဝါးလမ်းနှင့် အောင်သိဒ္ဓိလမ်းကြား)
(၁၃) အောင်သိဒ္ဓိလမ်း (အင်းစိန်လမ်းနှင့် မင်းဓမ္မလမ်းကြား)
(၁၄) မင်းဓမ္မလမ်း (အောင်သိဒ္ဓိလမ်းနှင့် ပါရမီလမ်းကြား)
(၁၅) လှိုင်တက္ကသိုလ်ကျောင်းဝင်းအတွင်းလမ်း (ပါရမီလမ်းနှင့် ပြည်လမ်းကြား)
(၁၆) ပြည်လမ်း (လှိုင်တက္ကသိုလ်ဝင်ပေါက်နှင့် ILBC ရှေ့ကြား)
(၁၇) အင်းလျားလမ်း (ပြည်လမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းကြား)
(၁၈) တက္ကသိုလ်ရိပ်သာလမ်း (အင်းလျားလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းကြား)
(၁၉) ကမ္ဘာအေးဘုရားလမ်း (တက္ကသိုလ်ရိပ်သာလမ်းနှင့် ကန်ဘဲ့သစ္စာလမ်းကြား)
(၂၀) ကန်ဘဲ့သစ္စာလမ်း (ကမ္ဘာအေးလမ်းနှင့် မိုးကောင်းလမ်း)
(၂၁) မိုးကောင်းလမ်း (ကန်ဘဲ့သစ္စာလမ်းနှင့်မြောက်မြင်းပြိုင်ကွင်းလမ်း)
(၂၂) အရှေ့မြင်းပြိုင်ကွင်းလမ်း (မြောက်မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်း)
(၂၃) လေးထောင့်ကန်လမ်း (အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် ဝေဇယန္တာလမ်း)
(၂၄) ကမ်းနားလမ်းဟောင်း (ပန်းဆိုးတန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်း)
(၂၅) ရွှေတိဂုံဘုရားလမ်း (ကမ်းနားလမ်းနှင့် ဦးထောင်ဘိုလမ်း)
(၂၆) ဦးထောင်ဘိုလမ်း (ရွှေတိဂုံဘုရားလမ်းနှင့် ကန်ဘဲ့လမ်းကြား)
(၂၇) ကန်ပတ်လမ်း (ဦးထောင်ဘိုအဝိုင်းနှင့် စက်ရုံလမ်းကြား)
(၂၈) စက်ရုံလမ်း (ကန်ပတ်လမ်းနှင့် ၁၅ ပေ ခုံးတံတားကြား)
(၂၉) ဗညားဒလလမ်း (စက်ရုံလမ်းနှင့် ကျိုက္ကဆံလမ်းကြား)
(၃၀) ကျိုက္ကဆံလမ်း (ကန်ပတ်လမ်းမှ ပင်ရွှေညောင်လမ်းကြား)
(၃၁) ပင်ရွှေညောင်လမ်း (ကျိုက္ကဆံလမ်းမှ လေးထောင့်ကန်လမ်း)

တို့ဖြစ်သည်။ **သတင်းစဉ်**

# နှစ်လဲသက်တမ်းတိုးယာဉ်များအတွက် နှစ်လဲမော်တော်ယာဉ် စစ်ဆေးရက်ချိန်းကို ကြိုတင်စာရင်းသွင်းရမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် နှစ်လဲမှတ်ပုံတင်ယာဉ် စစ်ဆေးရက်ချိန်းကို ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System) ကို ဇန်နဝါရီ ၂ ရက်မှစတင်၍ ပြောင်းလဲကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Online Booking System စတင်ကျင့်သုံးသည့် ဇန်နဝါရီလအတွင်း၌ ယာဉ်ပိုင်ရှင်များအနေဖြင့် Online Booking System ကိုသတိမပြုမိကြခြင်း၊ မည်သို့ လုပ်ဆောင်ရမည်ကို မသိရှိခြင်းတို့ကို ထည့်သွင်းစဉ်းစားလျက် Booking မလုပ်ဘဲ ရုံးသို့ရောက်ရှိလာသောယာဉ်အားလုံးကို လုပ်ငန်းများ လက်ခံဆောင်ရွက်ပေးလျက်ရှိသော်လည်း ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်လဲမှတ်ပုံတင်ယာဉ်စစ်ဆေးရက်ချိန်းကို ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System)ဖြင့် မဆောင်ရွက်သည့် မော်တော်ယာဉ်အား လက်ခံဆောင်ရွက်ပေးမည် မဟုတ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြိုတင်အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေးမြို့တွင် သံဃာအပါး ၂၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာ-ထိုင်းချစ်ကြည်ရေး မြန်မာအလှူရှင်များနှင့် ထိုင်းနိုင်ငံ ဓမ္မကာယဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ဇန်နဝါရီ ၂၁ ရက်တွင် မန္တလေးမြို့ ချမ်းမြသာစည်လေဆိပ်ကွင်းဟောင်း၌ ကျင်းပမည့် သံဃာအပါး ၂၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၃၀၀၀၀ နှင့်အတူ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းမှုတွင် ထိုင်းနိုင်ငံအလှူရှင်များက ငွေကျပ်သိန်း ၄၀၀၀ နှင့် မြန်မာနိုင်ငံအလှူရှင်များက ငွေကျပ်သိန်း ၄၀၀၀ စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၈၀၀၀နှင့်အတူ အခြားအလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို လောင်းလှူသွားကြမည်ဖြစ်ကြောင်း အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိုးလင်း (မဟာမုနိဘုရားကြီးဂေါပကဥက္ကဋ္ဌ)က ပြောသည်။

"တစ်ပါးကို အလှူခံထားတာကတော့ ကျပ် ၂၀၀၀၀ နှုန်းနဲ့ပါ၊ ထိုင်းဘက်ကလည်း တစ်ပါးကို ကျပ် ၂၀၀၀၀ နှုန်းဆိုတော့ သံဃာတစ်ပါးကို ကျပ် ၄၀၀၀၀ နှုန်းလှူဒါန်းဖြစ်သွားမှာပါ၊ ဒါပေမယ့် လောင်းလှူမယ့် ပမာဏကတော့ တစ်ပါးကို နဝကမ္မဝတ္ထုငွေကျပ် ၃၀၀၀၀ နှုန်းလှူဒါန်းသွားမှာပါ၊ ကျန်တဲ့ငွေတွေနဲ့ကတော့ အရုဏ်ဆွမ်းကပ်မယ်၊ နေ့ဆွမ်းကို ဘူးနဲ့ထည့်ပြီးသံဃာအပါး ၂၀၀၀၀ ကို လောင်းလှူပွဲတံဆိပ်ပါတဲ့ ပလတ်စတစ် အိတ်လေးထဲမှာ ထည့်ပြီး တစ်ပါးချင်းကပ်လှူသွားမှာပါ၊ ကျန်တဲ့အစိတ်အပိုင်းတွေကတော့ အခမ်းအနား၊ ပြင်ဆင်စရိတ်တွေ၊ လေယာဉ်ကွင်းရှင်းလင်းရတဲ့ စရိတ်တွေ စသည်ဖြင့် အထွေထွေကုန်ကျစရိတ်တွေမှာ သုံးစွဲသွားမှာပါ"ဟု ၎င်းက ပြောသည်။

ဆွမ်းဆန်စိမ်းလောင်းလှူမည့်အစီအစဉ် အနေဖြင့် နံနက် ၆ နာရီတွင် အခမ်းအနားစတင်၍ ရေစက်ချတရားနာယူမည်ဖြစ်ပြီး နံနက် ၈ နာရီမှစ၍ နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို လောင်းလှူသွားမည်ဖြစ်ကာ လောင်းလှူမည့်အလှူရှင်များ အဆင်ပြေစွာ လှူဒါန်းမှုပြုနိုင်ရန် သံဃာတော်အပါး ၈၀၀ လျှင် တစ်တန်းနှုန်းဖြင့် သံဃာတော်အပါး ၂၀၀၀၀ အတွက် အတန်း ၂၅ တန်း စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်ပေါ်တွင် တရားမဝင် အကောက်ခွန်မဲ့ စားသောက်ကုန်၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းများ သယ်ဆောင်လာသည်ကို ရေပူစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဇန်နဝါရီ ၁၇ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဇန်နဝါရီ ၁၇ ရက်က မန္တလေးသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း စုစုပေါင်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅၆၅ သန်း)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဇန်နဝါရီ ၁၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တရားမဝင်ကုန်သွယ်မှုများကို တားဆီးမှုလေးမှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၀၉၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၈၈ သန်းခန့်)၊ စုစုပေါင်း တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၈၈၃ သန်းခန့်)အား သိမ်းဆည်းရမိခဲ့



ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဇန်နဝါရီ ၁၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၂၃ စီး၊ သွင်းကုန် ၉၇၇ စီး၊ ရန်ကုန်- မြဝတီ လမ်းတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**၀၀၁**

# မြဝတီမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

သထုံခရိုင်ရဲတပ်ဖွဲ့နှင့် မြဝတီခရိုင်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက မြဝတီမြို့



**မကြည်ပြာ(ခ)မဖြူဖြူနှင့် မျိုးမြင့်အောင်(ခ)ဝတုတ်တို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

အမှတ်(၃)ရပ်ကွက် ကုန်းမြင့်သာယာလမ်း၌ မျိုးမြင့်အောင်(ခ)ဝတုတ် မောင်းနှင်ပြီး ၎င်း၏ဇနီးဖြစ်သူ မကြည်ပြာ(ခ)မဖြူဖြူ လိုက်ပါလာသည့် မော်တော်ယာဉ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀၊ လက်ကိုင်ဖုန်း လေးလုံးနှင့် ငွေကျပ် ၁၄၅၀၀၀ တို့ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၈ ရက် နံနက်စောစောပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှာငံမြို့နယ် ယုန်တောင်ကျေးရွာအနီး ရှာငံ-ကျောက်ဆည်ကားလမ်း မိုင်တိုင် (၃၀/၃)နှင့် (၃၀/၄)ကြားတွင် ကိုစိုင်း၊ လင်းထွန်းနှင့် မြမောင်တို့မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် သုံးစီးအား ရှာဖွေရာ ကိုစိုင်း၏မော်တော်ဆိုင်ကယ်မှ စိတ်ကြွရူးသွပ် ဆေးပြား ၁၆၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ လင်းထွန်း၏မော်တော် ဆိုင်ကယ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ မြမောင်ထံမှ လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ဇန်နဝါရီ ၁၇ ရက် ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ တန့်ယန်း-နမ့်မူစယ်ကားလမ်း ပြုန်းတောင်အနီး တွင် စံမှတ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်မီးသွေးတွင်းအတွင်း ဇလားခွက်ကြိုးပြတ်ကျသဖြင့် တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

**မင်းဘူး (စကု) ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ပန်းတောင်းကျေးရွာတောင်ဘက် နှစ်မိုင်ကျော်ခန့် အကွာ မန်းရွှေစက်တော်ဘုရားသွားသော ရှစ်မိုင် ကားလမ်းအနီးရှိ မြင့်မြတ်ချမ်းအေးကုမ္ပဏီပိုင် ကျောက်မီးသွေးလုပ်ကွက်၌ ယမန်နေ့မွန်းလွဲပိုင်းက လုပ်ကွက်အတွင်း ဇလားခွက်ကြိုးပြတ်ပြီးပြုတ်ကျ ခဲ့သဖြင့် တွင်းထဲရှိ တွင်းလုပ်သား တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကုမ္ပဏီပိုင် ကျောက်မီးသွေး လုပ်ကွက်(၂)အတွင်း ဦးထွန်းလှဦးစီးသည့် ၁၁ ဦး အဖွဲ့သည် ၄ ပေ× ၃ ပေအကျယ်၊ အနက်ပေ ၁၀၀ ခန့်ရှိ မြေစိုက်တွင်းအတွင်း ကျောက်မီးသွေး တူးဖော်ကြပြီး မွန်းတည့် ၁၂ နာရီကျော်တွင် ထမင်းစားနားရန် ကျောက်မီးသွေးတွင်းမှ နှစ်ယောက်တစ်တွဲနှုန်းဖြင့် ကျောက်မီးသွေး သယ်ယူသည့်ဇလားခွက်ထဲဝင်၍ အပေါ်မှ စက်သီး ကြိုးဖြင့် ဆွဲတင်ရာ လင်းနိုင် (၂၆ )နှစ် သာယာကုန်း ကျေးရွာ ငဖဲမြို့နေသူနှင့် စိုးနိုင်(၄၁)နှစ် မိုးကုတ်မြို့ နေသူတို့ နှစ်ဦးသည် ဇလားခွက် အပေါ်မှလိုက်လာစဉ် အပေါ်သို့ရောက်ခါနီးတွင် စက်သီးကြိုးအား ထိန်းထားသည့် လျှပ်တန်း သံချောင်း(လုံးပတ်တစ်လက်မခွဲ)ခန့်မှာ ပြုတ် တောက်ပြီး ဇလားခွက်မှာအောက်သို့ ပြုတ်ကျခဲ့ သည့်အတွက် တွင်းအတွင်းရှိ ကျော်လွင်(၂၈)နှစ် သာယာကုန်းကျေးရွာ ငဖဲမြို့နေသူမှာ (မစိုးရိမ်ရ) ဒဏ်ရာရရှိကာ ပဒါန်းဆေးရုံသို့ တင်ပို့ထားပြီး လင်းနိုင်(၂၆)နှစ်မှာအခင်းဖြစ်နေရာတွင်သေဆုံး သွားကြောင်း သိရသည်။

သို့ဖြစ်၍ သေဆုံးသူလင်းနိုင် အလောင်းအား ပဒါန်းတိုက်နယ်ဆေးရုံသို့ ပို့အပ်ခဲ့ပြီး စကုရဲစခန်း တွင် သေမှုသေခင်းဖွင့်လှစ်ကာ စစ်ဆေး ဆောင်ရွက်နေကြောင်း စကုမြို့နယ်ရဲစခန်းမှ သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# မြစ်ကြီးနားမြို့နယ်တွင် ငွေကျပ်သိန်း ၁၈၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၁ နာရီက မြစ်ကြီးနားမြို့နယ် (၂၁)မိုင် ပူးပေါင်း စစ်ဆေးရေးစခန်းတွင် တူးအောင် မောင်းနှင်ပြီး ဇော်ဘောက်အောင် လိုက်ပါလာသည့် မော်တော်ယာဉ်အား ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၆၆ ခွက် (အလေးချိန် သုည ဒသမ ၆၉၃ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် တူးအောင် (၂၂)နှစ်နှင့် ဇော်ဘောက်အောင်(၂၃)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေ သော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**



**တူးအောင်နှင့် ဇော်ဘောက်အောင်တို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# မှုခင်းကျဆင်းရေးနှင့် ရဲတပ်သားသစ် စုဆောင်းရရှိရေး ဟောပြော

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် လောကသစ္စာ ဓမ္မာရုံ၌ ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီခွဲတွင် မရမ်းကုန်း မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်သန်းဝင်းက သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ မှုခင်း ကျဆင်းရေး၊ ရဲတပ်သားသစ်စုဆောင်းရရှိရေး ဟောပြောခဲ့ ရာ အခမ်းအနားသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိ ရပ်ဖများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ရပ်ကွက်နေ ပြည်သူများတက်ရောက်ကြပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**ဇာနည်မောင်**

# အရက်အတူသောက်ပြီး စနောက်ခဲ့ရာမှ ဓားခုတ်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သာယာကုန်းကျေးရွာ၌ ဇန်နဝါရီ ၁၇ ရက် ည ၈ နာရီက ဓားခုတ်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျေးရွာနေ အော်လင်းဒိုး(၄၇)နှစ်သည် ၎င်း၏ နေအိမ်၌ အညာကုန်းကျေးရွာနေ ပေါ်ပေါ်ကြီး(၂၈)နှစ်နှင့်အတူ အရက်အတူသောက်ပြီး အချင်းချင်းစနောက် နေစဉ် ပေါ်ပေါ်ကြီးက "ခင်ဗျားက ကြေးစားလူမိုက်လား"ဟုပြော၍ အနီးရှိ အရိုးအသွား တစ်ပေခွဲခန့်ရှိ ထင်းခုတ်ဓားမအားစွဲကိုင်ခဲ့ရာ အော်လင်းဒိုးက လုယူခဲ့ပြီး ခုတ်သောကြောင့် ပေါ်ပေါ်ကြီးတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသဖြင့် အော်လင်းဒိုးအား မှော်ဘီမြို့မရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

# မိလ္လာကျင်းဟောင်းပြုပြင်နေစဉ် ကျင်းထဲသို့ ပြုတ်ကျ၍ သေဆုံးမှုဖြစ်

**နေပြည်တော် ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အာသောကရပ်ကွက်တွင် ဇန်နဝါရီ ၁၇ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က မိလ္လာကျင်းဟောင်းအတွင်းသို့ လူတစ်ဦး ပြုတ်ကျမှုဖြစ်ပွားကြောင်း သတင်းအရ မြင်းမူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ တပင်ရွှေထီးရပ်ကွက်နေ မြင့်မောင်(၃၀)နှစ်သည် အာသောကရပ်ကွက်ရှိ ဦးတင်ဖြိုး၏နေအိမ်၌ မိလ္လာကျင်းအဟောင်းအား အလုပ်သမားများနှင့်အတူ ပြုပြင်နေစဉ် မူးမေ့ကာ ကျင်းထဲသို့ ပြုတ်ကျသွားသဖြင့် ရပ်ကွက်နေပြည်သူများနှင့် မီးသတ်တပ်ဖွဲ့ဝင် များက ဆယ်ယူနေစဉ် သေဆုံးသွားကြောင်း စစ်ဆေးသိရှိရသဖြင့် မြင်းမူ မြို့မရဲခစန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်မြို့ပတ်လမ်းပိုင်း၌ မီးရထားနှင့်တိုက်မိ၍ ၁၀ ဦး သေဆုံး

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအတွင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ မီးရထားနှင့် မော်တော်ယာဉ်တိုက်မှု ၂၁ ကြိမ်၊ လူတိုက်မိမှု ၅၇ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၀ ဦး၊ ဒဏ်ရာရသူ ၄၇ဦးရှိကြောင်း သိရသည်။ မီးရထားနှင့်မော်တော်ယာဉ်၊ လူတိုက်မိမှုအတွက် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပုဒ်မ ၈၅ အရ "မည်သူမဆို ရထားမောင်းနှင်နေစဉ်တွင်လည်းကောင်း၊ ရပ်နေစဉ်တွင်လည်းကောင်း စီးနင်းလိုက်ပါသူ၏ အသက်ကိုဖြစ်စေ၊ လုံခြုံရေးကိုဖြစ်စေ ဘေးဖြစ်စေရန် တမင်ပြုလုပ်ခြင်း၊ မဆင်မခြင် (သို့မဟုတ်) ပေါ့လျော့စွာ ပြုလုပ်ခြင်းတို့အပါအဝင် မည်သည့်ပြုလုပ်မှုကိုမျှ မပြုလုပ်ရ" ဟု ပြဋ္ဌာန်းထားရာ အဆိုပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် အနည်းဆုံး သုံးနှစ်မှ အများဆုံး ၁၂ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ် ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ရထားရဲတပ်ဖွဲ့ အမှတ် (၃) ရထားရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်) ရထားရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး စိုးနိုင်အောင်၏ ပြောကြားချက်အရ သိရသည်။

**ကြေးမုံ**

# အိမ်ခေါင်မိုးအား ဝရိန်ဆော်ရာမှ ဓာတ်လိုက်မှုဖြစ်ပြီး ပြုတ်ကျသေဆုံး

**ကော့ကရိတ် ဇန်နဝါရီ ၁၈**

ကော့ကရိတ်မြို့တွင် အိမ်ခေါင်မိုးအား ဝရိန်ဆော်ရာမှ ဓာတ်လိုက်မှုဖြစ်ပွားကာ အိမ်အောက်ကြမ်းခင်းသမံတလင်းပေါ်ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ကော့ကရိတ်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ ရက် ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဒေါ်ချိုဦး(၄၉)နှစ်၏ နေအိမ်အား ကျင်ထွေး(၄၀)နှစ်၏ ကြီးကြပ်မှုအောက်တွင် အလုပ်သမားများဖြစ်ကြသော အိုမယ်(၂၈)နှစ်၊ မောင်ကျော်(၃၃)နှစ်၊ အောင်ငွေထွန်း(၃၆)နှစ်အား ခေါ်ဆောင်ပြီး အိမ်ခေါင်မိုး အား ဝရိန်ဂဟေဆက်ခိုင်းရာမှ အိုမယ်က ဝရိန်ဆက်နေစဉ် 11KVA ဓာတ်အား လိုင်းနှင့်ထိမိပြီး ဓာတ်လိုက်၍ တွန်းကန်မှုဖြစ်ကာ အိမ်ခေါင်မိုးပေါ်မှ အိမ် အောက်ကြမ်းခင်းသမံတလင်းပေါ်သို့ ပြုတ်ကျခဲ့သဖြင့် ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာ၊ ယာလက်ခုံပွန်းပဲ့ဒဏ်ရာတို့ရရှိခဲ့ပြီး ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသနေစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# ဆန်းချက်ဇ်မန်ယူတွင် အသားတင်လုပ်ခလစာ ပေါင်သုံးသိန်းခွဲ ရရှိမည်



အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်အနေဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကာ အဆိုပါပြောင်းရွှေ့မှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် မစ်ခီတာယန်၏ကိစ္စရပ်သာ ကျန်ရှိတော့ကြောင်း သိရသည်။ ဆန်းချက်ဇ်မှာ အစောပိုင်းတွင် မန်စီးတီးသို့ ပြောင်းရွှေ့တော့မည်ဟု လပေါင်းများစွာ တောက်လျှောက်သတင်းထွက်ခဲ့သော်လည်း မန်စီးတီးဘက်မှ ပေါင်သန်း ၂၀ အထက် အသုံးမပြုလိုခြင်းကြောင့် အဆိုပါ ကိစ္စရပ်မှာ နောက်ကြောင်း ပြန်လှည့်သွားခဲ့ပြီး မန်ယူအသင်းက ဦးဆောင်လာနိုင်သည့်အနေအထားသို့ တစ်ဖန်ပြန်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ယခုမူ မန်ယူက ဆန်းချက်ဇ်အတွက် အာဆင်နယ်မှ တောင်းဆိုထားသည့် ပေါင် ၃၅ သန်းကို ပေးချေမည်ဖြစ်သည့်အပြင် အခွန်ဆောင်ပြီး ပေါင် ၃၅၀၀၀၀(အခွန်မဆောင်မီ တစ်ပတ်လုပ်ခ ပေါင် ၅၀၅၀၀၀)ရရှိမည်ဖြစ်ကြောင်း သိရသည်။ ဆံပင်ညှပ်ထားသည့် ဆန်းချက်ဇ်မှာ ဇန်နဝါရီ ၁၇ ရက်က လန်ဒန်မြောက်ပိုင်းမြို့ထဲတွင် လမ်းလျှောက်လာခဲ့သည်ကို တွေ့ရရာ ယင်းမှာ ယခုရက်သတ္တပတ်အတွင်း လူမြင်ကွင်းထဲသို့ ပထမဦးဆုံး အကြိမ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဆန်းချက်ဇ် ထွက်လာသည်ကို သည်ဆန်းသတင်းဌာနက ဆန်းချက်ဇ်မှာ မန်ယူနှင့် အပြီးသတ်သဘောတူညီမှု ရရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ကောက်ချက်ဆွဲဖော်ပြသည်။ **မေလှဲ့သင်း**

# အဲဗာတန်ကို ပြောင်းရွှေ့မှုတွင် ရွှန်းနီ၏ပြောစကားက အဓိကကျခဲ့ဟု ဝဲလ်ကော့ပြောကြား

ရွှန်းနီသည် သီယိုဝဲလ်ကော့၏ အာဆင်နယ်မှအဲဗာတန်သို့ ပေါင်သန်း ၂၀ တန် ပြောင်းရွှေ့မှုတွင် အဓိကဇာတ်ကောင်အဖြစ် ပါဝင်ခဲ့ကြောင်း ဝဲလ်ကော့၏ ပြောစကားအရ သိရသည်။ ဝဲလ်ကော့က "ဝိန်းနဲ့ ကျွန်တော်တို့ စကားတွေအများကြီး ပြောဖြစ်ခဲ့ကြတယ်။ သူက ဒီကိစ္စမှာ သက်ရောက်မှုကြီးမားခဲ့ပြီး အဲဗာတန်ကို လာရောက်ဖို့စည်းရုံးနိုင်ခဲ့တယ်။ ဒီနေရာဟာ ဘောလုံးကစားလို့ ကောင်းတဲ့နေရာလို့ ပြောတယ်။ ဒီအချက်က အဓိကအကြောင်းပြချက်ဖြစ်ခဲ့ပါတယ်"ဟု ဖွင့်ဟပြောကြားခဲ့သည်။



ဝဲလ်ကော့နှင့် ရွှန်းနီတို့သည် အင်္ဂလန်အသင်းတွင် ပွဲများစွာ တွဲဖက်ကစားခဲ့ဖူးသူများဖြစ်ရာ အဲဗာတန်တွင်လည်း သူတို့နှစ်ဦး၏ ပူးတွဲတိုက်စစ်ဆင်မှုကို ပရိသတ်များရှုစားရတော့မည်ဖြစ်သည်။ သို့သော် ဝဲလ်ကော့က အဲဗာတန်တွင် ကစားရသည်မှာလည်း အမြဲတမ်းခက်ခဲမည်ဆိုသည်ကို သိထားကြောင်း မှတ်ချက်ပြုခဲ့သည်။

ဝဲလ်ကော့က အာဆင်နယ်ပရိသတ်များကို ဗီဒီယိုမှတစ်ဆင့် ပြောကြားခဲ့သည့် စကားတွင် "အာဆင်နယ်ပရိသတ်တွေကို ကျေးဇူးအများကြီးတင်တယ်လို့ ဒီနေရာကနေ ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုပြောကြားဖို့ဖြစ်လာရတာက ကျွန်တော့်ကို ကံကောင်းပါစေကြောင်း တောင်းဆုပေးကြတဲ့ အာဆင်နယ်ပရိသတ်များရဲ့ စာလွှာကြောင့်ပါ။ လွန်ခဲ့တဲ့ ၁၂ နှစ်တာကာလအတွင်း သူတို့ရဲ့ဒီလိုလုပ်ဆောင်ပေးမှုကို လုံလောက်တဲ့ကျေးဇူးတုံ့ပြန်မှု မပြုနိုင်ခဲ့ဘူး" ဟု တွစ်တာတွင် ဗီဒီယိုဖိုင်တင်ကာ ပြောကြားခဲ့သည်။ ဝဲလ်ကော့မှာ ယခုဇန်နဝါရီ ဈေးကွက်အတွင်း အဲဗာတန်က ခေါ်ယူခဲ့သည့် ဒုတိယတန်ဖိုးအကြီးဆုံး ပြောင်းရွှေ့မှုလည်း ဖြစ်လာခဲ့သည်။ ဝဲလ်ကော့သည် ၂၀၀၆ ခုနှစ်တွင် ဆောက်သမ်တန်မှ အာဆင်နယ်သို့ ရောက်ရှိလာခဲ့ပြီး ၁၂ နှစ်တာကာလအတွင်း အက်ဖ်အေဖလားသုံးလုံးသာ ရရှိခဲ့ပြီးနောက် ယခုအခါ အဲဗာတန်သို့ ပေါင်သန်း ၂၀ ဖြင့် သုံးနှစ်ခွဲစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ **မေလှဲ့သင်း**

# နေမာ လေးဂိုးသွင်းပြီး ပီအက်စ်ဂျီအသင်း ရှစ်ဂိုးပြတ်ဖြင့် ဒီဂျွန်အသင်းကို အနိုင်ရ

ပြင်သစ်ပထမတန်းပွဲစဉ်(၂၁)အဖြစ် ပီအက်စ်ဂျီအသင်းနှင့် ဒီဂျွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပီအက်စ်ဂျီအသင်းက ဒီဂျွန်အသင်းကို ရှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ယင်းပွဲစဉ်တွင် တိုက်စစ်မှူးနေမာက သွင်းဂိုးလေးဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးများကို ဒီမာရီယာက နှစ်ဂိုး၊ ကာဗာနီက တစ်ဂိုး၊ မက်ပီက တစ်ဂိုးနှင့် နေမာက လေးဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူး ကာဗာနီသည် ယင်းပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး ၁၅၆ ဂိုးအထိသွင်းယူနိုင်ခဲ့သည့် စံချိန်တစ်ရပ်တင်နိုင်ခဲ့သည်။

ထို့ကြောင့် တိုက်စစ်မှူး ကာဗာနီသည် တိုက်စစ်မှူး အီဘရာဟီမိုဗစ်၏ ဂိုးသွင်းစံချိန်ကို လိုက်မီခဲ့ပြီဖြစ်သည်။ အီဘရာဟီမိုဗစ်သည် ပီအက်စ်ဂျီအသင်းတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၅၆ ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့ခြင်းကြောင့် ပွဲစဉ်(၂၁)အပြီးတွင် ရမှတ် ၅၆ မှတ်ရရှိထားကာ ပြင်သစ်ပထမတန်းအမှတ်ပေးဇယားတွင်လည်း ဒုတိယနေရာမှ လိုင်ယွန်အသင်းကို ၁၁ မှတ်ဖြတ်ကာ ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ဒီဂျွန်အသင်းမှာမူ နောက်ဆုံးကစားခဲ့သည့်လေးပွဲစလုံး နိုင်ပွဲပျောက်ဆုံးခဲ့ပြီး အမှတ်ပေးဇယားတွင်လည်း အဆင့်(၁၁)နေရာတွင် ရပ်တည်လျက်ရှိသည်။ ပီအက်စ်ဂျီအသင်းမှာမူ နောက်ဆုံးကစားခဲ့သည့် ရှစ်ပွဲတွင် ရှစ်ပွဲစလုံးအနိုင်ရရှိကာ ယင်းရှစ်ပွဲ၌ ရဂိုး ၃၁ ဂိုးရရှိခဲ့ပြီး ပေးဂိုးခြောက်ဂိုးသာ ပေးခဲ့ရသည့်စံချိန်လည်း တင်နိုင်ခဲ့ပြီဖြစ်သည်။

**ငွေကြယ်**



# ရိုးမားကို အိမ်ကွင်းမှာ အင်တာမီလန် အနိုင်ရယူနိုင်မှာလား

**ရှိုင်းမင်းမင်း - ရေးသားသည်**

## ၂၀၁၇-၁၈ အီတလီစီးရီးအေရင်ခုန်သံ-၂၁

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၂၁ ကိုလာမယ့် ဇန်နဝါရီ ၂၁၊ ၂၂၊ ၂၃ ရက်တွေမှာ ပြန်လည်ကျင်းပသွားမှာဖြစ်ပြီး ဒီပွဲစဉ်မှာ အသင်းကြီးနှစ်သင်းဖြစ်တဲ့ အင်တာမီလန်နဲ့ ရိုးမားတို့ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင် နာပိုလီကလည်း အတ္တလန္တာရဲ့ကွင်းမှာ ကစားရမှာဖြစ်လို့ ခက်ခဲမှုရှိလာနိုင်ပါတယ်။**

### အတ္တလန္တာ - နာပိုလီ ည ၆း၀၀ (၂၁-၁-၁၈)

စီးရီးအေပြိုင်ပွဲအတွင်း ပထမအကျော့အဖြစ် နာပိုလီအိမ်ကွင်းမှာကစားခဲ့တုန်းက နာပိုလီတို့အနိုင်ရခဲ့ပေမယ့် ကိုပါအီတာလီယာဖလားမှာတော့ လူမစုံတဲ့နာပိုလီတို့ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒီပွဲမှာလည်း နာပိုလီတို့ရှုံးကြွေးပြန်ဆပ်ဖို့ အားစိုက်မှာဖြစ်ပေမယ့် အတ္တလန္တာက အိမ်ကွင်းကစားပုံကောင်းမွန်လွန်းတယ်။ ဒါကြောင့်လည်း နာပိုလီ အခက်တွေ့နိုင်ကာ အဝေးကွင်းမှာ အနိုင်ရခဲ့မယ်ဆိုရင်တောင် ဂိုးပြတ်ဖို့ခက်ပါတယ်။

### ဘိုလော့နာ - ဘီနီဗန်တို ည ၈း၃၀ (၂၁-၁-၁၈)

ပထမအကျော့ကစားခဲ့တုန်းက ဘိုလော့နာတို့အဝေးကွင်းမှာ ခက်ခက်ခဲခဲအနိုင်ယူခဲ့ရပါတယ်။ ဒီပွဲကတော့ အိမ်ကွင်းဖြစ်နေပေမယ့်လည်း လက်ရှိအချိန်မှာ ဘိုလော့နာခြေကလည်း အားနည်းမှုတွေရှိနေပါတယ်။ ဘီနီဗန်တိုကတော့ လက်ရှိအချိန်မှာ ခြေစွမ်းအရတိုးတက်မှုရှိလာကာ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲဆက်တိုက်အနိုင်ရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဘိုလော့နာအနေနဲ့ ဒီပွဲမှာလည်းအခက်အခဲနဲ့ ရင်ဆိုင်ရနိုင်ကာ ဂိုးပြတ်နိုင်ဖို့ခက်တယ်။

### လာဇီယို - ချီယေဗို ည ၈း၃၀ (၂၁-၁-၁၈)

စီးရီးအေပြိုင်ပွဲအတွင်း ပထမအကျော့အဖြစ် အဝေးကွင်းမှာရင်ဆိုင်ခဲ့ရတုန်းက လာဇီယိုတို့ခက်ခက်ခဲခဲအနိုင်ယူခဲ့ရပါတယ်။ ဒါပေမယ့်လည်း ဒီပွဲက အိမ်ကွင်းဖြစ်နေတဲ့အပြင် ချီယေဗိုရဲ့ခြေစွမ်းကလည်း လက်ရှိအချိန်မှာအကျဘက်ကိုရောက်နေပါတယ်။ ဒါ့အပြင် လာဇီယိုကအိမ်ကွင်းပွဲတွေမှာကစားပုံ ပိုမိုကောင်းမွန်တတ်တာကြောင့် ဒီပွဲမှာတော့ လာဇီယိုတို့ ပထမအကျော့လို အခက်မတွေ့နိုင်ဘဲ အိမ်ကွင်းမှာ နိုင်ပွဲရသွားမှာပါ။

### ဗီရိုနာ - ခရိုတိုနီ ည ၈း၃၀ (၂၁-၁-၁၈)

ခရိုတိုနီကွင်းမှာ ပထမအကျော့အဖြစ်ကစားခဲ့စဉ်မှာ သရေရလဒ်နဲ့ပဲ ကျေနပ်ခဲ့ကြရပါတယ်။ လက်ရှိအချိန်မှာတော့ နှစ်သင်းစလုံး တန်းဆင်းဇုန်ထဲရောက်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာကြမှာသေချာနေတယ်။ လက်ရှိအချိန်မှာခြေစွမ်းမကျွာပေမယ့် ဗီရိုနာကတော့ အိမ်ကွင်းအားသာချက်ရှိနေပါတယ်။ ဒါကြောင့်လည်း ဗီရိုနာအနေနဲ့ ဒီပွဲမှာအသာရနိုင်ပါတယ်။

### ဆမ့်ဒိုးရီးယား - ဖီအိုရင်တီးနား ည ၈း၃၀ (၂၁-၁-၁၈)

စီးရီးအေပွဲ ပထမအကျော့အဖြစ် အိမ်ကွင်းမှာ ကစားခဲ့ရတုန်းကတော့ ဖီအိုရင်တီးနားတို့ ရှုံးနိမ့်ခဲ့ရပေမယ့် ကိုပါအီတာလီယာဖလားပွဲအဖြစ်အိမ်ကွင်းမှာပဲ ထပ်မံရင်ဆိုင်ခဲ့ရာမှာတော့ ဖီအိုရင်တီးနားတို့ နိုင်ပွဲရယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီပွဲက ဆမ့်ဒိုးရီးယားရဲ့အိမ်ကွင်းဖြစ်နေပါတယ်။ ဆမ့်ဒိုးရီးယားက အိမ်ကွင်းပွဲတွေမှာ ကစားပုံကောင်းမွန်တတ်ပြီး ဖီအိုရင်တီးနားကတော့ ခြေစွမ်းပိုင်းအရ တည်ငြိမ်မှုအားနည်းနေပါတယ်။ ဒီပွဲမှာ ဖီအိုရင်တီးနားသရေပဲရမယ်။

### အူဒီးနီးစ် - SPAL ည ၈း၃၀ (၂၁-၁-၁၈)

SPAL က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေ ရှိနေပါတယ်။ အသင်းလိုက်ခြေစွမ်းပိုင်းအရ မဆိုးပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ အားနည်းမှုတွေ ရှိနေပါတယ်။ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းအရ ပိုမိုအားနည်းတတ်ပါတယ်။ အူဒီးနီးစ်ကတော့ ပထမအကျော့အဖြစ် အဝေးကွင်းမှာ ကစားခဲ့တုန်းက ရှုံးနိမ့်ခဲ့ရပေမယ့်လည်း အခုအိမ်ကွင်းဖြစ်နေတာကြောင့် အားစိုက်ကစားမှာဖြစ်သလို နောက်ဆုံး ငါးပွဲမှာ အရှုံးမရှိ လေးပွဲအနိုင်ရခဲ့တဲ့ခြေကလည်း ကောင်းမွန်နေပါတယ်။ အူဒီးနီးစ်အနိုင်ရမယ်။

### ဆာစူအိုလို - တိုရီနို ည ၈း၃၀ (၂၁-၁-၁၈)

ပထမအကျော့အဖြစ် အိမ်ကွင်းမှာကစားခဲ့တုန်းက တိုရီနိုတို့ ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ ဒါပေမယ့်လည်း လက်ရှိအချိန်မှာတော့ ဆာစူအိုလိုခြေက တိုးတက်မှုတွေရှိနေကာ နောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာအရေးနိမ့်ခဲ့ရပါတယ်။ ဒါ့အပြင် ဆာစူအိုလိုရဲ့ ရှန်းအားကလည်း အိမ်ကွင်းမှာ ပိုမိုကောင်းမွန်တတ်တာကြောင့် တိုရီနိုတို့အခက်အခဲနဲ့ ရင်ဆိုင်ရနိုင်ကာ အနိုင်ရခဲ့ရင်တောင်မှ ဂိုးပြတ်ဖို့ခက်ပါတယ်။

### ကယ်ဂလီယာရီ - မီလန် ည ၁၁း၃၀ (၂၁-၁-၁၈)

ပထမအကျော့တုန်းက မီလန်တို့ အိမ်ကွင်းမှာ ကစားခဲ့ရပေမယ့် ခက်ခဲစွာအနိုင်ရယူခဲ့ရပါတယ်။ လက်ရှိအချိန်မှာ မီလန်ရဲ့ခြေကလည်း မတည်ငြိမ်သေးဘဲ ခရိုတိုနီကိုတောင်ခက်ခက်ခဲခဲအနိုင်ယူခဲ့ရပါတယ်။ ကယ်ဂလီယာရီကတော့ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေ ရှိနေတယ်ဆိုပေမယ့် အမှတ်လိုအပ်နေတာကြောင့် အိမ်ကွင်းပွဲမှာ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်း မီလန်အတွက် ခက်ခဲနေဦးမှာဖြစ်ပြီး ကပ်ပြီးသာ အနိုင်ရဖို့ရှိနေပါတယ်။

### အင်တာ - ရိုးမား နံနက် ၂း၁၅ (၂၂-၁-၁၈)

ပထမအကျော့တုန်းက အင်တာတို့ အကောင်းဆုံးခြေစွမ်းရနေချိန်ဖြစ်ပြီး အဝေးကွင်းမှာတောင် ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ အင်တာခြေစွမ်း အနည်းငယ်ကျဆင်းနေပါတယ်။ ဒါပေမယ့်လည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်လာမှာဖြစ်ပြီး ရိုးမားကလည်း လက်ရှိအချိန်မှာခြေစွမ်းပိုင်းအရ အကျဘက်ကိုရောက်နေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အင်တာတို့ အိမ်ကွင်းမှာ ရိုးမားကို ထိန်းချုပ်ကစားနိုင်ဖို့ ရှိနေသလို နိုင်ပွဲလည်း ကပ်ရသွားနိုင်ပါတယ်။

### ဂျူဗင်တပ် - ဂျီနိုအာ နံနက် ၂း၁၅ (၂၃-၁-၁၈)

စီးရီးအေမှာ အဝေးကွင်းပွဲကစားခဲ့ရပြီး ကိုပါအီတာလီယာဖလားပွဲမှာ အဝေးကွင်းပွဲကစားခဲ့ရရာမှာ ဂျူဗင်တပ်ကသာ နှစ်ပွဲစလုံး အနိုင်ရခဲ့ပါတယ်။ ဒီပွဲကလည်း အိမ်ကွင်းဖြစ်သလို နာပိုလီ၊ အင်တာတို့ပွဲကျပ်ကြုံနေတာကြောင့် ဂျူဗင်တပ်အမှားခံမှာမဟုတ်ပါဘူး။ ဂျီနိုအာကလည်း ခြေစွမ်းပိုင်းသာမန်သာရှိတာကြောင့် ဒီပွဲမှာလည်း ဂျူဗင်တပ်ကသာ နိုင်ပွဲရသွားမှာပါ။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) ပြစ်မှုကျူးလွန်သူမှာ ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ တာဝန်ရှိနိုင်မည့်ပြစ်မှုဖြစ်စေကာမူ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကိုလိုက်နာဆောင်ရွက်စေရမည်။

**စာရင်းစာအုပ်များကို လိမ်လည်အတုပြုခြင်း**

၃၉၈။ စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကုမ္ပဏီတစ်ခုခုမှ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ် ရသူတစ်ဦးဦးသည် စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ပျက်ယွင်းစေခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း၊ လိမ်လည်အတုပြုခြင်း သို့မဟုတ် လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဝှက်သိမ်းထားခြင်းတို့ကို ပြုလုပ်ခဲ့လျှင် သို့မဟုတ် အခြားသူတစ်ဦးဦးအားလိမ်လည်လှည့်ဖြားရန် သို့မဟုတ် လှည့်ဖြားရန်အကြံဖြင့် မှတ်ပုံတင်စာရင်း၊ ငွေစာရင်းစာအုပ် သို့မဟုတ် ကုမ္ပဏီပိုင်သည့် စာရွက်စာတမ်းများကို မှားယွင်း၍ဖြစ်စေ၊ လိမ်လည်၍ဖြစ်စေ ရေးသွင်းဆောင်ရွက်ခြင်း သို့မဟုတ် ထိုသို့ ပြုလုပ်သည်ကိုခွင့်ပြုခြင်းတို့ကို ပြုလုပ်ခဲ့လျှင် အဆိုပါ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူသည် ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ကျခံရမည့် အပြင် ငွေဒဏ်လည်းကျခံရမည်။

**ပြစ်မှုကျူးလွန်သည့် ဒါရိုက်တာများကို တရားစွဲဆိုခြင်း**

၃၉၉။(က) တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့် ကိစ္စရပ်တွင် ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတစ်ရပ်ရပ်အရ အပြစ်ရှိကြောင်း တရားရုံးကတွေ့ရှိလျှင် ကုမ္ပဏီဖျက်သိမ်းခြင်းတွင် အကျိုးသက်ဆိုင်သူတစ်ဦးဦးက လျှောက်ထားမှုဖြင့် ဖြစ်စေ၊ တရားရုံးကိုယ်တိုင် အရေးယူဆောင်ရွက်မှုဖြင့်ဖြစ်စေ တရားရုံးသည် ပြစ်မှုကျူးလွန်သူအား တရားစွဲဆိုစေရန် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသို့ ညွှန်ကြားနိုင်သည် သို့မဟုတ် ထိုကိစ္စရပ်ကို မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

(ခ) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်အခါ ယခင်ကဖြစ်စေ၊ တာဝန်ထမ်းဆောင်ဆဲဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတစ်ရပ်ရပ်အရ အပြစ်ရှိကြောင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက တွေ့ရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ထိုကိစ္စရပ်အား မှတ်ပုံတင်အရာရှိထံသို့ ချက်ချင်းအစီရင်ခံတင်ပြရမည်ဖြစ်ပြီး အဆိုပါ အချက်အလက်များကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။ ထို့အပြင် မှတ်ပုံတင်အရာရှိက လိုအပ်လျှင် ပေါ်ပေါက်လာသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လက်ဝယ်တွင်ရှိသော သို့မဟုတ် ၎င်း၏ ကြီးကြပ်မှုအောက်တွင်ရှိသော သတင်းအချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုခွင့်နှင့် ထိုစာရွက်စာတမ်းများကို မိတ္တူရယူခွင့်များ ဆောင်ရွက်နိုင်ရေးအတွက် ဝင်ရောက်ခွင့်ပြုရမည်။

(ဂ) မှတ်ပုံတင်အရာရှိထံသို့ ပုဒ်မခွဲ (ခ) အရ အစီရင်ခံစာတင်ပြပြီးသည့်အခါ မှတ်ပုံတင်အရာရှိသည် ၎င်းအနေဖြင့် သင့်သည် ထင်မြင်သည့်အတိုင်း အဆိုပါကိစ္စရပ်ကို ထပ်မံစုံစမ်းစစ်ဆေးရန်အတွက် ပြည်ထောင်စုဝန်ကြီးထံ တင်ပြနိုင်သည်။ ထိုသို့တင်ပြချက်အရ ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကိစ္စရပ်ကို စုံစမ်းစစ်ဆေးနိုင်ပြီး သင့်သည်ထင်မြင်ပါက သက်ဆိုင်ရာ ကုမ္ပဏီနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်ထားသည့်ပုဂ္ဂိုလ်တစ်ဦးဦးကို တရားရုံးကကုမ္ပဏီကိုဖျက်သိမ်းသည့် ကိစ္စရပ်တွင် ဤဥပဒေအရ အပ်နှင်းထားသည့်အတိုင်း ကုမ္ပဏီ၏ကိစ္စရပ်များကို စုံစမ်းစစ်ဆေးနိုင်သည့် အခွင့်အာဏာအားလုံးကို ထိုသူထံသို့အပ်နှင်းသည့် အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရေးအတွက် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

(ဃ) ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်အရာရှိထံသို့တင်ပြသည့် အစီရင်ခံစာနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက အရေးယူဆောင်ရွက်သင့်သည့်ကိစ္စရပ်မဟုတ်ကြောင်း တွေ့ရှိလျှင် မှတ်ပုံတင်အရာရှိသည် ထိုအကြောင်းကို စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံသို့ ပြန်လည်အကြောင်းကြားရမည်။ ထိုအခါတရားရုံး၏ ကြိုတင်ခွင့်ပြုချက်ဖြင့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် ပြစ်မှုကျူးလွန်သူအပေါ် တရားစွဲဆိုဆောင်ရွက်နိုင်သည်။

(င) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်အခါ ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ၊ သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါအတိုင်း အပြစ်ရှိကြောင်း တရားရုံးကတွေ့ရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံသို့ အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ တင်ပြအစီရင်ခံခြင်း မရှိခဲ့လျှင်၊ တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းခြင်းတွင် အကျိုးသက်ဆိုင်သူတစ်ဦးဦးက လျှောက်ထားမှုဖြင့်ဖြစ်စေ၊ မိမိကိုယ်တိုင်အရေးယူ ဆောင်ရွက်မှုဖြင့်ဖြစ်စေ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအား ထိုအစီရင်ခံစာကို တင်ပြစေရန် ညွှန်ကြားနိုင်သည်။ ဤပုဒ်မပါပြဋ္ဌာန်းချက်များအရ တင်ပြသည့်အစီရင်ခံစာသည် ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များအရပြုလုပ်သည့် အစီရင်ခံစာကဲ့သို့ အကျိုးသက်ရောက်စေရမည်။

(စ) ဤပုဒ်မအရ ကိစ္စရပ်တစ်ခုခုအား မှတ်ပုံတင်အရာရှိထံသို့ အစီရင်ခံတင်ပြသည့်အခါ သို့မဟုတ် လွှဲအပ်သည့်အခါ မှတ်ပုံတင်အရာရှိသည် စွပ်စွဲခံရသူအား ၎င်းထံသို့ စာဖြင့်ရေးသား၍ ရှင်းလင်းစေရန် အခွင့်အရေး ဦးစွာပေးအပ်ရမည်ဖြစ်ပြီး တင်ပြလာသည့်ကိစ္စမှာ တရားစွဲဆိုသင့်ကြောင်း မှတ်ပုံတင်အရာရှိကယူဆလျှင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်ကို တောင်းခံရမည်။ ယင်းနောက် မှတ်ပုံတင်အရာရှိသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏အကြံပြုချက်ကို ထည့်သွင်းစဉ်းစားပြီး အမှုကိုတရားစွဲဆိုရန် ဆုံးဖြတ်ပါက ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၊ အရာရှိများအားလုံးနှင့် ကိုယ်စားလှယ်များအားလုံးသည် တရားစွဲဆိုမှုတွင်ပါဝင်သည့် တရားခံမှအပ တရားစွဲဆိုမှုနှင့်သက်ဆိုင်သည့် အကူအညီများ အားလုံးကိုပေးအပ်ရမည်။ ဤပုဒ်မခွဲပါကိစ္စရပ်များအတွက် ကုမ္ပဏီနှင့်သက်ဆိုင်သည့် “ကိုယ်စားလှယ်” ဆိုသည်မှာ ကုမ္ပဏီ၏အရာရှိဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ ကုမ္ပဏီ၏ဘဏ်လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် ဥပဒေအကြံပေးတစ်ဦးဦး၊ စာရင်းစစ်အဖြစ်ကုမ္ပဏီက ခန့်အပ်ထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးပါဝင်သည်ဟု မှတ်ယူရမည်။

(ဆ) မည်သူမဆို ပုဒ်မခွဲ (စ) အရ လိုအပ်သည့်အကူအညီများကို ပေးအပ်ရန်ပျက်ကွက်လျှင် တရားရုံးသည် မှတ်ပုံတင်အရာရှိ လျှောက်ထားမှုအရ အဆိုပါပုဂ္ဂိုလ်အား ဖော်ပြပါ ပုဒ်မခွဲ၏ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်စေရန် ညွှန်ကြားနိုင်သည်။ အဆိုပါ လျှောက်ထားမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့် သက်ဆိုင်ပါက ထိုသို့ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပေါ့လျော့မှုသည် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံတွင် ထိုသို့လိုက်နာဆောင်ရွက်ရန်အတွက် ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များ လုံလောက်စွာမရှိခြင်းဖြစ်ကြောင်းမှတစ်ပါး ထိုသို့လျှောက်ထားသည့် ကုန်ကျစရိတ်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မိမိစရိတ်ဖြင့်ကျခံစေရန် ညွှန်ကြားနိုင်သည်။

**မှားယွင်းတင်ပြသည့် သက်သေခံချက်များအတွက်ပြစ်ဒဏ်**

၄၀၀။ ဤဥပဒေအရ ကျမ်းကျိန်ဆောင်ရွက်သည့် စစ်ဆေးမေးမြန်းမှုတစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ ကုမ္ပဏီဖျက်သိမ်းခြင်းတွင် သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ကျမ်းကျိန်လွှာ၊ သက်သေခံချက် သို့မဟုတ် ကတိသစ္စာပြုခြင်းတစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ ပေါ်ပေါက်လာသည့် ကိစ္စတစ်ရပ်ရပ်တွင် သို့မဟုတ် ယင်းကိစ္စနှင့်စပ်လျဉ်း၍ မည်သူမဆို တမင်ကြံရွယ်၍ သက်သေခံချက်များကို မမှန်မကန်တင်ပြခဲ့လျှင် ထိုသူသည် ခုနစ်နှစ်အထိ ထောင်ဒဏ်ကျခံရမည့်အပြင် ငွေဒဏ်လည်းကျခံရမည်။

**ပြစ်ဒဏ်ပြဋ္ဌာန်းချက်များ**

၄၀၁။(က) ယခင်ကဖြစ်စေ၊ ယခုဖြစ်စေ တာဝန်ထမ်းဆောင်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများသည် စွပ်စွဲခံရသည့် ပြစ်မှုအား ကျူးလွန်သည့်အချိန်၌ တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့် ကိစ္စရပ်တွင်လည်းကောင်း၊ ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းသည့်ကိစ္စရပ်တွင် လည်းကောင်း သို့မဟုတ် စွပ်စွဲခံရသည့် ပြစ်မှုအား ကျူးလွန်ပြီးနောက် ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် တရားရုံးက အမိန့်ချမှတ်သည့်အခါ သို့မဟုတ် ကုမ္ပဏီ၏ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်သည့်အခါတွင် လည်းကောင်း -

(၁) ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းများကို သာမန်နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းမှတစ်ပါး ကုမ္ပဏီ၏ အမှန်တည်ရှိနေသော ပစ္စည်းများ၊ တစ်ဦးချင်းနှင့်ဆိုင်သောပစ္စည်းများ အားလုံးကို လည်းကောင်း၊ ယင်းတို့၏ တစ်စိတ်တစ်ဒေသကို မည်သို့၊ မည်သူ့ထံသို့၊ မည်သည့် အဖိုးစားနားဖြင့်၊ မည်သည့်အချိန်တွင် စီမံဆောင်ရွက်ခဲ့သည်ကိုလည်းကောင်း စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံသို့ ပြည့်စုံမှန်ကန်စွာ မိမိတို့သိရှိကြသည့်အလျောက် တင်ပြခဲ့ခြင်းမပြုလျှင် သို့မဟုတ်

(၂) ဥပဒေအရ တင်ပြအပ်နှံရမည့်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးသည် ၎င်း၏ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်ရှိ ကုမ္ပဏီ၏ အမှန်တည်ရှိနေသောပစ္စည်းများ၊ တစ်ဦးချင်းနှင့်ဆိုင်သော ပစ္စည်းများအားလုံးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ညွှန်ကြားသည့်အတိုင်းဖြစ်စေ တင်ပြအပ်နှံမှုမပြုလျှင် သို့မဟုတ်

(၃) ဥပဒေအရတင်ပြအပ်နှံရမည်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးသည် ၎င်း၏ ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှုအောက်ရှိ ကုမ္ပဏီနှင့်သက်ဆိုင်သော စာရင်းစာအုပ်များနှင့် စာရွက်စာတမ်းများအားလုံးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ညွှန်ကြားသည့်အတိုင်းဖြစ်စေ တင်ပြအပ်နှံမှု မပြုလျှင် သို့မဟုတ်

(၄) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို ဝှက်သိမ်းထားလျှင် သို့မဟုတ် ကုမ္ပဏီသို့ဖြစ်စေ၊ ကုမ္ပဏီထံမှဖြစ်စေ ပေးရန်ရှိသည့် ကြွေးမြီတစ်ရပ်ရပ်ကို ဝှက်သိမ်းထားလျှင် သို့မဟုတ်

(၅) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ပစ္စည်းတစ်ရပ်ရပ်ကို လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ဖယ်ရှားထားလျှင် သို့မဟုတ်

(၆) ကုမ္ပဏီ၏ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ရေးသားဖော်ပြချက်တစ်ရပ်ရပ်တွင် အရေးကြီးသည့် အကြောင်းအရာများကို ချန်လှပ်ထားလျှင် သို့မဟုတ်

(၇) ကုမ္ပဏီဖျက်သိမ်းသည့်အခါ တစ်ဦးတစ်ယောက်က မှားယွင်းသည့်ကြွေးမြီကိုတင်ပြလာကြောင်းသိရှိ သို့မဟုတ် ယုံကြည်ပြီး ထိုအကြောင်းအရာအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တစ်လအတွင်းတင်ပြရန် ပျက်ကွက်ခဲ့လျှင် သို့မဟုတ်

(၈) ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် ကုမ္ပဏီ၏ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ ကိစ္စရပ်များနှင့်သက်ဆိုင်သော စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများကို ပြုစုတင်ပြရန် တားမြစ်ထားလျှင် သို့မဟုတ်

(၉) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့ မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များနှင့် သက်ဆိုင်သော စာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများကို ဝှက်သိမ်းထားခြင်း၊ ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ပျက်ယွင်းစေခြင်း၊ လိမ်လည်အတုပြုခြင်းများ ပြုလုပ်လျှင် သို့မဟုတ် ထိုသို့ပြုလုပ်သည်ကို ခွင့်ပြုလျှင် သို့မဟုတ်

(၁၀) ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များနှင့် သက်ဆိုင်သောစာရင်းစာအုပ် သို့မဟုတ် စာရွက်စာတမ်းများတွင် မှားယွင်းရေးသွင်းမှု များကိုပြုလုပ်လျှင်သို့မဟုတ် ထိုသို့ပြုလုပ်သည်ကို ခွင့်ပြုလျှင် သို့မဟုတ်

(၁၁) ကုမ္ပဏီဖျက်သိမ်းမှုစတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ ပစ္စည်းများ သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များနှင့် သက်ဆိုင်သော စာရွက်စာတမ်းများတွင် လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် တစ်စိတ်တစ်ဒေသအား ပြောင်းလဲပြင်ဆင်လျှင် သို့မဟုတ် ချန်လှပ်ထားခဲ့လျှင် သို့မဟုတ် ထိုသို့ပြုလုပ်ရန် ခွင့်ပြုခဲ့လျှင် သို့မဟုတ်

(၁၂) ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့ မတိုင်မီ ၁၂ လအတွင်း ကုမ္ပဏီ၏ မြီရှင်များအစည်းအဝေး၌ ကုမ္ပဏီ၏ပစ္စည်း တစ်ရပ်ရပ်ကို အစစ်အမှန်မဟုတ်သော ဆုံးရှုံးမှုများ သို့မဟုတ် အသုံးစရိတ်များဖြင့် စာရင်းပြုစုရန် ကြိုးစားလျှင် သို့မဟုတ်

(၁၃) ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆိုမှားယွင်းတင်ပြ၍ဖြစ်စေ၊ အခြားနည်း လိမ်လည်၍ဖြစ်စေ ကုမ္ပဏီအတွက်သော်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စားသော်လည်းကောင်း ကုမ္ပဏီက နောင်တွင်ပေးချေမည် မဟုတ်သည့် အကြွေးဖြင့် ပစ္စည်းတစ်ရပ်ရပ်ကို ရယူခဲ့လျှင် သို့မဟုတ်

(၁၄) ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း မှားယွင်းဖော်ပြ၍ ကုမ္ပဏီအတွက်သော်လည်းကောင်း၊ ကုမ္ပဏီ၏ကိုယ်စားသော်လည်းကောင်း ကြွေးမြီဖြင့်ကုမ္ပဏီက နောင်တွင်ပေးချေမည်မဟုတ်သည့် ပစ္စည်းတစ်ရပ်ရပ်ကိုရယူလျှင် သို့မဟုတ်

(၁၅) ထိုသို့ပြုလုပ်ဆောင်ရွက်ခြင်းသည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းကို သာမန်နည်းလမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုလျှင်မှတစ်ပါး၊ ကုမ္ပဏီဖျက်သိမ်းမှု စတင်သည့်နေ့မတိုင်မီ ၁၂ လအတွင်း သို့မဟုတ် ယင်းနောက် မည်သည့် အချိန်တွင်မဆို ကြွေးမြီဖြင့်ရယူထားပြီး ငွေပေးချေခြင်း မပြုရသေးသည့် ကုမ္ပဏီ၏ပစ္စည်း တစ်ရပ်ရပ်ကို ငွေကြေးဖြင့် အလဲအလှယ်ပြုလုပ်လျှင်၊ ပေါင်နှံလျှင် သို့မဟုတ် စီမံဆောင်ရွက်လျှင် သို့မဟုတ်

(၁၆) ကုမ္ပဏီ၏ကိစ္စရပ်များအတွက်လည်းကောင်း၊ ကုမ္ပဏီကို ဖျက်သိမ်းရန်အတွက် လည်းကောင်း ကုမ္ပဏီ၏ မြီရှင်များ သို့မဟုတ် ၎င်းတို့တစ်ဦးဦးထံမှ သဘောတူညီချက်ရယူရန် အတွက် မှားယွင်းတင်ပြမှု သို့မဟုတ် အခြားလိမ်လည်မှု တစ်ရပ်ရပ်အရအပြစ်ရှိလျှင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၃)၊ (၁၄)၊ နှင့် (၁၅) တို့တွင် အသီးသီးဖော်ပြထားသော ပြစ်မှုများအား ကျူးလွန်သူသည် ငါးနှစ်ထက်မပိုသော ထောင်ဒဏ်တစ်ရပ်ရပ်ကိုကျခံရမည်ဖြစ်ပြီး အခြားပြစ်မှုများကို ကျူးလွန်သူသည် နှစ်နှစ်ထက်မပိုသောထောင်ဒဏ် တစ်ရပ်ရပ်ကို ကျခံရမည်။ သို့ရာတွင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ (၃)၊ (၄)၊ (၆)၊ (၁၄) နှင့် (၁၅) တို့အရ စွဲချက်တင်ခံရသော တရားခံသည် ၎င်းအနေဖြင့် လိမ်လည်ရန်ကြံရွယ်ခဲ့ခြင်းမရှိကြောင်း ကောင်းစွာ သက်သေထင်ရှားပြသ၍ ခုခံကာကွယ်နိုင်သည့်အပြင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၈)၊ (၉) နှင့် (၁၀) တို့အရ စွဲချက်တင်ခံရသော တရားခံသည် ကုမ္ပဏီ၏ကိစ္စရပ်များကို ကွယ်ဝှက်ရန် သို့မဟုတ် ဥပဒေအားချိုးဖောက်ရန် ကြံရွယ်ခဲ့ခြင်း မရှိကြောင်း ကောင်းစွာသက်သေထင်ရှားပြသ၍ ခုခံကာကွယ်နိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## ယုံကြည်စိတ်ချရသော အစားအစာဖြစ်စေရေး ဟောပြောဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၁၈**
မန္တလေးတိုင်းဒေသကြီး စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူး၍ ယုံကြည်စိတ်ချရသော အစားအစာဖြစ်စေရေး ဟောပြောဆွေးနွေးပွဲကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မန္တလေးစက်မှုဇုန်နှင့် မန္တလေးခရိုင်အတွင်းရှိ စားသောက်ကုန်ထုတ်လုပ်ရောင်းချသူများ၊ ဈေးများမှ စားသောက်ကုန်ရောင်းချသူများ၊ စိတ်ဝင်စားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစန်းဝင်းက ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ စားသောက်ကုန်ပစ္စည်းဆိုင်ရာပညာရှင်ဦးဝင်းမြင့်လွင်(ခ) Stephen Chow က စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းရေး၊ သန့်ရှင်းစင်ကြယ်သော စားသောက်ကုန်များထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး၊ သွင်းကုန်အစားထိုး စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ထုတ်လုပ်တင်ပို့ ရောင်းချနိုင်ရေးဟောပြောဆွေးနွေးပြီး တက်ရောက်လာသည့် စားသောက်ကုန်လုပ်ငန်းရှင်များ၏ စားသုံးသူများ ယုံကြည်စွာစားသုံးနိုင်ရန်အတွက် Food Quality Mark အကောင်အထည်ဖော်ရေးဆောင်ရွက်သင့်သည်များ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ **သီဟကိုကို(မန္တလေး)**

## စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးငွေနှင့် လယ်ယာသုံးစက်ကိရိယာများပေးအပ်

**မကွေး ဇန်နဝါရီ ၁၈**
မကွေးမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။



မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၂၅ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာပေါင်း ၄၉၆၅ ရှိရာ သမဝါယမအသင်းစုချုပ် တစ်သင်း၊သမဝါယမအသင်းစု ၃၇ သင်း၊ အခြေခံသမဝါယမအသင်း ၅၄၁၀ သင်း စုစုပေါင်း သမဝါယမအသင်း ၅၄၄၈ သင်း ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ သမဝါယမဦးစီးဌာနမှ ချမှတ်ထားသော လယ်ယာကဏ္ဍ မူဝါဒလမ်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ကြိုးစားရန်လိုကြောင်း၊ လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းဖြင့် ဆက်စပ်လျက်ရှိသော စက်မှုလက်မှုလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးအောင် ဘက်ညီမျှတစွာ ချိန်ညှိလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် မျှော်မှန်းထားပြီး ဝန်ကြီးဌာန၏ လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမကဏ္ဍမှာလည်း Action Plan များကို လက်တွေ့ကျကျပီပြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်၊ မြို့နယ်အလိုက် သမဝါယမအသင်းများအား အသေးစား အရင်းအနှီးချေးငွေများ ပေးအပ်ခြင်း၊ လယ်ယာသုံးစက်ကိရိယာ ပံ့ပိုးပေးအပ်ခြင်း၊ တက်ရောက်လာသော သမဝါယမအသင်းသားများက ကျေးဇူးတင်စကားပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားများ၊ ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၄၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## ဥတ္တရသီရိမြို့နယ် အထက်တန်းကျောင်း(ခွဲ) ပိုလ်ရွေးတွင် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၈**
နေပြည်တော် ဥတ္တရသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ပိုလ်ရွေးတွင် ယနေ့နံနက် ၉ နာရီက ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားပြုလုပ်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် တပ်မတော်ဗိုလ်ရွေးအဖွဲ့ အရာရှိရွေးချယ်ရေးအဖွဲ့မှူး ဗိုလ်မှူးချုပ် စိန်ထွန်းလှတို့က အမှာစကား ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်မြင့်က ပညာရည်ချွန်ဆုပေးပွဲ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် စာစီစာကုံးနှင့် အားကစားဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အဆင့်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် အတန်းလိုက် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား နေပြည်တော် ကောင်စီဝင် ဦးတင်ထွန်း၊ ဗိုလ်မှူးချုပ် စိန်ထွန်းလှ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများကဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားတက်ရောက် လာကြသူများအား ကျောင်းသား ကျောင်းသူလေးများက အကအလှုများဖြင့် ဖျော်ဖြေခဲ့သည်။ **ရွှေရဲရင့်**



## စက်မှုဥယျာဉ်စီမံကိန်းတွင် ဒေါ်လာသန်း ၅၀၀ ကျော် ရင်းနှီးမြှုပ်နှံ

**ငါန်းဇွန် ဇန်နဝါရီ ၁၈**
မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်းရှိ မန္တလေး-မြို့သာ စက်မှုဥယျာဉ် တည်ဆောက်ရေးစီမံကိန်းဧရိယာအတွင်း ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များက စက်ရုံများတည်ဆောက်၍ ဒေါ်လာသန်း ၅၀၀ ကျော် ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်မှုဥယျာဉ်တည်ဆောက်ရေးစီမံကိန်းတွင် တည်ဆောက်ဆဲနှင့် လည်ပတ်နေသည့် စက်ရုံပေါင်း ရှစ်ခုရှိကာ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ၉၀ ရာခိုင်နှုန်းနှင့် ပြည်တွင်းနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံသူများ ပါဝင်ကြောင်း မန္တလေး-မြို့သာစက်မှုဥယျာဉ်တည်ဆောက်ရေးစီမံကိန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းအောင်က ပြောသည်။

"တည်ဆောက်ဆဲနဲ့ လည်ပတ်နေတဲ့ စက်ရုံပေါင်း ခုနစ်ခုရှိပါတယ်၊ ဒီဇန်နဝါရီ ၁၆ ရက်မှာ စီမံကိန်းလုပ်ငန်းတွေစတင်လုပ်ဆောင်တဲ့ မန္တလေး-ပေါင်ဆန်း-မြို့သာစက်ရုံစီမံကိန်းနဲ့ဆိုရင် စီမံကိန်းကုမ္ပဏီပေါင်း ရှစ်ခုရှိသွားပါပြီ၊ ဒါ့အပြင် လက်ရှိကျွန်တော်တို့ဆီမှာ မြေဧကေ ၂၀ လောက်ယူထားပြီး ဒီဇိုင်းဆွဲနေတဲ့ တခြားစက်ရုံ နှစ်ရုံ၊ သုံးရုံရှိပါတယ်၊ အဲ့ဒီစက်ရုံတွေက မော်တော်ကား တပ်ဆင်ထုတ်လုပ်တဲ့ စက်ရုံဖြစ်ပြီး လာမယ့် မတ်၊ ဧပြီလောက်မှာ တည်ဆောက်ရေးလုပ်ငန်းစတင်မှာပါ၊ နောက်တစ်ခုက အမှိုက်ကနေပြန်ထုတ်မယ့် စက်ရုံတွေပါပဲ၊ ဂျပန်နိုင်ငံကလာပြီးလုပ်မှာပါ၊ ဒီဇိုင်းဆွဲနေတဲ့အဆင့်ရှိနေပါပြီ"ဟု ၎င်းက ပြောသည်။

၎င်းစက်မှုဥယျာဉ်တွင် ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်ဆဲနှင့် လုပ်ငန်းလည်ပတ်နေသည့်စက်ရုံများအနေဖြင့် နယ်သာလန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် တိရစ္ဆာန် အစာစပ်စက်ရုံများ၊ ထိုင်းနိုင်ငံနှင့် ပြည်တွင်းမှ ဖက်စပ်ရင်းနှီးမြှုပ်နှံသည့် ကွန်ကရစ်ထုတ်လုပ်သည့် စက်ရုံ၊ ယူနန်ပြည်နယ်နှင့် ပြည်တွင်းဖက်စပ်လုပ်ကိုင်သည့် ဘီစကွတ်စက်ရုံ၊ ဟောင်ကောင်၊ အိန္ဒိယနှင့် ပြည်တွင်းဖက်စပ်လုပ်ကိုင်သည့် အထပ်သားထုတ်လုပ်သည့်စက်ရုံစသည်တို့ ဖြစ်ကြပြီး ယခုဇန်နဝါရီ ၁၆ ရက်တွင် စီမံကိန်းစတင်ဆောင်ရွက်သည့် တရုတ်နိုင်ငံ ပေါင်ဆန်းပြည်နယ်ခွဲမှ လာရောက်၍ ရင်းနှီးမြှုပ်နှံသော စက်ရုံစီမံကိန်းတွင် ဦးထုပ်စက်ရုံ၊ အထည်ချုပ်စက်ရုံ၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် သေတ္တာထုတ်လုပ်သည့် စက်ရုံများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မန္တလေး-မြို့သာ စက်မှုဥယျာဉ်တည်ဆောက်ရေးစီမံကိန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရှိသည့်အနက် မန္တလေး-ပေါင်ဆန်း-မြို့သာ ကုမ္ပဏီက ရင်းနှီးမြှုပ်နှံငွေ ဒေါ်လာသန်း ၃၉၀ ကျော်ရှိပြီး ၎င်းဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်း ဧရိယာမှာ ဧက ၃၁၃ ဒသမ ၇၅ ကျယ်ဝန်းပြီး ပထမလုပ်ငန်းစဉ်အဖြစ် မျက်နှာပြင် ဧရိယာ ဧက ၅၀ ပေါ်တွင် စက်ရုံများ၊ ဝန်ထမ်းအိမ်ရာများကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ခရီးသွားဒေသဖော်ဆောင် ဖွံ့ဖြိုးရေးကို ဒေသခံများနှင့် ပူးပေါင်းလုပ်ဆောင်

**စစ်ကိုင်း ဇန်နဝါရီ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက လူသိနည်းပြီး စိတ်ဝင်စားစရာနေရာများကို ခရီးသွားလုပ်ငန်းရှင်များနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းတို့ ပူးပေါင်းကာ ရှစ်ရက်ခရီးစဉ်အဖြစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၆ ရက်အထိ လေ့လာရေးခရီးစဉ်ထွက်ကြမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလာမှုဖွံ့ဖြိုးရေးကော်မတီဝင် ဦးသန်းဌေးထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးရဲ့ သဘာဝအတိုင်းရှိနေသေးတဲ့အလှတွေနဲ့ နိုင်ငံတကာ ခရီးသွားတွေ စိတ်ဝင်စားကြမယ့် ဒေသတွင်းက ဇလုံတောင်၊ အင်းတော်ဒေသ၊ မန်လည်နဲ့ ကဒူးကနန်းလူမျိုးတွေအကြောင်း သွားရောက်လေ့လာကြမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ လေ့လာစရာနေရာတွေကို ပြည်ပခရီးသွားတွေက ပိုစိတ်ဝင်စားနေတာ တွေ့ရပြီး ပြည်တွင်းခရီးသွားတွေသိတာနည်းနေတဲ့အတွက် ခရီးသွားလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအနေနဲ့ ပူးပေါင်းအဖွဲ့တွေနဲ့ လက်တွဲ ဆောင်ရွက်နေတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ကသာ၊ အင်းတော်၊ ဗန်းမောက်စတဲ့ ဒေသတွေကို ခရီးသွားဒေသအဖြစ် ဖော်ဆောင်ရင်း ဒေသဖွံ့ဖြိုးရေးတွေကိုပါ ဒေသခံတွေနဲ့ ပူးပေါင်းလုပ်ဆောင်နေတာပါ၊ တိုင်းဒေသကြီးအတွင်းကျန်တဲ့ နေရာတွေကိုလည်း ခရီးသွားဒေသအဖြစ်ဖော်ဖို့ သင့်၊ မသင့် ကွင်းဆင်းလေ့လာ သုံးသပ်မှုတွေကို ပညာရှင်တွေနဲ့ပေါင်းပြီး လုပ်ဆောင်နေပါတယ်" ဟု ဦးသန်းဌေးက ပြောပြသည်။



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းတို့ ပူးပေါင်းကာ Myanmar Heritage Trail Tourism Rally (MHTTR)ကို ရန်ကုန်မြို့မှ စစ်ကိုင်းမြို့သို့ ဇန်နဝါရီ ၁၉ ရက်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် စစ်ကိုင်း-ရွှေဘို-ကန့်ဘလူ- ကောလင်း-အင်းတော်-ကသာ- ဗန်းမောက်-ပင်လည်ဘူး- ရေဦး-ဒီပဲယင်း-ဘုတလင်မှ မုံရွာမြို့တို့သို့ မောင်းနှင်ကာ ရန်ကုန်မြို့သို့ ဇန်နဝါရီ ၂၆ ရက်တွင် ပြန်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လည်ပတ်စရာကောင်းသော ခရီးစဉ်ဒေသများကို ခရီးသွားများသိရှိစေရန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ အနောက်မြောက်ဒေသသို့ ခရီးကြမ်းကားမောင်းခြင်းအစီအစဉ်ကို ပြုလုပ် အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း သိရသည်။ **သံတိုင်ထွန်း**

ကြေးမုံ



# စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေသော သမဝါယမအသင်းများသို့ အသေးစား အရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်

**ပဲခူး ဇန်နဝါရီ ၁၈**

စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေသော သမဝါယမအသင်းများသို့ အသေးစား အရင်းအနှီး ချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် ရှင်စောပုခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက နိုင်ငံတော်အပိုင်းမှ ကျေးလက်ဒေသနှင့် မြို့ပြ ဒေသများတွင် ဖွံ့ဖြိုးတိုးတက်အောင် အားပေးလျက်ရှိနေချိန်မှာ ပဲခူးတိုင်းဒေသကြီးအနေဖြင့်လည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် အသင်းသားများကိုယ်တိုင်က သမဝါယမကျင့်ဝတ်နှင့် အနှစ်သာရများကို ယုံကြည်ချက်ရှိရှိ အလေးထားခံယူကြရမှာဖြစ်ပြီး မိမိတို့ တစ်ဦးချင်းစီ၏ ပူးပေါင်းဆောင်ရွက်လိုသည့် စိတ်ဓာတ်များဖြင့် ကိုယ်တိုင်ပါဝင်သော အသင်းအဖွဲ့ကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ သမဝါယမလုပ်ငန်းများသည် ကျေးလက်နေပြည်သူများကို တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင်ရှိသည့် ဆက်စပ်ဌာနများသာမက တိုင်းဒေသကြီးအတွင်းရှိ ဌာနအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်နှင့် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသူရိန်ချစ်ဆွေတို့က သမဝါယမချေးငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့ရှိ သမဝါယမအသင်းများကို လည်းကောင်း၊ သမဝါယမဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်က သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့ရှိ သမဝါယမအသင်းများကိုလည်းကောင်း အသေးစားချေးငွေများပေးအပ်ကာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်က တိုင်းဒေသကြီးအတွင်းရှိ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး သမဝါယမအသင်းလီမိတက်၊ အသင်းသားများအတွက် ပံ့ပိုးချေးငွေများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ လယ်ယာသုံးစက်ကိရိယာများကိုလည်းကောင်း၊ သမဝါယမအသင်းစုချုပ် ဦးအောင်မြိုင်ကလယ်ယာမြေအဆင့်မြှင့်တင် ပြုပြင်ခြင်းအတွက် ပံ့ပိုးချေးငွေများကို အသီးသီးပေးအပ်ခဲ့ကြကာ လယ်ယာသုံးစက်ကိရိယာများအားလှည့်လည်ကြည့်ရှုကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း၌ သမဝါယမအသင်းစုချုပ် တစ်သင်း၊ သမဝါယမအသင်းစု ၃၉ သင်း၊ အခြေခံသမဝါယမအသင်း ၆၇၆၄ သင်း၊ စုစုပေါင်း သမဝါယမအသင်း ၆၈၀၄ သင်းအား အသင်းသားဦးရေ ငါးသိန်းငါးသောင်းကျော်ဖြင့် ဖွဲ့စည်းထားရှိပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလကုန်တွင် အသင်းသား တောင်သူများထံ အသေးစားအရင်းအနှီးချေးငွေ ၈၄၄၆၉ ဒသမ ၅၂၈ သန်း၊ ဇူလိုင်လတွင် ၈၉၀၃၆ ဒသမ ၆ သန်း ထုတ်ချေးပေးနိုင်ခဲ့သည်။ ယခု ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ၁၀၀ ရာခိုင်နှုန်း တာဝန်ကျေပွန်စွာ ပြန်လည်ပေးဆပ်သည့် အသင်းသား ၄၂၀၅၂၈ ဦးအတွက် အသေးစားချေးငွေကျပ် ၉၁၀၆၈ ဒသမ ၁၀၉ သန်း၊ အသင်းသား ၇၅ ဦးအတွက် လယ်ယာသုံးစက်ကိရိယာ ၇၅ စီး၊ ပံ့ပိုးချေးငွေ ၁၅၃၀ ဒသမ ၇၈၀ သန်း၊ အသင်းသား ၄၄၈ ဦး၏ လယ်ယာမြေဧက ၃၇၆၆ ဧက အဆင့်မြှင့်တင်နိုင်ရေးအတွက် ပံ့ပိုးချေးငွေ ၁၂၄၆ ဒသမ ၈၀၀ သန်း၊ စုစုပေါင်း အသင်းသား ၄၂၀၅၂၈ ဦးအတွက် ပံ့ပိုးချေးငွေပေါင်း ကျပ်သန်း ၉၃၈၄၅ ဒသမ ၆၈၉ သန်းကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# မြန်မာ့အာမခံလုပ်ငန်းမှ လျော်ကြေးပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၁၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံအကာအကွယ်များ ဝယ်ယူထားရှိပြီး လူ့အသက်ဆုံးရှုံးခဲ့သူများ၊ အဆောက်အအုံများ မီးလောင်ဆုံးရှုံးမှုနစ်နာကြေးပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၂ နာရီက ရန်ကုန်မြို့ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) စတုတ္ထထပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက အာမခံထားရှိသူများသို့ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးနစ်နာမှုများအတွက် ပြုလုပ်သည့် လျော်ကြေးပေးအပ်ပွဲ အခမ်းအနားဖြစ်ကြောင်း၊ အဆောက်အအုံမီးလောင်ဆုံးရှုံးမှုအတွက် လျော်ကြေးငွေကျပ် ၂၈၀၂၆၀၀၇၀ ဒသမ ၉၄ နှင့် စက်ပစ္စည်းများ မီးအာမခံရေစိုပျက်စီးမှုအတွက် လျော်ကြေးငွေကျပ် ၁၃၅၆၉၁၇၂၃ ဒသမ ၀၄ စုစုပေါင်း လျော်ကြေးငွေကျပ် ၄၁၅၉၅၁၇၉၃ ဒသမ ၉၈ ပေးလျော်ခြင်းဖြစ်ကြောင်းနှင့် သဘော်သား သုံးဦးကွယ်လွန်ခြင်း ၁၄၅ သိန်းကို ပေးအပ်ခြင်းဖြစ်ကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းအပေါ် ပြည်သူများ ပိုမိုယုံကြည်အားကိုးလာကာ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးဆတက်ထမ်းပိုး ပိုမိုတိုးတက်လာအောင် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဆုံးရှုံးနစ်နာမှု လျော်ကြေးများ လက်ခံရယူရန် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းရှင်များ၊ ကဏ္ဍအသီးသီးမှ မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံထားရှိသူများ၊ မြန်မာ့အာမခံလုပ်ငန်းဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မောင်ဇော်**

# မကြာမီ ဖွင့်လှစ်နိုင်တော့မည့် ပြည်သူ့အကျိုးပြု စက်ဆန်းချောင်းတံတား

**ဖျာပုံ ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာအနီးရှိ စက်ဆန်းချောင်း တံတားအား တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄) တံတားအထူးအဖွဲ့(၁၅)က စက်ဆန်းချောင်းတံတား စီမံကိန်းဖြင့် ၂၀၁၀ ခုနှစ် ဇူလိုင်လမှ စတင်တည်ဆောက်လျက်ရှိပြီး စီမံကိန်း(တံတား)အား ခွင့်ပြုငွေကျပ် ၇၃၀၅ ဒသမ ၀၀ သန်းဖြင့် ဖေဖော်ဝါရီလအတွင်း အပြီးတည်ဆောက်လျက်ရှိကြောင်း သိရသည်။



အဆိုပါတံတားကြီးမှာ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်တွင်ရှိပြီး ဘိုကလေးမြို့မှ ၁၈ မိုင်အကွာတွင် တည်ရှိသည်။ ဖျာပုံ-ကျုံကဒွန်း- ၁၅ မိုင် ၃ ဖာလုံ၊ ကျုံကဒွန်း-စက်ဆန်း ၁၉ မိုင် ၁ ဖာလုံ အကွာတွင် စက်ဆန်းချောင်းအား ဖြတ်သန်း တည်ဆောက်ထားပြီး ကျေးလက်နေ ပြည်သူများအတွက် လွန်စွာအရေးပါသော တံတားကြီးတစ်စင်းဖြစ်ကြောင်း သိရသည်။

တံတားကြီးအရှည်မှာ ၁၇၈၁ ပေ ၆ လက်မ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ ၆ လက်မ ထားရှိကာ ဘိုးပိုင်အာရ်စီကွန်ကရစ်အမျိုးအစားဖြင့် တည်ဆောက်ထားပြီး ရေလမ်း ကင်းလွတ်နယ်မှာ အမြင့်ပေ ၄၀၊ အကျယ် ၂၁၈ ပေရှိပြီး နည်းစနစ် မြင့်မားစွာ အချိန်ယူ တည်ဆောက်ပေးထားကြောင်း သိရသည်။

ယခင်က ရေလမ်းခရီးဖြင့် ဘိုကလေးမြို့သို့ နှစ်နာရီခန့် အချိန်ကြာမြင့်စွာ သွားလာရသဖြင့် ပြည်သူများ အချိန်ကုန် လူပန်းဖြစ်ခဲ့ရကြောင်း စက်ဆန်းချောင်းတံတားကြီး ဖွင့်လှစ်ပြီးစီးသွားပါက ဘိုကလေးမြို့သို့ ကားဖြင့် မိနစ် ၃၀ ခန့်ဖြင့် သွားရောက်နိုင်မည်ဖြစ်ပြီး ထို့အပြင် ပတ်ဝန်းကျင်ကျေးရွာ ၃၂ ရွာမှကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများအတွက် တံတားကြီးကို ဖြတ်သန်း၍ အကျိုးရှိစွာအသုံးပြုနိုင်မည်ဖြစ်သည့်အပြင် ထော်ပိုင်ကျေးရွာ အမာမြို့သို့လည်း ရာသီမရွေးသွားလာနိုင်တော့မည်ဖြစ်သည့်အပြင် အချိန်တိုအတွင်း ဒေသထွက်ကုန်များ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါကလည်း ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းများ လျင်မြန်စွာပေးပို့ထောက်ပံ့နိုင်တော့မည်ဖြစ်ရာ ပြည်သူများကလွန်စွာ ဝမ်းသာပီတိဖြစ်နေကြောင်း သိရသည်။

**(၅၄၀)**

# ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းရေး တောင်သူများအား အသိပညာပေးဟောပြော

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘော့သပြေကန်ကျေးရွာတွင် ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက GAP စနစ်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသော ပဲတီစိမ်းစိုက်ပျိုးတောင်သူများအား ပဲစိုက်ခင်းများ၌ ပိုးမွှားအန္တရာယ် အသိပညာပေး ကွင်းဆင်းဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် တိုင်းဒေသကြီးပိုးမွှားတာဝန်ခံ ဒေါက်တာ စန်းစန်းဝင်း၊ တိုင်းဒေသကြီးမျိုးစေ့ တာဝန်ခံ ဒေါ်မြင့်မြင့်ဝင်း၊ တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဒေါ်ဝင်းဝင်းမိုး၊ ခရိုင်ဦးစီးမှူးရုံးမှ ဒေါ်ဇင်မော်အောင်၊ ဒေါ်ခင်ထွေးဖြူ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောအောင်တို့က ဘော့သပြေကန်ကျေးရွာတွင် စိုက်ပျိုးထားရှိသည့် ပဲစိုက်တောင်သူ ၁၃ ဦး၏ ပဲတီစိမ်း ၁၀၉ ဧကပေါ်တွင် GAP စနစ်ဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ပဲတီစိမ်းစိုက်ခင်းထဲ၌ ပဲစိုက်ပျိုးတောင်သူများနှင့် တွေ့ဆုံကာ ပဲပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းရေး အသိပညာပေး ဟောပြောခဲ့ပြီး ပဲစိုက်တောင်သူများက ပိုးမွှားအန္တရာယ်ကာကွယ်ရေးဆိုင်ရာ သိလိုသည်များအား မေးမြန်းရာ တိုင်းဒေသကြီး ပိုးမွှားတာဝန်ခံ ဒေါက်တာစန်းစန်းဝင်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **သက်နိုင်(သန်လျင်)**

# အင်းစိန်မြို့နယ်တွင် အန္တရာယ်ရှိသော ရှပ်ထွေးလျှပ်စစ်ဆားဗစ်ကြိုးများ ရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၁၈**

အင်းစိန်မြို့နယ်တွင် အန္တရာယ်ရှိသော ရှုပ်ထွေးလျှပ်စစ်ဆားဗစ်ကြိုးများ ရှင်းလင်းခြင်းကို စီမံချက်ဖြင့်လုပ်ဆောင်ရာ ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် မြို့သစ် (က+ခ)ရပ်ကွက်များတွင် ရှင်းလင်းခဲ့သည်။

ရှင်းလင်းရာသို့ အင်းစိန်မြို့နယ် မဲဆန္ဒနယ်မြေ(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ ခနရာဇာကုမ္ပဏီအင်ဂျင်နီယာချုပ် ဦးထွန်းထွန်း၊ အမှုဆောင် အင်ဂျင်နီယာ ဦးအောင်ဘိုဘိုဟိန်း၊ အင်းစိန်မြို့နယ် လျှပ်စစ်မှ လိုင်းမင်းများသည် ကမ်းနားအလယ်ရပ်ကွက်မြို့သစ် (က+ခ) ရပ်ကွက်လမ်းသွယ်များတွင် သွယ်တန်းထားသော လျှပ်စစ်ရှုပ်ထွေးဆားဗစ်ကြိုးများကို ရှင်းလင်းပြီး ကြိုးအသစ်များကို စနစ်တကျပြန်လည်တပ်ဆင်ခဲ့ကြသည်။ အဆိုပါ ကုန်ကျစရိတ်များကို ခနရာဇာကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

**ပြည် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအတွက် အခြေခံစက်ချုပ်သင်တန်း (၁/၂၀၁၈)ကို ပြည်မြို့နယ်အလိုတော်ရကျေးရွာအုပ်စု အလိုတော်ရကျေးရွာတွင် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ သက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်လင်းအောင်က ပြောကြားခဲ့သည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်လင်းအောင်နှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ သင်တန်းနည်းပြနှင့် သင်တန်းသူ ၃၅ ဦးတို့တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။

**သူရအောင်(ပြည်)**

# ကမ္ဘာမြေနှင့် မြေလှုပ်လှုပ်ရှားမှု

မောင်မောင်ကျော်

ယခုတလော မြန်မာနိုင်ငံတစ်ဝန်းတွင် အင်အားအသင့်အတင့်၊ အင်အားအနည်းငယ်ရှိသော ငလျင်များ ခပ်စိပ်စိပ်လှုပ်ခဲ့သည်။ နေ့စဉ်နီးပါးလိုလို အကြိမ်များစွာ လှုပ်ခဲ့သော ငလျင်ဂယက်ကြောင့် ပြည်သူများအကြား စိုးရိမ်ပူပန်မှုများ ရှိနေခဲ့သည်။ ငလျင်ကြီးများ လှုပ်ခဲ့သည်ရှိသော်ဟူသည့် ကြောက်ရွံ့စိုးထိတ်စိတ်ဖြစ်ကြသူများရှိမည်ဖြစ်သလို သူ့သဘောသူဆောင်သည်ဟူ၍ သဘောထားကြသူများလည်း ရှိမည်။ မြန်မာပြည်တွင်း ငလျင်များလှုပ်ရှားနေသည်မှာ အမှန်ဖြစ်သည်။ ငလျင်နှင့်ပတ်သက်၍ သက်ဆိုင်ရာပညာရှင်များကလည်း ငလျင်သဘောသဘာဝနှင့် မြန်မာပြည်၏ ငလျင်အနေအထားအား ခန့်မှန်းပြောဆိုမှုများလည်း ရှိသည်။

မည်သို့ပင်ဖြစ်စေ ဤကမ္ဘာမြေ၏ သဘောသဘာဝနှင့် ငလျင်လှုပ်ရခြင်း အကြောင်းအရင်းကို သိရှိနားလည်ထားကြပြီး ငလျင်နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်တို့ကို သိရှိလိုက်နာကြမည်ဆိုလျှင် ကြုံတွေ့လာနိုင်သည့် ငလျင်ဘေးအန္တရာယ်မှ လျော့နည်းသက်သာပေလိမ့်မည်။ သဘာဝဘေးအမျိုးမျိုးရှိသည့်အနက် ခန့်မှန်းရခက်ခဲသော သဘာဝဘေးမှာ ငလျင်ဖြစ်သည်။ ဖြစ်မှသိရသောကြောင့် ငလျင်ပြင်းအားအနည်းအများအလိုက် ထိခိုက်ဆုံးရှုံးမှုလည်း အနည်းအများ ဖြစ်ပေါ်နိုင်ပါသည်။ ငလျင်အန္တရာယ်မှာ ကြိုတင်ခန့်မှန်းရန် မလွယ်ကူသည် မှန်သော်လည်း ကမ္ဘာမြေ၏သဘောသဘာဝနှင့် ပညာရှင်တို့၏ခန့်မှန်းချက်များအရ ကြိုတင်ပြင်ဆင် သတိမူဆင်ခြင်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။

**ကမ္ဘာလုံးသဘာဝ**

သိပ္ပံပညာရှင်များ လေ့လာဖော်ထုတ်မှုများအရ ဤကမ္ဘာမြေသည် နေမိသားစုဝင်ဖြစ်သည်။ ကမ္ဘာဖြစ်တည်စက မွတ်မွတ်လည်နေသော ဖုန်တိမ်တိုက်မှ ကမ္ဘာဖြစ်ရသောအခါ ထိုဖုန်များမှ ပြင်းထန်သော အဟုန်နှင့် စုစည်းကြသဖြင့် ကမ္ဘာကြီးမှာ မီးတောက်မီးလျှံ အလုံးကြီးဖြစ်နေခဲ့သည်။ တဖြည်းဖြည်းနှင့် အပေါ်ယံအလွှာများ အေးခဲလာပြီးမှ ကျွန်ုပ်တို့နေထိုင်သော တိုက်ကြီးများနှင့် ပင်လယ်သမုဒ္ဒရာများ ဖြစ်လာရသည်။ ကမ္ဘာ့အပေါ်ယံအလွှာ အေးခဲမာကျောသွားပြီး လူသတ္တဝါများ အသက်ရှင်သန်နေထိုင်ကြသည့် ဤကမ္ဘာကြီး ဖွဲ့စည်းထားမှုသဏ္ဌာန်ကို ကြည့်မည်ဆိုလျှင် ကြက်ဥတစ်လုံး မကျက်တကျက် ပြုတ်ထားသည်နှင့် တူသည်။ ကြက်ဥ၏ အပေါ်ယံအခွံသည် တင်းမာနေသည့် ထိဆတ်သော အခွံလွှာပါးဖြစ်သည်။ ကျေလွယ်၊ ကွဲလွယ်၊ ပျက်လွယ်ပြီး အတွင်းအကာမှာမူ ပျော့ပျောင်းသည်။ အလယ်အနှစ်မှာမူ ပျော်ဝင်နေသော အရည်ခဲဖြစ်သည်။ ဤကမ္ဘာမှာလည်း ဤသို့ပင်ဖြစ်သည်။

အခွံပိုင်း၊ အကာပိုင်း၊ အနှစ်ပိုင်းဟူ၍ အပိုင်းသုံးပိုင်းရှိသော ကမ္ဘာလုံးကြီး၏ အခွံပိုင်းသည် ကမ္ဘာမြေမျက်နှာပြင်မှ အတွင်းဘက်သို့ ကီလိုမီတာ ၅၀ မှ ၇၀ အထိထူပြီး အကာပိုင်းသည် ကီလိုမီတာ ၇၀ မှ ၃၃၀၀ အတွင်းဖြစ်သည်။ အနှစ်ပိုင်းသည် ကီလိုမီတာ ၃၃၀၀ မှ ကမ္ဘာလုံး၏ဗဟိုချက် ၆၃၆၀ ကီလိုမီတာအထိဖြစ်သည်။ ကမ္ဘာ့အလွှာများ၏ထုကို သတ်မှတ်ရာတွင် ပညာရှင်တစ်ဦးနှင့်တစ်ဦး အနည်းငယ်ကွဲပြားမှုရှိသည်။ သို့သော် အခြေခံအားဖြင့် တူညီပေသည်။ ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာ့အခွံပိုင်းကို အပေါ်မြေလွှာပြီးလျှင် မာဆတ်သည့် ကျောက်လွှာများဖြင့် ဖွဲ့စည်းထားသည်။ ထို့ကြောင့် ဤအလွှာသည် ကျိုးလွယ်၊ ပျက်လွယ်သည်။ ကမ္ဘာ့အခွံပိုင်းအောက်ရှိ အကာပိုင်းသည် အခွံပိုင်းလောက် မာဆတ်ခြင်းမရှိချေ။ မီးတောင်၏ အက်ကွဲကြောင်းမှ စီးထွက်လာသော ချော်ရည်များကိုကြည့်လျှင် အကာပိုင်း၏ အချို့နေရာတွင် ကျောက်များ အရည်ပျော်နေသည်ကို သိနိုင်သည်။ အရည်ပျော်နေသောအလွှာသည် ကမ္ဘာမြေမျက်နှာပြင်မှ ကီလိုမီတာ ၁၉၀ အကွာတွင် ရှိနိုင်သည်။

**လှုပ်ရှားတွန်းကန်မှု**

ကမ္ဘာမြေမျက်နှာပြင်ပေါ်သို့ ရွာချသောမိုးရေသည် ရေစိမ့်ဝင်နိုင်သော ကျောက်လွှာနှင့် အက်ကြောင်းများမှ စိမ့်ဝင်သွားရာ အကာပိုင်းမှ ကျောက်ရည် သို့မဟုတ် အပူချိန်အလွန်မြင့်မားသော အရည်ပျော်လုဆဲ ကျောက်လွှာနှင့် ထိတွေ့သောအခါ ရေခိုးရေငွေ့အဖြစ် ပြောင်းလဲသွားနိုင်သည်။ ရေခိုးရေငွေ့သည် တွန်းကန်တတ်သည့် သဘောရှိသည့်အတိုင်း မီးတောင်ပေါက်ကွဲမှုနှင့် မြေလွှာလှုပ်ရှားမှုကို ဖြစ်ပေါ်စေနိုင်သည်။ အကယ်၍ ကမ္ဘာ့အကာအစိတ်အပိုင်းနှင့်အတွင်းပိုင်းမှ ကျောက်လွှာများ အရည်ပျော်နေမည်ဆိုပါက လ ဆွဲအားကြောင့် ကျောက်ရည်များ ကြွတက်လာပြီး ကမ္ဘာ့အခွံပိုင်းကို လှုပ်ရှားစေမည်ဖြစ်သည်။ အမှန်တကယ်တွင် ကမ္ဘာ့အကာပိုင်း ကျောက်လွှာများမှာ အပူချိန်ကြောင့် လည်းကောင်း၊ ကျောက်ရည်ရွေ့စီးခြင်းကြောင့်လည်းကောင်း ရွေ့လျားမှုကို ဖြစ်စေနိုင်သည်။ ကမ္ဘာ့အနှစ်ပိုင်းသည် အပူချိန် (၃၆၀၀ စင်တီဂရိတ်) အလွန်မြင့်သော်လည်း အရည်ပျော်ခြင်းမရှိချေ။ အကြောင်းမှာ ကမ္ဘာ့အခွံပိုင်းနှင့် အကာပိုင်းမှ ဖိနှိပ်မှုဒဏ်ကို ပြင်းထန်စွာခံနေရသောကြောင့် ဖြစ်သည်။

**ယူဆချက်အမျိုးမျိုး**

မြန်မာလူမျိုးများ၏ ဝိဇ္ဇာနည်းအယူအဆတွင် ကပ်ပြင်ဆရာတော်၏ ပညာတနကျမ်း၌ ဖော်ပြထားသည်မှာ လေထုတွန်းကန်၍ ရေထုလှုပ်ရှားပြီး ရေထုတွန်းကန်၍ မြေလှုပ်ရသည်ဟု ဆိုထားသည်။ ယင်းမှာ ကျမ်းဂန်အလိုအရ ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကို ရေထုကမထားပြီး ရေထုအောက်တွင် လေထုရှိသည်ဟူသော ယူဆချက်ကို အခြေခံထားသည်။ ယင်းကို တိပိဋကမင်းကွန်းဆရာတော်ကြီး၏ မေတ္တာပို့တွင် ဖော်ပြပါရှိသည်။ ဝေသန္တရာဇာတ်တော်ကြီးတွင် အလုံးစုံသော အလှူကြီးပေးသောအခါ ကြက်သီးမွေးညင်းထဖွယ် ကြောက်မက်စရာအတိဖြစ်၍ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးသည် အိုးထိန်းစက်ရဟတ်ကဲ့သို့ ပတ်ပတ်လည်လျက် သည်းစွာ အသံပြု၍ တုန်လှုပ်သည်ဟု ဖော်ပြထားသည်။ ဗုဒ္ဓဝင်အရ အလွန်စင်ကြယ်မြင့်မြတ်သော အမှုကိစ္စကို ပြုလုပ်ပြီးသောအခါ ကောင်းချီးသြဘာပေးသည့်အနေဖြင့် တုန်လှုပ်လေ့ရှိသည်ဟု ယူဆရသည်။

ဘီစီ လေးရာစုလောက်တွင် အတွေးအခေါ်ပညာရှင် အရစ္စတိုတယ်၏ အဆိုအရ မြေအောက်အနက် ခေါင်းပေါက်မှ လေများရုန်းကန်ထွက်ခြင်းကြောင့် ငလျင်လှုပ်ရခြင်းဖြစ်သည်ဟုဆိုသည်။ အရစ္စတိုတယ်၏ တွေးဆချက်ကို အခြေခံ၍ ကမ္ဘာကျော် စာရေးဆရာကြီး ရှိတ်စပီးယားက စတုတ္ထမြောက် ဟင်နရီပြဇာတ်တွင် လေနာသည်၏ ရင်တွင်းမှလေများ ကျဉ်းကျပ် ခက်ခဲစွာ ထွက်လာသကဲ့သို့ ကမ္ဘာ့အတွင်းပိုင်းမှလည်း အကြိမ်ကြိမ် လေများထွက်လာသည်။ အစိုးမရသောလေကို မြေဝမ်းအိမ်တွင် အကျဉ်းချထားသည့် အမယ်အိုကမ္ဘာကြီးသည် ဝမ်းအိမ်အကျဉ်းစခန်းကို ချဲ့ရန်အတွက် အားယူလှုပ်သော် ပြာသာဒ်ဘုံဆောင်မြင့်နှင့် ရေညှိစွဲသည့် ရဲတိုက်ကြီးများ ပြိုလဲမြေခကြလေသည်ဟု ဖွဲ့ဆိုခဲ့သည်။ ဤသည်တို့ကို သိပ္ပံဆရာတို့က လက်ခံလေ့မရှိချေ။

> “ကမ္ဘာမြေလှုပ်သည့် အရင်းခံအကြောင်းများအနက် လှုပ်ရှားမှုကို ဖန်တီးပေးသည့် တိုက်မျောခြင်းသည် အဓိကကျသည့် အကြောင်းအရင်းဖြစ်သည်။ တိုက်မျောခြင်းအဆိုကို ဂျာမန်မိုးလေဝသပညာရှင် ပါမောက္ခ ဝဂ္ဂနာက ၁၉၁၂ ခုနှစ်တွင် အထောက်အထားများနှင့် အပြည့်အစုံတင်ပြခဲ့သည်။ ယခုအခါ ကမ္ဘာ့တိုက်ကြီးများအား မျောထွက်စေသည့် အင်အားနှင့် တိုက်ကြီးများ မျောထွက်ခဲ့သည့် အထောက်အထားများကို ပြည့်စုံသည်ထက်ပြည့်စုံအောင် ရှာဖွေတွေ့ရှိလာကြသည်။”

သို့သော် ကမ္ဘာ့မြေလွှာ အခွံပိုင်းအောက်တွင် အချို့နေရာများ၌ ရေကြော၊ လေကြော၊ ကျောက်ကြောတို့ ရှိသည်မှာ အမှန်ဖြစ်သည်။ ကမ္ဘာမြေအတွင်းပိုင်းတွင် ချော်ရည်ချော်ခဲများ ရှိသည်မှာလည်း အမှန်ဖြစ်သည်။ ပူလောင်ပြင်းပြသည့် အခိုးအလျှံ အရည်များလည်း ရှိသည်မှာ အမှန်ဖြစ်သည်။ အေးမြသောမိုးရေများသည် မဟာပထဝီမြေအတွင်းသို့ ဆင်းသက်ရာမှ ပူပြင်းသည့် ကျောက်သား၊ ကျောက်ရည်တို့နှင့် ထိတွေ့ရာမှ အခိုးအလျှံများ ထွက်ပေါ်နိုင်သည်မှာလည်း သဘာဝကျသည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာမြေအတွင်းမှ ကျောက်သား၊ ကျောက်လွှာ၊ ချော်ရည်ချော်ပူများ လှုပ်ရှားတွန်းကန်ခြင်းကြောင့် မြေလွှာလှုပ်ရှားခြင်းမှာ ဖြစ်နိုင်ခြေရှိသည်။

**အရင်းခံအကြောင်းများ**

ကမ္ဘာမြေလှုပ်သည့် အရင်းခံအကြောင်းများအနက် လှုပ်ရှားမှုကို ဖန်တီးပေးသည့် တိုက်မျောခြင်းသည် အဓိကကျသည့် အကြောင်းအရင်းဖြစ်သည်။ တိုက်မျောခြင်း အဆိုကို ဂျာမန်မိုးလေဝသပညာရှင် ပါမောက္ခ ဝဂ္ဂနာက ၁၉၁၂ ခုနှစ်တွင် အထောက်အထားများဖြင့် အပြည့်အစုံတင်ပြခဲ့သည်။ ယခုအခါ ကမ္ဘာ့တိုက်ကြီးများအား မျောထွက်စေသည့်အင်အားနှင့် တိုက်ကြီးများ မျောထွက်ခဲ့သည့် အထောက်အထားများကို ပြည့်စုံသည်ထက်ပြည့်စုံအောင် ရှာဖွေတွေ့ရှိလာကြသည်။ ကမ္ဘာ့တိုက်ကြီးများသည် သမုဒ္ဒရာကြမ်းပြင်နှင့်အတူ သမုဒ္ဒရာချိုင့်ဝှမ်းကြီး၏ ဘေးတစ်ဖက်တစ်ချက်စီမှ ရွေ့ထွက်နေကြသည်။ တစ်နည်းဆိုသော် သမုဒ္ဒရာကြမ်းပြင်နှင့် ဆက်စပ်လျက်ရှိပြီး မြေသားထုသည် တစ်ဖက်ဖက်သို့ တရွေ့ရွေ့ကွာထွက်ကာ ကမ္ဘာ့အကာပိုင်းအပေါ်တွင် မျောနေသည်။

ဥပမာဆိုရလျှင် မြောက်အမေရိကတိုက်နှင့် တောင်အမေရိကတိုက်တို့သည် အတ္တလန္တိတ်သမုဒ္ဒရာ ဗဟိုချိုင့်ဝှမ်းမှ အနောက်ဘက်သို့ တစ်နှစ်လျှင် ပျမ်းမျှ ၂ ဒသမ ၅ လက်မခန့် မျောထွက်လျက်ရှိသည်။ ယင်းသို့ တိုက်ကြီးများ မျောနေခြင်းကြောင့် တိုက်ကြီးများအား ဖွဲ့စည်းတည်ဆောက်ထားသည့် ကျောက်လွှာချပ်ကြီးများ၏ မူလအခြေအနေကို ပျက်ယွင်းစေနိုင်သည်။ ထို့အပြင် ထိုသို့ရွေ့လျားနေစဉ် အောက်ခြေရှိစေးပျစ်နေသော အလွှာနှင့် ပွန်းတိုက်ခြင်းကြောင့်လည်း ဒဏ်အားကို ပိုဖြစ်စေသည်။ ယင်းဒဏ်အားသည် မြေလွှာကွဲအက်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မြေလွှာကျွံခြင်း စသည့် အချင်းအရာများကို သွယ်ဝိုက်သောနည်းဖြင့် အားပေးလျက်ရှိသည်။ ဤနည်းဖြင့် မြေလှုပ်ခြင်း၏ အခြေခံအင်အားကို စုစည်းနိုင်ပေသည်။

နောက်ဆုံးတွေ့ရှိချက်များအရ နိုင်ငံအလိုက် မြေလွှာအောက်တွင် ဖိနှိပ်ထားသော ကျောက်လွှာပြတ်ရွေ့ချပ်ကြီးများရှိသည့်အနက် မြန်မာနိုင်ငံမြေအောက်မှ ကျောက်လွှာပြတ်ရွေ့ချပ်ကြီးများသည် ငလျင်လှုပ်ရသည့်အကြောင်းအရင်းကို ဖြစ်စေခဲ့သည်။ အိန္ဒိယနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ရွေ့လျားနေသည့် အိန္ဒိယပြတ်ရွေ့ကျောက်လွှာထုနှင့် မြန်မာနိုင်ငံအတွင်းမှ ရွေ့လျားနေသည့် စစ်ကိုင်းပြတ်ရွေ့ ကျောက်လွှာထုတို့ ထိတွေ့မှုကြောင့် မြန်မာနိုင်ငံတွင် မြေလျင်ကဲ့သို့ လှုပ်ရှားမှုများဖြစ်ရသည်ဟု မြန်မာနိုင်ငံမှ ငလျင်ပညာရှင်တို့က သုံးသပ်ခန့်မှန်းထားသည်။ ။

# ရပ်ရွာအခြေပြုကျန်းမာရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးစီမံချက် လွှဲပြောင်းပေးအပ်

**တောင်တွင်းကြီး ဇန်နဝါရီ ၁၈**

တောင်တွင်းကြီးမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ရပ်ရွာအခြေပြုကျန်းမာရေးနှင့် ကြံ့ကြံ့ခံနိုင်စွမ်းမြင့်မားရေးစီမံချက် လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

စီမံချက်လွှဲအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင် မကွေးတိုင်းဒေသကြီး ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ တိုင်းတပ်ဖွဲ့မှူး ဦးကျော်နိုင်ဦး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကျန်းမာရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ သီတာကြူတို့က ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ မြို့နယ်အတွင်းရှိ စီမံချက်ကျေးရွာ ၁၀ ရွာတို့၌ ကျန်းမာရေး အသိပညာမြင့်မားရေးနှင့် အမူအကျင့်များ ပြောင်းလဲတိုးတက်ရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး အာဟာရဖွံ့ဖြိုးရေး၊ ခာတုလွတ်သီးနှံများ စိုက်ပျိုးခြင်း၊ အသေးစား အသက်မွေးဝမ်းကျောင်းလုပ်ငန်းပံ့ပိုးခြင်း၊ ရှေးဦးပြုစုခြင်း၊ လူနာညွှန်းပို့ခြင်း စသည့် ကျေးရွာအကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ ကျေးရွာအခြေပြု ကြက်ခြေနီ စေတနာ့လုပ်အားရှင်များ မွေးထုတ်သင်တန်းပို့ချခြင်းနှင့် ကျေးရွာကျန်းမာရေး ရန်ပုံငွေတည်ထောင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မြို့နယ်ကြက်ခြေနီအသင်းခွဲသို့ စီမံချက်အား လွှဲပြောင်းပေးအပ်ခဲ့ပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဒေါက်တာအောင်ဇော်မိုးက ကျေးရွာ ၁၀ ရွာသို့ စီမံချက်အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

၅၈၀

# အလှအပအတွက် ခွဲစိတ်ကုသမှု ခံယူခဲ့ဖူးခြင်း မရှိကြောင်း ကတ်တီပါရီ ဖွင့်ဟ

အမေရိကန်ပေါ့ပ်ကြယ်ပွင့် ကတ်တီပါရီက သူဟာ အလှအပအတွက် ဆာဂျရီလုပ်ဆောင်ခဲ့ဖူးခြင်းမရှိကြောင်းနဲ့ လေဆာကုထုံးတွေ၊ ဆေးထိုးကုသတာမျိုးတွေကိုသာ လုပ်ဆောင်ခဲ့ဖူးကြောင်း လတ်တလောမှာ ဖွင့်ဟလာခဲ့တာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကတ်တီပါရီက လူအများဟာ လှပမှုအတွက် ခွဲစိတ်ကုသပြုပြင်မှုတွေကို ခံယူလေ့ရှိပြီး အနည်းဆုံးအနေနဲ့ ပိုမိုကြည့်ကောင်းစေဖို့ နှာခေါင်းပြုပြင်တာမျိုးတွေ လုပ်ကြပေမယ့် သူကတော့ ပိုမိုလှပဖို့ရည်ရွယ်ကာ ခွဲစိတ်



ဓားအောက်ကို ရောက်ခဲ့ရတဲ့ အခိုက်အတန့် မရှိခဲ့ဘူးလို့ ဆာဂျရီနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ဆက်လက်ပြီး ပေါ့ပ်ကြယ်ပွင့်က သူ့ရဲ့ မျက်လုံးတစ်ဝိုက်က မည်းနေတာတွေကို ဖြေဖျောက်ဖို့အတွက် လေဆာရောင်ခြည်နဲ့ကုသခဲ့တာ၊ ဆေးထိုးကုသတာမျိုးတွေကို လုပ်ဆောင်ခဲ့ဖူးပြီး အလှကုန်အမျိုးမျိုးကို သုံးစွဲခဲ့တာမျိုးသာ အလှအပနဲ့ပတ်သက်ပြီး လုပ်ဆောင်ခဲ့ဖူးကြောင်းလည်း ဆိုပါတယ်။

အချို့သောသူတွေက ကတ်တီပါရီရဲ့ အလှအပဟာ အစစ်အမှန်မဟုတ်ဘဲ ပြုပြင်ယူထားတာဖြစ်ကြောင်း ဝေဖန်ခဲ့ကြတာနဲ့ ပတ်သက်ပြီးလည်း သူ့ရဲ့အလှဟာ အစစ်ဖြစ်တာကြောင့် ဘယ်သူတွေဘယ်လိုထင်ထင် သူ့အတွက်တော့ ပြဿနာမဟုတ်ကြောင်းလည်း ဆိုပါတယ်။ ဒါပေမယ့် ကိုယ်တိုင်ဆာဂျရီလုပ်ဆောင်ခဲ့ဖူးခြင်း မရှိပေမယ့် အလှအပအတွက် ခွဲစိတ်ပြုပြင်တာမျိုးကို ဆန့်ကျင်သူတစ်ယောက်တော့ မဟုတ်ဘူးလို့လည်း ဖွင့်ဟခဲ့ပါတယ်။

**ခင်ခင်သက်**



# အင်းလေးဒေသအလှ၊ ဇာတ်ဝင်တေးကောင်းများနှင့် လရောင်ဖြာတဲ့ အင်းလေးမှာ

ဆွေဇင်နေမင်း

***လတ်တလော ရုံတင်ဇာတ်ကားများထဲမှ လရောင်ဖြာတဲ့ အင်းလေးမှာ ဇာတ်ကားကို ရွေးကြည့်ဖြစ်ခဲ့သည်။ ကြည့်ပြီးနောက် ရုပ်ရှင်ခံစားမှုများကို စာဖတ်သူများထံ ဝေမျှပြောပြချင်သောစိတ်ဆန္ဒဖြင့် သည်စာကို ချရေးမိပြန်ပါပြီ။ ဇာတ်လမ်း စ၊ လယ်၊ အဆုံးအင်းလေး ဒေသ၏ အလှအပနှင့် အင်းလေးရိုးရာဓလေ့များကို သေသေချာချာရိုက်ကူးတင်ဆက်ထားသည်မို့ ဇာတ်ကားကြည့်ရင်း ဖန်တီးထုတ်လုပ် သူများ၏ စေတနာကို မြင်မိခဲ့သည်။ အသိအမှတ်ပြု ချီးကျူးရမည့် အချက်ပင်ဖြစ်သည်။***

***ဇာတ်လမ်းထဲတွင် အင်းလေးဒေသကို မြင်ကွင်းကျယ် တွေ့မြင်ရရုံမျှမက ဖောင်တော်ဦးဘုရား လှည့်လည်ပွဲ၊ ရိုးရာလှေပြိုင်ပွဲများ၊ အင်းလေးရိုးရာ ရက်ကန်းလုပ်ငန်းများနှင့် ရိုးရာတိုက်တေးပွဲများကိုပါ အသေးစိတ် စနစ်တကျဖြစ်အောင် ထည့်သွင်းရိုက်ကူးထားခြင်းကြောင့် ကြည့်ရှုသူ ပြည်တွင်းခရီးသွားဧည့်သည်များသာမက နိုင်ငံခြားခရီးသွားဧည့်သည်များပါ ယခင်ကထက်ပိုမိုပြီး အင်းလေးဒေသကို စိတ်ဝင်စားမည်ဟု ထင်မြင်မိသည် . . .***

ထို့ပြင် အင်းလေးဒေသအလှအပများနှင့် ဇာတ်ဝင်တေးသီချင်းများသည် လွန်စွာလိုက်ဖက်မှုရှိသည်ကို တွေ့ရသည်။ ထူးခြားချက်အနေဖြင့် ဘဝသံသရာ တံတားအထိ သွားရောက်ရိုက်ကူးပြထားသော ဇာတ်ဝင်ခန်းတစ်ခုကို တွေ့မြင်ခဲ့ရပြီး နှစ်သက်ခဲ့ရပြန်သည်။

ရုပ်ရှင်ကားတစ်ကား ဆိုသည်ထက် ရောင်စုံ၊ ဓာတ်ပုံကားချပ်များကို လှန်လှော ကြည့်နေရသည့် ခံစားမှုမျိုးဖြစ်သည်။ ရိုက်ကူးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ရုပ်၊ သံအရည်အသွေးကောင်းသော ဇာတ်ကားတစ်ခုလည်း ဖြစ်သည်။ ကောင်းမွန်သော ကွန်ပျူတာအထူးပြုလုပ်ချက်များ၊ မိတ်ကပ်အထူးပြုလုပ်ချက်များလည်း တွေ့မြင်ရသည်။

သို့ရာတွင် ဇာတ်လမ်းကျောရိုးကမူ ဆွဲဆောင်မှုနည်းသည်ဟုပြောရမည့် ဇာတ်ကားဖြစ်သည်။ ဇာတ်ကြောရှည်လွန်းသည့် ဇာတ်မျောကြီးဖြစ်နေခြင်းမှာလည်း ဇာတ်လမ်းကို အားနည်းစေသည့်အပြင် အင်းလေးဒေသအလှအပများနှင့် ဇာတ်လမ်းမှာဆက်စပ်မရသည့် အနေအထားဖြစ်သည်။

ဇာတ်လမ်းအကျဉ်းချုပ်ကို ပြောပြရလျှင် အင်းလေးဒေသမှ ဒဏ္ဍာရီဆန်သောအချစ်ဇာတ်လမ်းတစ်ပုဒ်ဟု ဆိုရပေလိမ့်မည်။ နာမည်ကြီး အင်္ဂလိပ်ဇာတ်ကားဖြစ်သော Twilight ကဲ့သို့ အသွင်ပြောင်းလူသားဇာတ်ရုပ်များပါရှိပြီး ဇာတ်လမ်း၏ အစပိုင်းကို လျှို့ဝှက်ဆန်းကြယ်မှုဖြင့် စတင်ထားသည်။

သို့သော် ဇာတ်လမ်းဖွဲ့စည်းမှု၏ ဇာတ်လမ်း အစ၊ လယ်၊ အဆုံးကို သုံးသပ်မိသည့်အခါ နာမည်ကြီး အိန္ဒိယဇာတ်ကားတစ်ခုဖြစ်သော Doom 3 နှင့် အခြေခံဇာတ်ကျောရိုး ဆင်တူနေသည်ဟု တွေးတောမိသည်။

Doom 3 ဇာတ်ကားတွင် ဖခင်ဖြစ်သူက ဆပ်ကပ်ပညာရှင်၊ မျက်လှည့်ပညာရှင်ဖြစ်နေပြီး အမွှာညီအစ်ကို နှစ်ယောက်အနက် တစ်ယောက်ကို လျှို့ဝှက်ထားခဲ့သည်။ ထို့အတူ လရောင်ဖြာတဲ့ အင်းလေးမှာဇာတ်ကားတွင်လည်း ဖခင်ဖြစ်သူက ဆေးသုတေသနပညာရှင်ဖြစ်နေပြီး အမွှာညီအစ်ကို နှစ်ယောက်မှာ တစ်ယောက်က လျှို့ဝှက်နေထိုင်သူ ဖြစ်သည်။ ဇာတ်ကားနှစ်ခုလုံးတွင် အစ်ကိုက စဉ်းစားတွေးခေါ်မှုမြင့်မားသူဖြစ်ပြီး ညီဖြစ်သူက မိမိစိတ်ထင်ရာ လုပ်ဆောင်တတ်သူ၊ ရှေ့နောက်တွေးခေါ်စဉ်းစားမှုမရှိသူ ဖြစ်သည်။

ထို့ပြင် အဓိကဇာတ်ဆောင် နေတိုး၏ ဇာတ်ဆောင်စရိုက်အခွဲများသည် Doom 3 ဇာတ်ကားမှ မင်းသားAamir Khan ၏ ဇာတ်ကောင်စရိုက်များပုံစံနှင့် အလွန်ဆင်တူနေသည်ဟု ရုပ်ရှင်ကြည့်ရင်းခံစားရပြန်သည်။ ဇာတ်လမ်း၏ ကာလ၊ ဒေသ နောက်ခံအခြေအနေ ကွဲပြားခြင်းမှလွဲ၍ ညီအစ်ကိုနှစ်ယောက်တွေ့ဆုံစကားပြောခန်းများတွင်လည်း Doom 3 ဇာတ်ကားထဲမှ ဒိုင်ယာလော့ခ်များနှင့် ဆင်တူနေသည်ဟု ထင်မှတ်ရသည်။

သရုပ်ဆောင် နေတိုးအနေဖြင့်လည်း သရုပ်ဆောင်ချက်များသည် ဇာတ်ညွှန်းနှင့် ဇာတ်လမ်းအရ ဒါရိုက်တာ၏ခိုင်းစေမှုလား သို့မဟုတ် ကိုယ်ပိုင်စိတ်ကူးနှင့် စိတ်တိုင်းကျ လုပ်ဆောင်ခြင်းလားဆိုသည်မှာ စိတ်ဝင်စားစရာကောင်းသော အချက်တစ်ခုဖြစ်ခဲ့သည်။

သရုပ်ဆောင်ပညာ ပြည့်ဝနေသူဖြစ်ပါလျက် ဇာတ်ကောင်စရိုက်များကို ခွဲထွက်သည့်နေရာမှာ ကိုယ်ပိုင်ပုံစံဖြင့် ကွဲထွက်မမြင်ရခြင်းကြောင့် နေတိုး၏ သရုပ်ဆောင်မှုများကို ကြည့်ရင်း မချင့်မရဲဖြစ်ခဲ့ရသည့် ဇာတ်ဝင်ခန်းများဟု ဆိုရမည်။



ရုပ်ရှင်၏ ဇာတ်သိမ်းပိုင်း ဇာတ်ဝင်ခန်းဖြစ်သည့် မင်းနောင်ရိုးနှင့် ထက်နောင်ရိုး တွေ့ဆုံခန်းကို မြင်တွေ့ရသည့်အခါ မြန်မာရုပ်ရှင်များထဲက နာမည်ကြီးဇာတ်ကားတစ်ခုဖြစ်သော ညမင်းသားဇာတ်ကား၏ ဇာတ်သိမ်းဇာတ်ဝင်ခန်းကို သတိရမိပြန်သည်။ ညီအစ်ကိုနှစ်ယောက်၏ ချစ်ခြင်းမေတ္တာနှင့် ဇာတ်သိမ်းခန်းသည် ဆင်တူသယောင်ရှိနေပြီး ထိုဇာတ်ဝင်ခန်းသည် ပရိသတ်အချို့၏ မျက်ရည်ကို ခြွေသည့် ဇာတ်ဝင်ခန်းတစ်ခုဖြစ်ခဲ့သည်။

နိဂုံးချုပ်ရေးသားရပါလျှင် လရောင်ဖြာတဲ့ အင်းလေးမှာဇာတ်ကားသည် ရုပ်ရှင်တစ်ကားဖြစ်ခြင်းထက် အင်းလေးဒေသ၏ ရောင်စုံပန်းချီကားချပ်များကို တစ်ခုချင်းလှန်လှောကြည့်စေသောဇာတ်ကားဟုသာ ဆိုရပါမည်။ ထို့ပြင် အင်းလေးဒေသဇာတ်ဝင်ခန်းများနှင့် အလွန်လိုက်ဖက်သည့် ဇာတ်ဝင်တေးသီချင်းကောင်းများကိုလည်း ကြည့်ရှုခံစားရသော ဇာတ်ကားဖြစ်သည်။ ပရိသတ်စိတ်ကြိုက် ဇာတ်လမ်း၏ အကောင်းဆုံးအပိုင်းများကို ရွေးထုတ်ပြောပြရလျှင် ဇာတ်ဝင်တေးသီချင်းကောင်းများနှင့် အင်းလေးအလှဟု ဆိုရပေမည်။

ဇာတ်လမ်းဖန်တီးမှု အားနည်းချက်များကို ချန်လှပ်၍ချီးကျူးစကားဆိုရလျှင် အင်းလေးဒေသနှင့် ရိုးရာယဉ်ကျေးမှုများကို ရုပ်ရှင်တစ်ကားအဖြစ် ဆက်စပ်ပုံဖော်ခဲ့သော ဖန်တီးထုတ်လုပ်သူများ၏စေတနာကိုမူ အသိအမှတ်ပြုရမည့် ဇာတ်ကားတစ်ကားပင်ဖြစ်ပါသည်။

## ကော့သောင်းမြို့တွင် ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကျင်းပရေး တွေ့ဆုံညှိနှိုင်းဆွေးနွေး

**ကော့သောင်း ဇန်နဝါရီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ဇန်နဝါရီ ၁၇ ရက် ညနေပိုင်းတွင် ကော့သောင်းမြို့ မဥ္ဇူသက ပြည်သူ့ခန်းမ၌ ဖေဖော်ဝါရီလအတွင်း ကော့သောင်းမြို့တွင် ခရီးသွားနှင့်ရင်းနှီးမြှုပ်နှံမှုပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကော့သောင်းဒေသဖွံ့ဖြိုးတိုးတက်လာရေး အဓိကလုပ်ငန်းအဖြစ် ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ နိုင်ငံတကာမှ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံလာကြစေရေး ရည်ရွယ်ကာကျင်းပရခြင်းဖြစ်ကြောင်း၊ ဒေသထွက်ကုန်နှင့် အစားအစာများ၊ ဒေသအတွင်း သဘာဝမှ ပေးအပ်ထားသည့် ပတ်ဝန်းကျင် ပင်လယ်ကျွန်းအလှအပများတွင် ဧည့်သည်များ လာရောက်ရင်းနှီးမြှုပ်နှံ ချင်စဖွယ် ကမ္ဘာအနှံ့အထိ သိနိုင်မြင်နိုင်ရန် ယခုကျင်းပမည့်ပွဲတော်အား နည်းလမ်းပေါင်းစုံဖြင့် ကြော်ငြာအားကောင်းစွာ အသုံးပြုကြစေချင်ကြောင်း၊ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုနှင့် ဒေသငြိမ်းချမ်းရေး ဆက်စပ်လျက်ရှိသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာရေးရည်ရွယ်ကျင်းပသည့် အဆိုပါပွဲတော်အား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ဝိုင်းဝန်းအားထုတ်ကြစေလိုကြောင်း မှာကြားသည်။

ယင်းနောက် ခရီးသွားနှင့်ရင်းနှီးမြှုပ်နှံမှုပွဲတော် ကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုအေးက ပွဲတော်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု အစီအမံများအား ရှင်းလင်းတင်ပြပြီး အခမ်းအနား တက်ရောက်လာသည့် ခရီးသွားလုပ်ငန်းရှင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ထေးငှားလျားကန် သာယာလှပရေးနှင့် အများပြည်သူ အပန်းဖြေနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေး

**လှိုင်ကော် ဇန်နဝါရီ ၁၈**

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ လွိုင်ကော်မြို့ရှိ ထေးငှားလျားကန် သာယာလှပရေးနှင့် အများပြည်သူ အပန်းဖြေနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီက ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ဖြူ၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးအောင်မောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ထေးငှားလျားကန် သာယာလှပရေးနှင့် အများပြည်သူ အပန်းဖြေနိုင်ရေးအတွက် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ တင်ဒါဖြင့် ဆောင်ရွက်နေသည့် ထေးငှားလျားကန် ကန်ပတ်လမ်း၊ နားနေဆောင်၊ လူကူးတံတားနှင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်နေမှု အခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး အများပြည်သူအတွက် အနားယူအပန်းဖြေနိုင်သော နေရာတစ်ခုအဖြစ် ဆောင်ရွက်နိုင်ရေးမှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုင်းရင်းသားရေးရာဝန်ကြီးဌာန ကယားပြည်နယ် ညွှန်ကြားရေးမှူးရုံး တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ နောင်ယားကန်သာတွင် ညစျေးတန်း ရောင်းချနိုင်ရေးအတွက် မြေနေရာဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရေး၊ ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး မှာကြားခဲ့သည်။

ကန်ပတ်လမ်းနှင့် နားနေဆောင်အတွက် ငွေကျပ် ၁၅၇၆ သိန်း၊ လူကူးတံတားအတွက် ငွေကျပ် သိန်း ၉၈၀၊ ကန်ပတ်လမ်း မီးရရှိရေးအတွက် Transformer တစ်လုံးအတွက် ငွေကျပ် ၁၃၅ ဒသမ ၂ သိန်း၊ ဓာတ်အားလိုင်းအတွက် ငွေကျပ် ၃၇၇ ဒသမ ၇ သိန်းဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။ **ပြည်နယ် ပြန်/ဆက်**

## ဘေးပေါင်ပျောက်နီးပါး မျက်နှာပြင်ပါဝင်သော ဈေးနှုန်းသင့်တင့်သည့် စမတ်ဖုန်းတစ်မျိုးကို Meizu မိတ်ဆက်

ဖုန်းမျက်နှာပြင်ကို ဖန်သားအစစ်နှင့် ကိုယ်ထည်ပိုင်း အလူမီနီယမ်သတ္တုဖြင့် ဖန်တီးထားသည့် 18:9 မျက်နှာပြင်နှင့် ၂၀၁၈ ခုနှစ် နှစ်သစ်တွင် Meizu မှ ၎င်း၏စမတ်ဖုန်းသစ် M6s ကို တရားဝင် မိတ်ဆက်ပေးလိုက်ပြီဖြစ်သည်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၇ လက်မရှိကာ Exynos 7872 Chipset အသစ်ကို တပ်ဆင်ပေးထားပြီး ထူးခြားချက်မှာ ဖုန်း၏ လက်ဗွေစနစ်အား ဘေးဘက်တွင် ထည့်သွင်းထားခြင်းဖြစ်သည်။

Android စနစ် 7.0 မောင်းနှင်မည်ဖြစ်ပြီး Hexa-Core Exynos 7872 ပရိုဆက်ဆာတွင် Core ခြောက်လုံးပါဝင်လာကာ Mali-G71 MP3 ဂရပ်ဖစ်ပရိုဆက်ဆာ တပ်ဆင်ပေးထားသည်။ RAM ပါဝင်မှု 3GB ရှိပြီး အချက်အလက် သိုလှောင်သိမ်းဆည်းမှုအတွက် 32GB သို့မဟုတ် 64GB နှစ်မျိုးရရှိနိုင်ပြီး Micro SD 256 GBအထိ ထပ်မံတိုးချဲ့ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

အရှေ့ဘက်နှင့် ကျောဘက်တွင် ကင်မရာတစ်လုံးစီသာ ထည့်သွင်းပေးထားပြီး ကျောဘက်ကင်မရာ 16MP နှင့် အရှေ့ဘက်ကင်မရာ ၈ MP ပါဝင်ကာ လှပကောင်းမွန်သည့် Selfie ရိုက်ကူးနိုင်မှုစနစ်များ ထည့်သွင်းပေးထားသည်။ မြန်ဆန်သည့် အားသွင်း စနစ်ပါဝင်သော 3000 mAh ဘက်ထရီတပ်ဆင်ပေးထားပြီး ၁ နာရီအတွင်း ၅၀ ရာခိုင်နှုန်းကျော် ပြန်လည်အားဖြည့်သွင်းနိုင်မည်ဟုသိရသည်။ ရရှိနိုင်သောအရောင်များမှာ ရွှေရောင်၊ ငွေရောင်၊ အနက်ရောင်နှင့် အပြာရောင် လေးမျိုးရရှိနိုင်ပြီး ဈေးနှုန်းသတ်မှတ်ချက်မှာ 32GB အမျိုးအစားအတွက် အမေရိကန်ဒေါ်လာ ၁၅၅ နှင့် 64GB အမျိုးအစားအတွက် အမေရိကန်ဒေါ်လာ ၁၈၆ တို့ဖြစ်သည်။

ALEX




## ဒေါ်လာနှစ်သန်းနီးပါး တန်ဖိုးရှိသည့် စမတ်နာရီကို Tag Heuer ထုတ်လုပ်



နာရီ၏ကိုယ်ထည်နှင့် လက်ပတ်ကြိုးကို 18K ပမာဏရှိသော ပလက်တီနမ်ဖြင့် ပြုလုပ်ထားသည့် အဆိုပါ ဈေးအကြီးဆုံးစမတ်နာရီ၏ အမည်မှာ TAG Heuer Connected Modular 45 Full Diamond ဟု သိရသည်။ ကမ္ဘာတစ်ဝန်း ထုတ်လုပ်ခဲ့ပြီးသော Android စနစ်သုံး စမတ်နာရီများထဲတွင် ၎င်းစမတ်နာရီသည် ဈေးအကြီးဆုံးစာရင်းဝင်ခဲ့ပြီး လွန်ခဲ့သည့်နှစ်က ထုတ်လုပ်ခဲ့သော Connected Modular 45 စမတ်နာရီမှာ အမေရိကန်ဒေါ်လာ ၁၆၀၀ တန်ဖိုးရှိပြီး ယခုအခါ အဆိုပါ နာရီ၏ အခြေခံ ဒီဇိုင်းကိုပင် စိန်နှင့် ရွှေဖြူတို့ အသုံးပြုကာ ပြန်လည်ထုတ်လုပ်လိုက်ခြင်း ဖြစ်သည်ဟု သိရသည်။ စိန်ပေါင်း ၅၈၉ လုံး ထည့်သွင်းပေးထားပြီး ၂၃ ဒသမ ၃၅ ကာရက်အလေးချိန်ရှိကာ ဂျီနီဗာမြို့တွင်ကျင်းပခဲ့သည့် ပြပွဲ၌ အမေရိကန်ဒေါ်လာ ၁၉၇၀၀၀ တန်ဖိုးရှိသော အဆိုပါစမတ်နာရီကို မိတ်ဆက်ပေးခဲ့ခြင်းဖြင့် ကမ္ဘာ့ဈေးအကြီးဆုံး စမတ်နာရီတစ်လုံးဖြစ်လာခဲ့သည်။ Android 2.0 စနစ်သုံး စမတ်နာရီဖြစ်ပြီး အခြားစမတ်နာရီများကဲ့သို့ စမတ်ဖုန်းနှင့်ချိတ်ဆက်အသုံးပြုနိုင်ခြင်း၊ ကြိုးမဲ့ချိတ်ဆက်မှုစနစ်၊ ကျန်းမာရေးသတိပေးမှု၊ တည်နေရာအချက်ပြဆက်သွယ်မှုစနစ်များနှင့် ဖုန်းခေါ်ခြင်းနှင့် လက်ခံပြောဆိုခြင်း အစရှိသော စနစ်များပါဝင်ပြီး ယခင်ကထုတ်လုပ်ခဲ့သည့် စမတ်နာရီများတွင် သုံးစွဲသူများအတွက် အဆင့်မြှင့်တင်ခြင်းစနစ်များကို ပြုလုပ်ပေးခဲ့ပြီး ယခုထုတ်လုပ်လိုက်သည့် စမတ်နာရီတွင် အဆိုပါစနစ်ပါဝင်ခြင်းရှိ-မရှိကို တရားဝင်ထုတ်ပြန်ထားခြင်းမရှိသေးချေ။

ယခင်က ကမ္ဘာ့ဈေးအကြီးဆုံးစမတ်နာရီကို Louis Vuitton မှ ထုတ်လုပ်ထားသည့် Tambour Horizon အမည်ရ စမတ်နာရီက အမေရိကန်ဒေါ်လာ ၂၄၅၀ တန်ဖိုးဖြင့် ရပ်တည်နေခဲ့ပြီး ယခု TAG Heuer Connected Modular 45 Full Diamond စမတ်နာရီမှာ အမေရိကန်ဒေါ်လာ ၁၉၇၀၀၀ တန်ဖိုးဖြင့် ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့ဈေးအကြီးဆုံး စမတ်နာရီဖြစ်လာခဲ့သည်။

ALEX

## စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဆွေးနွေး

**အင်ဂျန်းယန် ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ် ဇွတ်မိုင်ယန် ကျေးရွာနေပြည်သူများအား စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်၍ တစ်ရက်တာ အသိပညာပေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီက အင်ဂျန်းယန်မြို့ ဇွတ်မိုင်ယန် ကျေးရွာ စုပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဦးသိုက်ထွန်းက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲပြီး မှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိန်လင်းက ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများတွင် ရာသီဥတုနှင့် ကိုက်ညီသည့် ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးရာတွင် သိထားသင့်သည်များအားလည်းကောင်း၊ မွေးမြူရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာထိန်းလင်းက လယ်ယာသုံးကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သည့် ရောဂါများနှင့် စီးပွားဖြစ်မွေးမြူသည့် နို့စားနွား၊ ကြက်၊ ဘဲများတွင် ဖြစ်ပွားတတ်သည့် ရောဂါများနှင့် ရောဂါမဖြစ်ပွားစေရန် ကာကွယ်ရန် နည်းလမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာနေပြည်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး မြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ခေတ္တဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်နှင့် ပိုစတာများကို ကျေးလက်နေပြည်သူများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး အခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူ ၃၅ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သူရိန်စိုး (ကချင်မြေ)**

# တောင်ဇလပ်မြေက တိုင်းရင်းသားတို့အားထားရာ ရေသယံဇာတအကျိုးပြု ဆည်မြောင်းလုပ်ငန်းများ

မင်းလပြည့်

ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက် ဟူသော ဆိုရိုးစကားရှိပါသည်။ လူသားတို့ အသက်ရှင်ရပ်တည်ရေးအတွက် ရေသည် အလွန်အရေးကြီးပေသည်။ တောင်ကုန်းတောင်တန်းများ ထူထပ်သော ချင်းပြည်နယ်သည်လည်း မြစ်ချောင်းများ၊ တောင်ကျချောင်းရေများဖြင့် ပေါကြွယ်သော ဒေသတစ်ခုဖြစ်ပါသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းတွင် တည်ရှိပြီး ဧရိယာအကျယ်အဝန်း ၈၉၀၀၀၄၅၉ ဧကရှိပြီး စတုရန်းမိုင်အားဖြင့် ၁၃၉၀၆ ဒသမ ၉၇ မိုင် ကျယ်ဝန်းပါသည်။ ချင်းပြည်နယ်၏ အရှေ့ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တောင်ဘက်တွင် ရခိုင်ပြည်နယ်၊ မြောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ် ထိစပ်လျက်ရှိပါသည်။ ချင်းပြည်နယ်သည် တောင်ကုန်းတောင်တန်းထူထပ်သော ဒေသဖြစ်ပြီး မြောက်ဘက်တွင် ပေ ၈၀၀၀ ကျော်၊ တောင်ဘက်တွင် ပေ ၁၀၀၀၀ ကျော် မြင့်မားသော တောင်ကြောများသည် ချင်းပြည်နယ်၏အလယ်ဗဟိုမှ ရေဝေကုန်းတန်းများအဖြစ် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိပြီး ပြည်နယ်၏ အလယ်ဗဟိုသို့ ရောက်သောအခါ အနောက်ဘက်သို့ ယိမ်းသွားပါသည်။

အမြင့်ဆုံးတောင်မှ ဝိတိုရိယ(ခ)ခေါ်နူးသုမ်(ခ)နတ်မတောင်ဖြစ်ပြီး ပေ ၁၀၅၀၀ ရှိပါသည်။ အရှည်ဆုံးမြစ်မှာ ကုလားတန်မြစ်ဖြစ်ပါသည်။ ချင်းပြည်နယ်အတွင်း ဘွေနူးမြစ်၊ ကုလားတန်မြစ်၊ လေမျိုမြစ်၊ မဏိပူရမြစ်တို့သည် ထင်ရှားသော မြစ်များဖြစ်ပါသည်။ ဘွေနူးမြစ်သည် ဖလမ်းမြို့နယ်တွင် မြစ်ဖျားခံ၍ ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်အကြား တောင်ဘက်သို့စီးဆင်းပြီး ထန်တလန်မြို့နယ်မှ အိန္ဒိယနိုင်ငံအတွင်း စီးဝင်သည်။ ကုလားတန်မြစ်သည် ပလက်ဝမြို့ကိုဖြတ်၍ ရခိုင်ပြည်နယ်အတွင်းသို့ စီးဝင်သည်။ မဏိပူရမြစ်သည် အိန္ဒိယနိုင်ငံကို မြစ်ဖျားခံ၍ တွန်းဇံမြို့နယ်၊ တီးတိန်မြို့နယ်၊ ဖလမ်းမြို့နယ်များကို ဖြတ်သန်းပြီး ကလေးမြို့တွင် မြစ်သာမြစ်အတွင်းသို့ စီးဝင်လျက်ရှိပါသည်။

ထိုကဲ့သို့ ရေသယံဇာတ ပေါများသော်လည်း တောင်တန်းထူထပ်သည့် ဒေသဖြစ်သောကြောင့် စိုက်ပျိုးရေး၊ သောက်သုံးရေရရှိရေးနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးတို့အတွက် ထိရောက်စွာ အသုံးပြုနိုင်ရေး၊ သဘာဝရေသယံဇာတများ လေလွင့်ပြုန်းတီးမှုမဖြစ်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် တမံငယ်များ၊ ရေသွယ်မြောင်းများ၊ ရေတံခါးငယ်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ချင်းပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ပြည်နယ်တွင်းရှိ မြို့နယ်အသီးသီးတွင် စိုက်ပျိုးရေ ပေးဝေနိုင်ရေးအတွက် ကျေးရွာဆည်မြောင်းလုပ်ငန်းများ ကွင်းဆင်းလေ့လာတိုင်းတာတွက်ချက်ခြင်း၊ အသစ် တည်ဆောက်ခြင်းနှင့်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဒေသလိုအပ်ချက်အရ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ချင်းပြည်နယ်ရုံးကို ၁၉၈၂ခုနှစ် ဇွန်လ (၇) ရက်နေ့တွင် ဦးစီးအရာရှိရုံးအဖြစ် ဟားခါးမြို့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၉၂ခုနှစ်၊ အောက်တိုဘာ (၂၉) ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူးအဆင့်သို့လည်းကောင်း တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံး အုပ်ချုပ်မှုအောက်တွင် ဟားခါး၊ ထန်တလန်မြို့နယ်များအတွင်း ဆည်မြောင်းလုပ်ငန်းများဆောင်ရွက်ရန် ဦးစီးအရာရှိရုံး၊ ဟားခါးမြို့အပြင် ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်များအတွင်း ဆည်မြောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဖလမ်းမြို့ ဦးစီးအရာရှိရုံးကို ၁၉၉၅-၉၆ခုနှစ်တွင်လည်းကောင်း၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်နှင့် ပလက်ဝမြို့နယ်များအတွင်း ဆည်မြောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မင်းတပ်မြို့ဦးစီးအရာရှိရုံးကို (၂၀၀၀-၂၀၀၁) ခုနှစ်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပါသည်။

ချင်းပြည်နယ် ဖလမ်းမြို့နယ်ရှိ လိုင်ဗားရေလှောင်တမံသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၃၀၀ ခန့်တွင်တည်ရှိ၍ တလန်းဇာရ်းကျေးရွာအနီး လိုင်ဗားချောင်းပေါ်တွင် တည်ရှိပါသည်။ ရေဆင်းဧရိယာ ၃ ဒသမ ၂၄ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၇၂ ဒသမ ၃၀လက်မရှိပြီး တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစားဖြစ်၍ တမံအမြင့် ၇၅ ပေ၊ တမံထိပ်အကျယ်(၂၀)ပေ၊ ကန်ရေပြည့်ရေလှောင် ပမာဏ ၁၈၈၁ ဧကပေ၊ ကန်ရေသေရေလှောင်ပမာဏ ၁၀၃ ဧကပေ ရှိပါသည်။ ယခုနှစ်တွင် ရေပိုမို သိုလှောင်နိုင်ရန် Hydraulic System ဖြင့် တင်/ချနိုင်သော ရေတံခါးကို ရေပိုလွှဲတွင် ထပ်မံတပ်ဆင်နိုင်ခဲ့၍ ရေ ၂၂၇ ဧကပေ ပိုမိုသိုလှောင်နိုင်ခဲ့ပါသည်။ ရေအားလျှပ်စစ် ၆၀၀ ကီလိုဝပ်အထိ ထုတ်လုပ်ပေးလျက်ရှိပြီး နှစ်စဉ်ပျမ်းမျှ ၂ ဒသမ ၈ သန်း ကီလိုဝပ်နာရီအား ထုတ်လုပ်ပေးလျက်ရှိသဖြင့် စိုက်ပျိုးရေးအတွက် ရေပေးဝေခြင်းသာမက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက်လည်း အကျိုးရှိသော ရေလှောင်တမံတစ်ခုဖြစ်သည်။

> ဒေသခံပြည်သူများအတွက် သီးနှံစိုက်ပျိုးရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးတို့အတွက်ကြိုးပမ်းဆောင်ရွက် . . .

နိုင်ငံတော်အစိုးရမှ ၁၉၉၀-၁၉၉၁ ခုနှစ်တွင် စီမံကိန်းစတင်ခဲ့ပြီး ၁၉၉၄-၁၉၉၅ ခုနှစ်တွင် စီမံကိန်းပြီးစီးခဲ့ပါသည်။ ယခုအခါ ဖလမ်းမြို့နယ်ရှိ လူဦးရေ ၅၀၀၀၀ ကျော်အား ရေပေးဝေနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ပြည်သူများအတွက် အကျိုးရှိသော ကျေးရွာ ဆည်လုပ်ငန်းများကိုလည်း စီမံချက်ချမှတ် ဆောင်ရွက်ပေးလျက်ရှိပေသည်။ တောင်ကျချောင်းရေများအား ပိုက်ဖြင့် အဆင့်ဆင့်သွယ်ယူ၍ ကျေးရွာများရှိ လယ်မြေဧကပေါင်း ၁၁၁၀၀ ဧကအား ရေပေးဝေ ဆောင်ရွက်လျက်ရှိပါသည်။ ဟားခါးခရိုင်အတွင်း လုပ်ငန်း ၃၇ ခု၊ ဖလမ်းခရိုင်အတွင်း ၄၃ ခု၊ မင်းတပ်ခရိုင်အတွင်း ၁၈ ခု စုစုပေါင်း ဆည်မြောင်းလုပ်ငန်း ၉၈ ခုနှင့် ဌာနမှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသော လိုင်ဗားရေလှောင်တမံအပါအဝင်လုပ်ငန်း ၉၉ ခုအား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

ဟားခါးမြို့ရှိ ရှန်းတောင်စိမ်းလန်းစိုပြည်ရေးအတွက် တော်လှန်ရေးရေကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်း၊ ကျောက်စီခြင်း လုပ်ငန်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ တာပေါင်ဖို့ခြင်း လုပ်ငန်းနှင့် ရေတံခါးတပ်၊ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၇ခုနှစ်အတွင်း လုပ်ငန်းပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ထန်တလန်မြို့နယ် သီကီးရ်ကျေးရွာရှိ ဒေသခံ ပြည်သူများ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေး အတွက် အလျားပေ ၅၀၀၊ အမြင့် ၇၅ ပေရှိသော မြေသားရေလှောင်တမံကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၃) မှ လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကုန်တွင် လုပ်ငန်းပြီးစီးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းပြီးစီးပါက ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသောဓလေ့မှ ကုန်းမြင့်လယ်ယာများ စနစ်တကျဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။

